# တရိုဝေဒ




ဦးငြိမ်းအောင်
(ဆရာဖေဒ)

၃၄
666

ဂ/၁၃၃.၃
ဦးမ.

နိုင်ငံ့ ပြည်သူ့စာကြည့်တိုက် SARPAY BEIKMAN PUBLIC LIBRARY

# တရိုဝေဒ

# THE MAGIKAL TAROT


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၁၇/၉၅ (၆) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၅၄၄/၉၅ (၉) |
| အုပ်ရေ | (၁၀၀၀) |
| တန်ဖိုး | ၁၅၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | ကြည်မြင့် (ဆေးသုတေသန) |
| ပုံနှိပ်သူ | တင်ရွှေစာပေ (၀၄၅၉၃)<br>၃၉၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်၊<br>ရန်ကုန် (ဖုံး-၀၁/၃၁၈၅၁) |
| ထုတ်ဝေသူ | ဦးမြင့်ဦး<br>မင်းလှစာပေ၊ (၀၈၁၇)<br>၃၀၂ ကုသစ်မြိုင်လမ်း<br>၂၅ ရပ်ကွက် သုဝဏ္ဏမြို့၊ ရန်ကုန်။ |
| ရက်စွဲ | ၁၉၉၆၊ ဖေဖော်ဝါရီလ |

## နိဒါန်း

ယနေ့ကမ္ဘာတွင် အထင်ရှားဆုံးရှေ့ဖြစ်ဟောနည်းကျမ်းတစ်စောင်ကို ရွေးချယ်ပေးပါဟု ဆိုလာပါက တာရော့ရှေ့ဖြစ်ဟောနည်းစာအုပ်ကို ညွှန်ပြရပါလိမ့်မည်။

ဤစာအုပ်ဟာ နှစ်ပေါင်းများစွာကတည်းက အနောက်တိုင်း၌ ထင်ရှားနေခဲ့၍ ယခု အရှေ့တိုင်းများပါ ထင်ရှားကျော်ကြားလာသောကြောင့် ဖြစ်၏။ ၁၉၉၁ ခုနှစ်က စာရေးသူဗြိတိန်နိုင်ငံကို ရောက်ခဲ့ရာ ဗေဒင်လက္ခဏာစာအုပ်ဆိုင်တွင် ဤတာရော့ဗေဒင်နှင့်ပတ်သက်၍ ရေးသားထားသောစာအုပ်များကိုသာ အဓိက မြင်တွေ့ခဲ့ပါသည်။ တာရော့ဗေဒင်စာအုပ်အမျိုးပေါင်း ၃၀ မကရှိ၍ ဗေဒင်ကားချပ်အမျိုးပေါင်း ၂၀ကျော် ရှိသည်ကို သတိထားမိပါသည်။ ယင်းတို့အနက် ယခု ဆရာဝေဒ ဘာသာပြန်ဆိုထားသော တာရော့ဗေဒင် စာအုပ်များထဲမှ လူကြိုက်အများဆုံးဟု ထင်ရသော အကြိမ်အများဆုံး ရိုက်နှိပ်ထားသည့် ဤစာအုပ်ကိုရွေးချယ် ဝယ်ယူခဲ့မိပါသည်။ ၁၉၉၄-၉၅ နှစ်များ၌ စာရေးသူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်သွားစဉ်မှာလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ဗေဒင်ကျမ်းစာအုပ်များထဲတွင် ဤတာရော့ဗေဒင်စာအုပ်များက စာအုပ်စင်၌ နေရာအများဆုံးကို ယူထားသည်ကို တွေ့ရပါသည်။ နောက်ဆုံးထုတ်ဝေထားသော တာရော့ ဗေဒင်စာအုပ် သုံးတွဲဟာဆိုလျှင် အလွန်ခံ့ညားထူထဲတင့်တယ်ရုံမက တန်ဖိုးအားဖြင့်လည်း $ ၁၅၀ (ကျပ် ၁၅၀,၀၀၀) သတ်မှတ်ထားသည်ကို တွေ့ရပါသည်။

သို့ကြောင့် ဆရာဝေဒ၏ ဤတာရော့ဗေဒင်ကျမ်းစာကို ကျွန်တော်တို့ စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိ ခွင့်ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဤစာအုပ်ဟာ ရှေ့ဖြစ်ဟောပညာရှင်များအတွက်သာမက ဤပညာကို ဝါသနာပါသော အပျော်တမ်း လေ့လာလိုကြသော ပညာတတ်မောင်မယ်တို့အတွက်ပါ အသုံးဝင်မည်ဖြစ်ပါ၍ ပို၍ ဂုဏ်ယူမိပါ၏။

စာအုပ်ဝယ်ယူသူများကို အထူးလေးစားလျက်
ဆရာဝန်တင်ရွှေ
တင်ရွှေစာပေ



## မာတိကာ


စာမျက်နှာ

ကျမ်းဦးမိတ်ဆက် ၅

အပိုင်း (၁)

အခန်း (၁) တရိဝေဒ၏ဖစ်မြစ် ၈

အခန်း (၂) တရိအဓိက ဂမ္ဘီရကားချပ်များ ၁၂
- ပုထုဇနော ဥမ္မတ္တကော
- လောကီပညာရှင်
- သီလရှင်ချုပ်
- ဘုရင်မ
- ဘုရင်
- ရဟန်းချုပ်
- ချစ်သူများ

အခန်း (၃) ပုထုဇနော ဥမ္မတ္တကော ခရီးစဉ် (၂) ၁၉
- သူရဲကောင်းစီးရထား
- စွမ်းအား
- ရသေ့
- ကြမ္မာရဟတ်
- တရားမျှတမှု
- ဇောက်ထိုးကျွမ်းပြန်ပုဂ္ဂိုလ်
- သင်္ခါရတရား

အခန်း (၄) ပုထုဇနော ဥမ္မာတ္တကော ခရီးစဉ် (၃) ၂၆
- ချုပ်တည်းမြိုးခြံမှု
- လူ၏ဇာတ်ဆောင်
- မျှော်စင်
- ငွေကြယ်
- ပေပ်ဖမ်းလ
- နေသူရိန်

- ပုဗ္ဗေစကတပုညတာ
- ကမ္ဘာလောက

အခန်း (၅) တရိုအဓိကကားချပ်များဖြင့် ဗေဒင်ဟောကိန်းများထုတ်ဖော်ခြင်း ၃၅
အခန်း (၆) တရိုဗေဒနှင့် နာမသင်္ချာဟောကိန်း ၄၀
အခန်း (၇) တရိုသာမန်ကားချပ်နှင့် တော်ဝင်ကားချပ်များကို ဆန်းစစ်ခြင်း ၅၀
ကျိုင်းတံအဆင်အပြင် ကားချပ်များဆိုင်ရာ ဖွင့်ဆိုချက်များ ၅၂
အခန်း (၈) ဖလားအဆင်အပြင် ကားချပ်များဆိုင်ရာ ဖွင့်ဆိုချက်များ ၆၃
အခန်း (၉) ဒင်္ဂါးအဆင်အပြင် ကားချပ်များဆိုင်ရာ ဖွင့်ဆိုချက်များ ၇၄
အခန်း (၁၀) ဓါးအဆင်အပြင် ကားချပ်များဆိုင်ရာ ဖွင့်ဆိုချက်များ ၈၄

အပိုင်း (၂)

အခန်း (၁) လက်တွေ့ဟောကိန်းထုတ်နည်းပုံစံများ
– ကဲလ္ဒမျိုးဖြန့်ကြက်နည်း ၉၅
အခန်း (၂) ဂျူးလီယက်ရားပန်းဘာ့ဂ် ဖော်ညွှန်းချက် ၁၀၀
အခန်း (၃) ဘာဝသစ်ပင်ဟောနည်း ၁၀၄
အခန်း (၄) ဂျူးလီယက်ဘာ့ဂ်၏ ဘာဝသစ်ပင်ဟောကိန်း ၁၀၉
အခန်း (၅) ဘာဝ ၁၂ ပါးဖြန့်ကြက်နည်းဟောကိန်း ၁၁၄
အခန်း (၆) ကိုယ်တွေ့အရ ဖော်ဆောင်သင့်သောတရိုဝေဒ ၁၁၈
အခန်း (၇) မြင်းခွာပုံဖြန့်ကြက်နည်း ၁၂၄
အခန်း (၈) ကိုယ်တွေ့နှင့်အကြံပြုချက် ၁၂၈
အခန်း (၉) ဆရာဇေဒ အသုံးပြုပုံစံ ၁၃၃



# တရိုဝေဒ
# THE MAGIKAL TAROT

**ဦးငြိမ်းအောင် (ဆရာဇေဒ)**

## ကျမ်းဦးမိတ်ဆက်

"ရေးလျှင်အမှန် ဖတ်လျှင်အသံ" ဆိုသည့်အတိုင်း THE TAROT ဟုရေးသော်ငြားလည်း TARO တရိုဟုသာအသံထွက်ရသည်။ ရှေးဟောင်းလောကီ (OCCULT) အတတ်ပညာတစ်ရပ်ဖြစ်၍ တရိုဝေဒဟုပင် မြန်မာမှုပြု ခေါ်ဝေါ်အပ်ပါ၏။

ထုရိုဝေဒပညာရှင်များ၏ ညီညွတ်သော ခံယူချက်မှာ "တရိုဝေဒဆိုသည်မှာ အမှတ်သင်္ကေတဝေဒ (Symbolistic knowledge) မျိုးဝင်ဖြစ်သည်" ဟူ၏။

စင်စစ်အားဖြင့် အလွန်ရှေးကျပြီး ဇာစ်မြစ်အတိအကျ ဖော်ထုတ်ရန် ခက်ခဲလှသော တရိုဝေဒတွင် လျှို့ဝှက်အဓိပ္ပာယ်စိမ့်ဝင်နေသော ပန်းချီပုံလွှာများဖြင့် သရုပ်ဖော်ထားအပ်သည့် ကားချပ်များကို မှုကွဲအမျိုးမျိုးဖြင့် ဖော်ဆောင်ထားကြောင်း ဆန်းစစ်တွေ့ရှိရ၏။

ဟူးရာအတတ် (Divination) အလို့ငှာ အသုံးပြုသော တရိုကားချပ်ထုပ် (Tarot Deck) တွင် ယေဘုယျအားဖြင့် ကားချပ်ပေါင်း ၇၈ ချပ်ပါရှိသည်။ အဓိကကားချပ် (MAJOR ARCANA) အနေဖြင့် သင်္ကေတသုညမှ ၂၁ အထိ စီစဉ်မှတ်သားသော ကားချပ် ၂၂ ချပ်တိတိ ပါရှိသည်။ သာမန်ကားချပ်များ (MINOR ARCANA) အနေဖြင့် ကားချပ်ပေါင်း ၅၆ တိတိပါရှိသည်။ ဖော်ပြပါ အစိတ်အပိုင်းနှစ်ရပ်ကို ပေါင်းကူးသဖွယ် ဆက်စပ်ထားသော တော်ဝင်ကားချပ် (Court Card) စုစုပေါင်း ၁၆ ချပ် ပါနေသောကြောင့်ဖြစ်၏။

Arcana ဟူသော လက်တင်ဘာသာဝေါဟာရ၏ အဓိပ္ပာယ်မှာ Secrets (လျှို့ဝှက်ချက်များ) ဟု ဖွင့်ဆိုကြရာ တရိုဝေဒသည် ဂုဏ္ဍိရဝေဒဟု ရှေးအခါကပင် မှတ်ယူထားကြောင်း ထင်ရှားလှ၏။

အနောက်တိုင်း တရိုဝေဒသုတေသီများက "တရိုဝေဒ" သည် ရှေးရသေ့ တပသီပုရောဟိတ်များ၏ စုပေါင်းဉာဏ်ကွန့်မြူးမှုမှ ထွက်ပေါ်လာသော ဘာသာစကား (The tarot speaks the language that arose from the collective mind of the sages) ဖြစ်သည်" ဟူ၍ ခံယူထားကြ၏။

လူသားဟူ၍ ပေါ်ပေါက်ချိန်မှစ၍ လူသားတို့အချင်းချင်း ဆက်သွယ်ရာ၌ ဟန်ပန်အမူအရာများ၊ သင်္ကေတများ ပန်းချီပုံလွှာများကို အသုံးပြုခဲ့ကြသည်မှာ သဘာဝတရားဟု ဆိုရပေမည်။ ၎င်းဆက်သွယ်ရေးလမ်းကြောင်း (Means of Communication) ၌ သက်ဆိုင်ရာ အဓိပ္ပာယ်ဖော်ညွှန်းချက်နှင့် အတွေးအမြင်များ အသီးသီးပါရှိသလို လျှို့ဝှက်သော သတ္တိများ အကျုံးဝင်နေခြင်းကို ကျွန်ုပ်တို့လက်ခံပြီး ခံယူကျင့်သုံးမှု ပြုကြရစမြဲဖြစ်ရာ မျက်မှောက်ခေတ်အထိဟုပင် ဆိုရပေမည်။

တရိုဝေဒကို ဤကမ္ဘာ့ဝယ် မပျောက်မပျက် ဆက်လက်တည်ရှိအသုံးချနေခြင်းဖြစ်စဉ်သည် ၎င်းပညာရပ်၌ ထူးကဲသော ဂုဏ္ဍိရစွမ်းအင်များ ကိန်းအောင်းစိမ့်ဝင် ပျံ့နှံ့နေခြင်းကြောင့်ဟု စာရေးသူက အလေး ခံယူပါ၏။

စာရေးသူသည် ဤအသုံးချ တရိုဝေဒအကြောင်းအရာကို ဖော်ဆောင်ရာ၌ တရိုဝေဒသုတေသီ အပေါင်းက ဂန္ထဝင်မြောက် လက်ရာအဖြစ် မှတ်ယူထားသော အေအီးဝိတ် (A. E Waite) ၏ ၁၉၁၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေသော တရိုအဖွင့်ရုပ်စုံကျမ်း (The Pictorial key to tarot) မှ ကားချပ်ရုပ်ပုံလွှာများကို စံထားအသုံးပြုသွားမည်ဖြစ်ကြောင်း မဆွအဦး အသိပေးထားလိုက်ပါ၏။

ဤကျမ်းလာ တရိုကားချပ်များကို ကြေညက်စွာလေ့လာပြီး လက်တွေ့အသုံးချနိုင်ရန် စီရင်ထားကြောင်းလည်း အသိပေးလိုပါ၏။

အဓိကထား၍ စာရေးသူတင်ဆက် ဖော်ပြလိုသည့်အချက်မှာ မည်သည့် ပညာရပ်ကိုမဆို အသုံးချပညာဘက်သို့ ဦးတည်ရာ၌ သက်ဆိုင်ရာ သမိုင်းဖြစ်စဉ်ကို မေ့လျော့ချန်လှပ်ထား၍မဖြစ်။ "သူများယောင်၍ ယောင်ရသည်။ အမောင်တောင်မှန်း မြောက်မှန်းမသိ"ဟူသော မြန်မာ့စကားပုံအတိုင်း ဖြစ်မသွားရလေအောင် သက်ဆိုင်ရာ သမိုင်းနောက်ခံ အကျဉ်းမျှလောက်ကိုမူ သိမှတ်ထားသင့်ပေသည်။ ဤအချင်းအရာသည်ပင် သဘာဝကျ၍ အသုံးချရေး (Applied process)ဖြစ်စဉ်၌ အကျိုးရှိစေမည်မှာ အမှန်ပင်ဖြစ်၏။

ဤတွင် တရိုဝေဒနှင့်ပတ်သက်၍ ကိုင်ရို၏ အာဘော်ကို ဖော်ပြပေးလိုပါသည်။ တရိုအဓိကကားချပ်များကို အခြေပြု၍ သူ၏ ဂဏန်းဗေဒင်ကျမ်း (Book of numbers)တွင် ဗေဒင်ဟောကိန်းအချို့ ပြုစုထားကြောင်း သုတေသီများ သတိပြုကြမည်ဟု မှတ်ယူထားလိုပါ၏။

"ရှေးပဝေသဏီ အခါကပင် ကိန်းရောဂဏန်း (Compound numbers)များ၏ သင်္ကေတလက္ခဏာ ဖော်ဆောင်ချက်အဖြစ်၊ တစ်ကမ္ဘာလုံးလိုလိုကပင် ပန်းချီရုပ်ပုံများဖြင့် သရုပ်ဖော်ခဲ့ကြဖူးသည်။ ဓာတ်မြစ်ကိုအတိအကျဆန်းစစ်၍ မရနိုင်လောက်အောင်ပင် ရှေးကျလှသော တရိုဝေဒ၌ လျှို့ဝှက်၍ခက်ခဲသော အနက်အဓိပ္ပာယ် ဆောင်ယူထားသည့် ပန်းချီရုပ်ပုံကားချပ်များကို ဟူးရားဗေဒအတတ်ပညာအဖြစ် လူအများက လက်ခံသုံးစွဲကြကြောင်း တွေ့ရ၏"ဟူသော ကမ္ဘာကျော် ကိုင်ရို၏ ဖော်ကျူးချက်မှာ မှတ်သားဖွယ်ဖြစ်၏။

အမှန်အားဖြင့်လည်း ကိန်းဂဏန်းများတွင် လျှို့ဝှက်နက်နဲသော ဂုဏ်ရည်စွမ်းအင်သတ္တိများ ရှိနေပြီးဖြစ်ကြောင်းတွေ့ရသည်။ ဂြိုဟ်နက္ခတ်များကို ဂဏန်းများဖြင့် သင်္ကေတပြုနိုင်သလို အရာရာကို ဂဏန်းဖြင့် ကိုယ်စားပြုနိုင်သည်။ ဂဏန်းများဖြင့် အင်းကွက်အင်းဆန် သွင်းနိုင်သည်။ ဂဏန်းများပေါင်းစပ်ခြင်းဖြင့် ပန်းချီရုပ်ပုံများ ပုံဖော်၍ ရနိုင်ကြောင်းကို ပစ္စက္ခကွန်ပျူတာခေတ်၌ အထင်အရှားတွေ့ရှိရပြီးဖြစ်သည်။ ဤသို့ဆိုလျှင် ဂဏန်းများ၏ ဂုဏ်ရည်ဖြင့် ဗေဒင်အတတ်ပညာကို ရှေးဦးမဆွကပင် ပြုစုခဲ့ကြသော ကာလ်ဒီယန်းတို့၏ ဒေသကို တရိုဝေဒ၏ မြစ်ဖျားခံရာဟု ပြောရမလို ဖြစ်ပေါ်လာပါသည်။ ဤသို့ဆိုလျှင်လည်း မြေထဲပင်လယ်တစ်ဝိုက်တွင် တရိုဝေဒ မြစ်ဖျားခံသည်"ဟူသော အဆိုများ ထင်ရှားဆဲမှန်ကန်ဆဲသာ ဖြစ်နေလေ၏။

တရိုဝေဒသည် လူသားများ၏ လက်တွေ့ဘဝအတွေ့အကြုံများကို သင်္ကေတလက္ခဏာများဖြင့် ဖော်ဆောင်ထားသော မှတ်တမ်းတစ်မျိုးဖြစ်သည်။ ဂမ္ဘီရစွမ်းအားများကို နက်ရှိုင်းစွာ ရေသောက်မြစ်သဖွယ် အခြေခံထားခြင်းဖြင့် တချို့ကားချပ်များသည် အံ့သြဖွယ်ထိုးထွင်း သိမြင်စေတတ်သည့် ဉာဏ်ရည် ဉာဏ်သွေး၊ လိမ္မာတတ်ပွန်သော အကြံဉာဏ်သညာနှင့် တိကျမှန်ကန်သော ဟူးရားအတတ်ကို အောင်မြင်ပေါက်မြောက်စေကုန်သည်ဟူ၏။

တရိုကားချပ်များကို ဖြန့်ကြက်ရာ၌ ပြောင်းပြန်ကျတတ်ရာ၊ မူလဖော်ညွှန်းချက် အဓိပ္ပာယ်၏ ပြောင်းပြန်ကို ဟောကြားရန် ခေတ်သစ်တရိုဝေဒပညာရှင်များက တီထွင်ဖွင့်ဆိုလာကြသည်။ ဤသို့ဖြင့် ဤကျမ်း၌ ၎င်းတို့၏ အာဘော်ကို မလွဲသာမရှောင်သာ မချွင်းမချန် ပြဆိုပေးထားပါသည်။ အကျွန်ုပ် (ဆရာဗေဒ) အနေဖြင့်မူ ရှေးဟောင်းမူအတိုင်းတရိုကားချပ်၏ မူရင်းအဓိပ္ပာယ်ကိုသာ ခံယူကြောင်း ဖွင့်ဆိုအပ်ပေသတည်း။



တရိုကားချပ်တိုင်းကို စိတ်၏ ကြေးမုံပြင် (Mind Mirror)ဟု သုတေသီများက တင်စားသတ်မှတ်လေ့ရှိသည်။ ဤတင်စားမှု၏ ဖော်ညွှန်းချက်မှာ "တရိုကားချပ်များကို စူးစိုက်၍ အာရုံခံကြည့်သော် စိတ်ထဲ၌ ရုတ်တရက်အလိုအလျောက် ဖြစ်ပေါ်လာသော အထူးသိဉာဏ် (Intuition) ကွန့်မြူးလာမည်။ ပိုမိုအားကောင်းစွာ အာရုံစိုက်လေလေ၊ အသိအမြင် မိုပိုပွားများလေလေဖြစ်မည်။ အဆိုပါ အထူးသိဉာဏ်များ ပွားများလာခြင်းသည်ပင် နက်နဲသိမ်မွေ့သော တရိုဝေဒ (The mystic tarot)၏ အစွမ်းသတ္တိဂုဏ်အင်ပင် ဖြစ်ပေသတည်း။

ဦးငြိမ်းအောင်
(ဆရာဗေဒ)
တိုက် (၆၄/၁၀)၊ (၃)လမ်း၊ (၂)ရပ်ကွက်၊
ဘုရင့်နောင်အိမ်ရာစခန်း၊ ချောင်းဝကျောင်းတိုက်အနီး၊
ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။






# တရိုဝေဒ၏ ဇာစ်မြစ်

ယနေ့ထက်တိုင် တပည့်ရင်းများကိုသာ တိုးတိုးတိတိတ်သင်ကြားပေးရသော လျှို့ဝှက်နက်နဲသောဝေဒ (Esoteric Wisdom) တစ်မျိုးဖြစ်သော တရိုဝေဒ၏ မြစ်ဖျားခံရာ ဒေသဇာစ်မြစ်နှင့်ပတ်သက်၍ သုတေသီများ၏ အဆိုပြုချက် အမျိုးမျိုးကို အခါအားလျော်စွာ လေ့လာမှတ်သားရဖူး၏။

(၁) သုတေသီအချို့၏ အဆိုအရ တရိုဝေဒသည် တရုတ်ပြည်မှ မြစ်ဖျားခံသည်ဟူ၏။ တရုတ်တို့၏ ပေသီးတွက် ပညာတီထွင်မှုကို အထောက်အထားပြုဟန်တူသည်။ အလွန်နက်ရှိုင်းလေးနက်သော တာအိုအတွေးအခေါ် (Taoism)ပေါ် ထွက်ရာဒေသဖြစ်၍လည်း အကိုးအကားပြုဟန်တူပါသည်။ တရိုဝေဒသည် လူသားတို့၏ ပေါ်လွင်သိစိတ် (Concious mind)ထက် ဖုံးကွယ်သိစိတ် (Sub - Concious mind)ကို ထင်ဟပ်ကိုယ်စားပြုနေခြင်းကို လက်ခံကြောင်း ပြဆိုလိုဟန်ရှိ၏။

(၂) ခိုင်မာသော အထောက်အထားများဖြင့် တရိုဝေဒဖြစ်ထွန်းလာမှု၏ အနီးကပ်ဆုံးကာလကို ခန့်မှန်းရသော် ဟယ်လင်နစ်ကမ္ဘာ (Hellenic world)၏ ကေရာဇ် မဟာအလက်ဇန္ဒား (ဘီစီ ၃၅၆ – ၃၂၂) လက်ထက်မတိုင်မီကပင် ပေါက်မြောက်ပြီးဖြစ်ကြောင်း အဆိုပြုလိုပါသည်။ အကြောင်းမူကား ဥရောပတိုက်အမှောင်ခေတ်တစ်လျှောက်လုံး မိမိကိုယ်မိမိ ရှေးဟောင်း အီဂျစ်နိုင်ငံတွင် ပေါက်ဖွားဆင်းသက်လာသည်ဟု ခံယူလေ့ရှိသော ဂျစ်ပစီလူမျိုးနွယ်များသည် ၎င်းဟူးရာ အတတ်ကို အထင်အရှား ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းကြောင်းဟုဆိုနိုင်၏။ သရုပ်ပြပုံ (က) အနေဖြင့် ရှေးဟောင်း အီဂျစ်နှင့် ဆက်နွယ်ထားသော တရိုအဓိကကားချပ်များ၏ မိတ္တူကို ဖော်ပြပေးလိုက်ပါ၏။

သက္ကတဝေါဟာရ ရှစ်ဆယ့်ငါးရာခိုင်နှုန်း ပါဝင်သော ဘာသာစကားကို သုံးစွဲပြောဆိုသော ဂျစ်ပဆီတို့သည် အီဂျစ်နိုင်ငံ၌ ပေါက်ဖွားသည်ဆိုသည်မှာ စဉ်းစားဖွယ်ဖြစ်ပါသည်။ မနုဿဗေဒရှုထောင့်မှ ကြည့်ပြန်လျှင်လည်း ဂျစ်ပစီတို့သည် ဆမ်မစ် (Semite)သို့မဟုတ် အာရပ်လူမျိုးသွင်ပြင်ထက် အာရိယံ (Aryan)နွယ်ဝင် ဟိန္ဒူများနှင့် ဆင်ဆင်တူကြောင်း တွေ့ရပြန်သေးသည်။ အလက်ဇန္ဒားကေရာဇ် အိန္ဒိယနိုင်ငံ မြောက်ပိုင်းသို့ရောက်ရှိစဉ် ဂျိုရှီဇာတ်ဝင် (Joshi Caste) လူမျိုးစုအား အီဂျစ်နိုင်ငံသို့အပြန်တွင် ခေါ်ဆောင်သွားရာမှ ဂျစ်ပစီများဟု ထင်ရှားလာကြောင်းဟူသော အဆိုကို သတိမူကြရန်ဖြစ်ပါ၏။

ဂျစ်ပစီတို့ကို တရိုဝေဒ တီထွင်သူများအဖြစ်အချို့က ခန့်မှန်းပြောဆိုကြခြင်းမှာ တရိုဝေဒ၌ ဟိန္ဒူတို့ လက်ခံကျင့်သုံးသော ဇာတ်လေးမျိုးကို ထင်ဟပ်သော အဆင်အယင် ၄ မျိုး (4 Suits) ပါရှိနေခြင်းကို အကိုးအထောက် ပြုဟန်ရှိ၏။


ဥဒါဟရဏ်အဖြစ် ပြဆိုရသော်–

(က) ဖလား (Cup) အဆင်အယင်ကို ဗြဟ္မဏ (ခ) ဓားအဆင်အယင် (Suit of Sword)ကို ခတ္တိယ (ဂ) ဒင်္ဂါး (Pentacle) အဆင်အယင်ကို ဝေဿနှင့် ကျိုင်းတံ (The Wand) အဆင်အယင်ကို သုဒ္ဒဟူ၍ သရုပ်ဖော်ထားခြင်းကြောင့်ဟု ဆိုလိုဟန်ရှိ၏။


ဤနေရာ၌ တရိုဝေဒကို ဂျစ်ပစီလူမျိုးနှင့် နီးနွယ်မှုရှိကြောင်း အမှန်တွေ့ရှိရသော်လည်း ၎င်းပညာသည် အိန္ဒိယနိုင်ငံ၌ ဇာစ်မြစ်ခံကြောင်းကိုမူ လက်ခံရန်ခက်လှသည်။ သက်သေအထောက်အထား ပြဆိုရသော် (က) မဇ္ဈိမဝေဒခေတ်၌ ပေါက်မြောက်ခဲ့သောသာမယန၊ ဣရု (ရိဂ်)နှင့် အာထဗ္ဗဏတည်းဟူသော ဝေဒလေးပုံနှင့် ဗြဟ္မဏကျမ်းများ၌ တရိုဝေဒဆိုင်ရာ ဖော်ညွှန်းချက်များနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာသော ပြညွှန်းချက်ကို သုတေသီတစ်ဦးတစ်ယောက်ကိုမျှ ဖော်ဆောင်မှုမပြုခဲ့ကြခြင်း။ (ခ) ဂျစ်ပစီလူမျိုးများ၌ ဇာတ်အယူမရှိခြင်းဖြစ်၏။ အီဂျစ်နိုင်ငံသို့ ရောက်ရှိပြီးနောက် သွေးနှောမခံဘဲ လွတ်လပ်စွာ သွားလာနေထိုင်ခြင်းမှ ဇာတ်အယူအဆကို ပယ်လိုက်ဟန်ရှိခြင်းဟု စောဒကတက်လိုက တက်နိုင်ပါသည်။ အဓိက ဆင်ခြေအဖြစ် စာရေးသူ ပြဆိုလိုသည်မှာ တရိုဝေဒ၌ တွေ့ရသော အဆင်အယင် ၄ မျိုးမှာ စင်စစ်အားဖြင့် မဟာဘူတဓာတ်ကြီးလေးပါးကို ဖော်ညွှန်းခြင်းသာ ဖြစ်ကြောင်း ဖွင့်ဆိုလိုခြင်း ဖြစ်၏။

အာပေါဓာတ်ကို အကြောင်းပြု၍ တရိုဖလားကားချပ်များကို ဖော်ဆောင်ထားခြင်းဖြစ်သည်။ လက်တွေ့အရလည်း ဖလားအဆင်အယင် ကားချပ်များ၌ ရေပြင်ပန်းချီပုံလွှာများကိုသာ တွေ့ရမြဲဖြစ်၏။






အီဂျစ် အဓိကတရိုကားချပ် သရုပ်ဖော်ဟန်




SIGNIFICATOR IS PLACED IN CENTER.

| | |
|---|---|
| No. 1 THIS COVERS HIM. | No. 6 THIS IS BEFORE HIM. |
| No. 2 THIS CROSSES HIM. | No. 7 WHAT HE FEARS. |
| No. 3 THIS IS BENEATH HIM. | No. 8 FAMILY OPINION. |
| No. 4 THIS IS BEHIND HIM. | No. 9 HIS IDEALS. |
| No. 5 THIS CROWNS HIM. | No. 10 FINAL OUTCOME. |

Diagram 2 THE KELTIC METHOD





Diagram 3 THE TREE OF LIFE METHOD



– တေဇောဓာတ်ကို အခြေပြု၍ ကျိုင်းတံအဆင်အယင်ကားချပ်များကို ဖော်ဆောင်ထားသည်။ လက်တွေ့အရလည်း **ကျိုင်းတံပန်းချီရုပ်ပုံလွှာတွင် အချို့ကမီးတုတ်သဏ္ဍာန် အချို့က ကျိုင်းတံတွင် သစ်ရွက်များပေါက်နေဟန်တွေ့ရ၏။**

– ဝါယောဓာတ်ကို အခြေပြု၍ ဓားအဆင်အယင်ကားချပ်များကိုဖော်ဆောင်ထားသည်။ **လက်တွေ့အရလည်း** ဓားအဆင်အယင်ကားချပ်များ၏ ပန်းချီရုပ်ပုံလွှာများ၌ မိုးတိမ်များကို အဓိကထား ဖော်ကျူးထားသည်။ လေထဲ၌ ပျံဝဲဟန်ပုံများလည်း တွေ့ရတတ်သေး၏။

– ပထဝီဓာတ်ကို **အခြေပြု၍** ဒင်္ဂါး **အဆင်အယင်ကို** ဖော်ဆောင်ထားသည်။ လက်တွေ့အရလည်း ဒင်္ဂါးအဆင်အယင် ကားချပ်များ၌ ဒင်္ဂါးအပိုင်းများသာမက ယာခင်း၊ ပန်းခြံစသည်ဖြင့် သဘာဝပတ်ဝန်းကျင်ကို အဓိကထား ဖော်ကျူးထားကြောင်း တွေ့ရသည်။

(၃) သုတေသီအချို့က တရိုဝေ၏ **ဇာစ်မြစ်ကို** ဟီဗရူးလူမျိုးများနှင့် ဆက်စပ်ကြကုန်၏။ **တရိုဝေ၏** အစိတ်အပိုင်းကြီး တစ်ပိုင်းဖြစ်သော အဓိကကားချပ် ၂၂ ချပ်သည် **ဟီဗရူးအက္ခရာ** ၂၂ လုံး (22 Hebrew Alphabet) နှင့်တိုက်ဆိုင်မှုရှိခြင်း။ ထို့အပြင် **ဟူးရားအတတ်မျိုးဝင် ဟီဗရူးဆိုင်ရာကာဗလ** (Kabala)ခေါ် ဆန်းအတတ်နှင့် ဆက်သွယ်**မှုရှိ**ကြောင်း သာဓကပြရသော **ဘဝသစ်ပင် (TREE OF LIFE)** ဟောနည်းဖြစ်သည်။ သရုပ်ပြပုံနှင့် ကားချပ်ဖြန့်ကြက်မှုကိုလည်း သရုပ်ပြပုံ (ခ)ဖြင့် **ဖော်ပြထားပါ၏။**

(၄) မျက်မှောက်ခေတ် **အစ္စရေးနိုင်ငံမှ** ဂျူးလူမျိုးတို့၏ ရှေးဘိုးဘွားများ ခရစ်တော်မပေါ်မီ နှစ်ပေါင်းထောင်ချီ ကြာညောင်းလာသောကာလ**အတွင်း အီဂျစ်ဖရာအို** (Phrao) မင်းဆက်များစိုးစံရာအီဂျစ်နယ်မြေဒေသ၌ အခြေစိုက် နေထိုင်ခဲ့ကြ **သည်။ တရိုဝေတည်းဟူသော ဟူးရားအတတ်**သည် ဂျူးလူမျိုးများနှင့် ဆက်နွယ်နေသည်ဆိုသော် အီဂျစ်ယဉ်ကျေးမှုနှင့် **ဆက်နွယ်မှုကောင်းရှိပေမည်။** ရှေးဟောင်းလောကီပညာရပ်နှင့် ပတ်သက်၍ ထင်ရှားလှသော ဂေဗယ်လင်း (Gebelin) ၏ **အဆိုအရ** ရှေးဟောင်းတရိုကားချပ်များကို မှမ်းမံခြယ်သသော ပန်းချီရုပ်ပုံလွှာများတွင် ရှေးအီဂျစ်လူမျိုးများ ကိုးကွယ်ရာပညာရေး သိဒ္ဓိနတ်ဘုရားသော့ (Thoth)၏ အကြောင်းခြင်း တကျမ်းစာအုပ် (The Book of Thoth)မှ လက်ကျန်ပုံများဟု သိရ၏။ ဤသို့ဆိုလျှင် မြေထဲပင်လယ် တောင်ဘက်ခြမ်းဒေသ၌ တရိုဝေထွန်းကားခဲ့ဖူးကြောင်း သေချာလေပြီ။

(၅) တရိုဝေကို ဟူးရားအတတ်အဖြစ်အသုံးပြုရာ၌ကဲလ့်လူမျိုး**နည်းစနစ်(Keltic Method)**ဟူ၍ယနေ့တိုင်ခေတ်**စားနေ** သောငှင်းနည်းစနစ်ဆိုင်ရာကားချပ်ဖြန့်ကြက်မှု ပုံစံ (Spread) ကိုသရုပ်ပြပုံ (၃) **အဖြစ်ဖော်ပြပေးထားပါသည်။** ဟောနည်းကားကို ဆိုင်ရာအခန်း၌ အကျယ်ရှင်းလင်းပြဆိုရေးသားသွားဖို့ရာ ဖြန့်ကြက်ပုံကို မူရင်းအတိုင်း ဖော်ပြပေးလိုက်ပါ၏။

ကဲလ့်လူမျိုးများ၏ ဇာစ်မြစ်ကို ဆန်းစစ်ကြည့်ရာတွင် ကမ္ဘာ့လူမျိုးနွယ်ရင်းတစ်ခုဖြစ်သော အာရိယံလူမျိုးများ **စတင်** ပေါက်ဖွားရာ ကက်စပီယံပင်လယ်ဒေသအနီးမှ ပေါက်ဖွားထွန်းကားပြီးနောက် "ရေကြည်ရာ မြက်နုရာ"ဆိုသလို **ဥရောပတိုက်** အတွင်းသို့ ရွှေ့ပြောင်းကြောင်း လေ့လာသိရှိရသည်။ ရောမခေတ်၌ ဂေါ(Gaul)လူမျိုးအဖြစ် ထင်ရှားခဲ့ ဖူး**သည်။ လွန်ခဲ့သော** နှစ်ပေါင်း ၂၀၀၀ ကျော် ဘီစီ ရာစု အတွင်း ဂေါသစ် (Gothic) လူမျိုးများ၏ ဘာသာ**စကားနှင့် ယဉ်ကျေးမှု**သည် ရောမတို့၏ လွှမ်းမိုးမှုခံရခြင်းနှင့်**အတူ** လက်တင်ဘာသာစကား၏ ဝါးမျိုခြင်းကိုပါ ခံလိုက်**ရတော့၏။**

ပစ္စက္ခကာလ၌ပင် တရိုကားချပ် ၁၀ ချပ်ကို ရွေးချယ်ဖြန့်ခင်းပြီး ဗေဒင်ဟော**ကြားသော ကဲလ့်လူမျိုးစနစ်** (ဝါ) ကဲနည်းစနစ်ကို တွင်ကျယ်စွာ အသုံးချလျက်ရှိနေရာ၊ မြေထဲပင်လယ်မြောက်ပိုင်းဒေသ၌ **တရိုဝေ အထင်**အရှားရှိခဲ့ကြောင်း အခိုင်အမာ ဖော်ညွှန်းနိုင်ပေသည်။ ဂေါလူမျိုးများသည် ပြင်သစ်၊ ဂျာမနီအစရှိသော **နယ်မြေသာမက** အင်္ဂလန်ကျွန်းပေါ်၌ပင် အခြေချ နေထိုင်ခဲ့ဖူးကြောင်း ဆန်းစစ်သိရှိရ၏။

(၆) အများလက်ခံသုံးစွဲသော တရိုကားချပ်များ၌ ဂရိ(ခေါ်မ) ရိုး**ရာနတ်ဘုရားဒဏ္ဍာရီ**များကို **ထင်ဟပ်သော ပန်းချီ** သရုပ်ဖော်ချက် ပုံလွှာများက ကြီးစိုးနေရာ အချို့သော တရိုဝေပညာရှင်**များက နတ်ဘုရား**ဒဏ္ဍာရီ**ဆိုင်ရာ တရိုဝေ** (The Mythic Tarot)ဟု အတိအလင်း ခေါ်ဝေါ်အသုံးပြုကြောင်းတွေ့**ရ၏။ အချုပ်ဆိုရသော် တရိုဝေ မြစ်များခံရာ** ဒေသ **ဇာစ်မြစ်**သည် မြေထဲပင်လယ် ဒေသတစ်ဝိုက်မှ အာရိယံ**နှင့် ဆမ်မစ်မျိုးနွယ်**စုများ ယဉ်**ကျေးမှုကူးလူး**ဆက်ဆံခြင်း၏ သမုဟရလဒ်ဟု ကောက်ချက်ချရန်သာဖြစ်တော့၏။

ထင်ရှားလှသောတရိုဝေအမျိုးသမီးပညာရှင် **အီဒင်ဂရေး** (Eden Gray)၏ **မှန်ရာမှန်**ကြောင်း အခိုင်အမာ **ပြောဆို** ချက်ဖြင့် ဤစာတမ်းကို နိဂုံးချုပ်အပ်ပါ၏။

# အခန်း (၂)

## တရိုအဓိက ဂမ္ဘီရကားချပ်များ

အဓိက ဂမ္ဘီရတရိုကားချပ်များကို ရေမြေတောတောင် နက္ခတ်တာရာသဘာဝများဖြင့်သာမက ကမ္ဘာ့ဒဏ္ဍာရီများ အထူးသဖြင့် ဂရိနတ်ဘုရား ပုံပြင်များမှ လျှို့ဝှက်လေးနက်သော အဓိပ္ပာယ်ထင်ဟပ်ချက်များဖြင့်တံဆာဆင်မွမ်းမံထားသည်။ ထို့ကြောင့် ၎င်းကားချပ်များ၏ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်ရန် အားထုတ်မှုများစွာလိုအပ်၏။

လျှို့ဝှက်၍ လေးနက်သော ဖော်ဆောင်ချက်များဖြင့် ပြည့်လျှမ်းနေသော တရိုကားချပ်ပန်းချီပုံများ၏ အနက်အဓိပ္ပာယ်နှင့် အနှစ်သာရများကို ပေါ်လွင်သိစိတ် (Concious Mind)ထက် ဖုံးကွယ်သိစိတ် (Sub Concious Mind) ဖြင့်သာ ဖော်ဆောင်တွေးမြင်နိုင်းချိန်ခံယူရရှိသည်ဟု လျှို့ဝှက်လောကီပညာရှင် (Occultists) များက ခံယူထားကြ၏။

တရိုဝေဒပညာ၏ အခြားအစိတ်အပိုင်းများဖြစ်သော တော်ဝင်ကားချပ် (Court Cards)နှင့် သာမန်ဂမ္ဘီရကားချပ် (Minor Arcana)များကဲ့သို့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်းဟူသော' မဟာဘူတ ဓာတ်ကြီးလေးပါးကို ဖော်ညွှန်းသော ဒင်္ဂါး (Pentacle)ကျိုင်းတံ (Wand)၊ ဓား (Sword)နှင့် ဖလား (Cup)အဆင်အယင်(Suit)များဖြင့် အခြံအရံပြုမထားသော်လည်း၊ အဓိကတရိုကမ္ဘီရကားချပ် (Major Arcana)၌ ဖော်ညွှန်းထားသောပန်းချီကားပုံများသည် ပိုမို လျှို့ဝှက်လေးနက်သော ဒဿနများ လွှမ်းခြုံနေကြောင်း တွေ့ရမည်ဖြစ်၏။ တစ်နည်းအားဖြင့် ရှင်လင်းပြဆိုရသော် "ဖုံးကွယ်သိစိတ်သည် ပန်းချီရုပ်လွှာနှင့် အမှတ်အသားသင်္ကေတများဖြင့်သာ တွေးခေါ်သိမြင်သည်" ဟူသော ခံယူချက်များကို အဓိကတရိုကားချပ်များ၌ ထင်ရှားသိသာကြောင်းဟူသော အချက်ပင်ဖြစ်၏။

တရိုဝေဒ (The Tarot) ၏ အဓိက ကားချပ်များအနေဖြင့် လောကဓာတ်ခုံအတွင်းသို့ စွန့်စားဝင်ရောက်လာသော သုညအမှတ်အသားပြု ပုထုဇနော့ဥမ္မတ္တကောလူသား (The Fool) ကားချပ်မှ အစပြု၍ ၂၁-အမှတ်အသားပြု ကမ္ဘာလောက (The-World)ကားချပ်အထိ ကားချပ်စုစုပေါင်း နှစ်ဆယ့်နှစ်ချပ်တိတိရှိသည်။ ကာလရွေ့လျားမှုအရမှုအမျိုးမျိုးကွဲပြားလာရာမှ ပန်းချီပုံလွှာအမျိုးမျိုးဖြင့် သရုပ်ဖော်ထားကြသော်လည်း ပင်မအခြေခံအနှစ်သာရ အဓိပ္ပာယ်ဖော်ဆောင်ချက်များမှာ ကွဲပြားမှုမရှိ၊ ဂမ္ဘီရဒဿနများမှာ မပြောင်းမလဲဘဲ ဆက်လက်တည်တံ့နေကြောင်း တွေ့ရမည်ဖြစ်၏။

အဓိကတရိုကားချပ် ၂၂ ချပ်၏ အနှစ်ချုပ်ဖော်ညွှန်းချက်မှာ ပုထုဇနော့ဥမ္မတ္တကော လူသားတစ်ဦး၏ ဘဝသစ္စာရှာဖွေသော ခရီးစဉ်ပင်ဖြစ်ပေသည်။ သူရင်ဆိုင်ဖြေရှင်းရသော ဘဝအတွေ့အကြုံအဖုံဖုံသည် မည်သည့်နိုင်ငံလူ့အဖွဲ့အစည်းတွင်မဆို ဖြစ်တည်နေသော လူ့ဘောင်ကို ဘဝကြေးမုံပြင် (Life Mirror)ဖြင့် ပီပြင်စွာ ထင်ဟပ်ပြဆိုနေဘိအလား ဖြစ်တည်နေလေ၏။ စာရေးသူသည် အဆိုပါပုထုဇနော့ဥမ္မတ္တကော၏ ဘဝသစ္စာရှာဖွေရေးခရီးစဉ်ကို ခြယ်သရှင်းလင်းရေးသားရာ၌ မြန်မာစာဖတ် ပရိသတ်ဘဝင်ကျမည့် "ဖာတစ်လုံးခေါင်းကျား"ဖြင့် ထင်ဟပ်သွားလိုပါသည်။ ထပ်မံအဆိုပြုချင်သည့် အချက်မှာ

တရိုကားချပ်တစ်ခုချင်း၏ လိုရင်းသဘောအနှစ်ချုပ်ကို "အရိပ်"မျှဖွင့်ဆိုအပ်ကြောင်း ဖော်ပြပေးထားသော သရုပ်ပြပုံကားချပ် တိုင်းကို "အကောင်" ထင်အောင်သေချာစွာ ဆန်းစစ်၍ တိုးချဲ့အနက်အဓိပ္ပာယ်များ ဖော်ထုတ်ရန်ဖြစ်ကြောင်းဟူ၍ ဖြစ်ပေ၏။



### ပုထုဇနော့ဥမ္မတ္တကော၏ ခရီးစဉ်

သုညသင်္ကေတပြုထားသော အဓိကကားချပ်လာ ပန်းချီပုံလွှာအရ အင်္ကျီကျားဝတ်ဆင်ထားသူပုထုဇနော့ ဥမ္မတ္တကော (The Fool)သည် ခရီးဆက်ရန် ချောက်ကမ်းပါးယံ၌ အထုပ်တစ်ထုပ်တွယ်နှောင်ထားသော ဝါးရှည်တစ်လုံးကို ထမ်းပိုးလျက် ရပ်နေပုံတွေ့ရသည်။ ၎င်းပုထုဇနော့ ဥမ္မတ္တကော "ဖာတစ်လုံးခေါင်းကျား"သည် အကောင်း အဆိုးမသေချာမရေရာသည့် ဘဝခရီးကြမ်းအတွင်းသို့ ဘဝသစ္စာရှာဖွေရန် အပြုံးမပျက် ဝံ့ဝံ့စားစားခုန်ချဝင်ရောက်မည့်ဟန်ပန်ဖြင့် ဖြစ်တည်နေသည်။ ခြေထောက်အနီး၌ တွေ့ရသော ခွေးတစ်ကောင်သည် လူသားတိုင်းမှာ ဖြစ်ပေါ်တတ်သည့် စိုးရိမ်ကြောက်လန့်တတ်မှု (အောက်တန်းစားစိတ်ဓာတ်)ကိုလည်း ဖော်ညွှန်းသည်။ မည်သို့ဆိုစေ၊ နောက်ကြောင်းပြန်လှည့်၍ မဖြစ်။ "ဖာတစ်လုံးခေါင်းကျား"ကား လောကီဘဝတည်းဟူသော ချောက်ထဲသို့ အပြုံးမပျက် ခုန်ချလိုက်ရန်ဟူသော လမ်းတစ်သွယ်ကိုသာ ဦးစားပေးရွေးချယ်ရန်သာ ဖြစ်တော့၏။

**ကားချပ်၏ ဖော်ညွှန်းချက်။** ။ ဘဝအခြေအနေ အလှည့်အပြောင်းတွေ့ရခြင်းနှင့်စွန့်ဝံ့စွန့်စားပြုရမည့် နိမိတ်သင်္ကေတကို ပြဆိုသည်။ အကယ်၍ ကားချပ်ကို ဖြန့်ကြက်ရာ၌ ပြောင်းပြန် (ဇောက်ထိုးမိုးမျှော်) ဖြစ်နေသော် ခေတ်သစ်ပညာရှင်များက နိမိတ်သင်္ကေတကောက်ယူပုံမှာ "မှားယွင်းသော ရွေးချယ်မှု (ဝါ) မှားယွင်းသောစွန့်စားမှုတစ်ရပ် သို့မဟုတ် ဆုံးရှုံးမှု ဖြစ်စေမည့် ရွေးချယ်မှုတစ်ရပ်တွေ့ကြုံရမည်" ဟူသော ခံယူချက်ပင်ဖြစ်၏။

### လောကီပညာရှင်

ဖာတစ်လုံးခေါင်းကျား ပထမဦးဆုံးတွေ့ရသည့် ပုဂ္ဂိုလ်မှာ ၁-ဂဏန်းသင်္ကေတပြုထားသော လောကီပညာရှင် (The Magician) ဖြစ်သည်။ ကျိုင်းတံကိုင်ထားသော လက်တစ်ဖက်သည် ကောင်းကင်ကို ညွှန်ထားပြီး အခြားလက်တစ်ဖက်သည် မဟာပထဝီမြေကြီးကို ပြညွှန်ထားသည်။ ဆန့်ကျင်ဖက်တို့၏ ပေါင်းစည်းမှုသဘောကို ဆိုလိုခြင်းဖြစ်၏။

စားပွဲပေါ်၌ တင်ထားသော ဒင်္ဂါး၊ ဖလားနှင့် ရွှေဓားအဆင်အယင်နှင့်တကွ ဦးခေါင်းထက်မှ "ထ" ပုံသဏ္ဌာန်သည်လည်းကောင်း၊ ခါးပတ်ပေါ်ရှိ မိမိအမြီး မိမိမျိုထားဟန် မြွေရုပ်ပုံသည်လည်းကောင်း၊ လျှို့ဝှက်ဆန်းကြယ်သော လောကီသဘာဝနှင့် သံသရာလည်မှုသဘောကို **ပြဆိုသည်ဟု** အဓိပ္ပာယ်ဖွင့်ပြလေ့ရှိ၏။

ဖာတစ်လုံးခေါင်းကျားသည် လောကီပညာရှင်ထံမှ ဘဝဓာတ်ဆရာ လှည့်ဖျားတတ်ပုံအစုံစုံကို ရင်ဆိုင်နိုင်ရန် အတတ်ပညာများကို ဆည်းပူးခံယူရရှိလေပြီ။

**ဖော်ညွှန်းချက်။** ။ ဘဝအတွက် အဆင်သင့် ဖြစ်ခြင်းနှင့် အခွင့်အလမ်းသစ်များ လှမ်းဆွတ်ရေးအတွက် အားဖြည့်ထားခြင်း နိမိတ်သင်္ကေတကို ပြဆိုသည်။ ကားချပ်ပြောင်းပြန်ဖြစ်တည်သော် လှည့်စားမှုနှင့် ပညာတိမ်မှုသဘောကို ပြဆိုကြောင်း သိရာ၏။


### သီလရှင်ချုပ်

၂-ဂဏန်း သင်္ကေတပြုထားသော ကားချပ်၏ ပန်းချီပုံလွှာမှာ သီလရှင်ချုပ်(The High Priestess)ဖြစ်ပေသည်။ လောကုတ္တရာဆိုင်ရာ မိခင်အဖြစ် တင်စားထားခြင်း ဖြစ်သည်။ လောကုတ္တရာတရား မမေ့အပ်ကြောင်းကို ပြဆိုသည်။ ကျောက်တိုင်အဖြူနှင့် အနက်တို့သည် အလင်းနှင့်အမှောင်၊ ဓမ္မနှင့်အဓမ္မကို ဖော်ညွှန်းသည်။ သီလရှင်ချုပ်၏ စောင့်စည်းထားမှု သဘောသည် ဘဝအလားအလားနှင့်ပတ်သက်၍ ရိပ်မှောင်မှိုင်းပြဖြစ်တည်မှု နိမိတ်သင်္ကေတ ဖြစ်နေလေ၏။

**ဖော်ညွှန်းချက်။** ။ ကံတရား၏ လှည့်စားတတ်မှုနှင့် အလိုမပြည့်မှုကို ပြဆိုသည်။ ပြောင်းပြန်တည်ရှိသော် မောဟတရားပွားစည်းမှု များပြားခြင်းဟု ဆိုလို၏။




ပုတုဇနော ဥမ္မတ္တကောကားချပ်




လောကီပညာရှင်ကားချပ်






သီလရှင်ကားချပ်




ဘုရင်မကားချပ်




ဘုရင်ကားချပ်




ရဟန်းချုပ်ကားချပ်






ချစ်သူများကားချပ်

## ဘုရင်မ

၃–ဂဏန်းသင်္ကေတ ပြထားသောကားချပ်၏ ပန်းချီပုံလွှာမှာ ဘုရင်မဖြစ်ပေသည်။ လောကီဆိုင်ရာမိခင်အဖြစ် တင်စားထားခြင်းဖြစ်သည်။ ပင့်သနွေလွယ်ထားဟန်ရှိသော ဘုရင်မ၏ ဦးခေါင်းထက်၌ ကြယ် ၁၂ လုံးပါ သရဖူ ဆောင်းထားသည်။ နောက်ခံတွင် တောတောင် စိမ့်စမ်း ရေတံခွန်နှင့်တွေ့ရပြီး ခြေရင်း၌ရှင်သန်နေသော ကောက်ပဲသီးနှံများ တွေ့ရ၏။

**ဖော်ညွှန်းချက်။ ။** ပွားစည်းမှု၊ အလိုပြည့်မှုနှင့် တည်ငြိမ်သော ပေါင်းသင်းဆက်ဆံမှုကို ခံယူရကြောင်းပြဆိုသည်။ ပြောင်းပြန်ဆိုသော် လောကီစီးပွားပျက်စီးမှု နိမိတ်ဟုဆိုလိုသည်။

## ဘုရင်

၄–ဂဏန်းသင်္ကေတပြထားသော ကားချပ်၏ ပန်းချီပုံလွှာမှာ ဘုရင်ဖြစ်သည်။ လောကီဆိုင်ရာ ဖခင်အဖြစ် တင်စားထားခြင်းဖြစ်သည်။ အင်္ဂါဂြိုဟ်၏ အမှတ်အသားဖြစ်သော ဆိတ်ဦးခေါင်းရုပ်ပါ ပလ္လင်သလွန်ထက်၌ တည်ငြိမ်စွာထိုင်နေပုံဖြစ်သည်။ ညာလက်တွင် အီဂျစ်သမိုင်းဝင် ဘဝရှင်သန်မှု သရုပ်ဖော်သံလျက်ဓားကိုကိုင်ထားပြီး ဘယ်လက်ဖြင့် ကမ္ဘာလုံးကို ကိုင်ထား၏။

**ဖော်ညွှန်းချက်။** တန်ခိုး၊ အာဏာနှင့်တည်ငြိမ်မှု နိမိတ်သင်္ကန်ဖြစ်သည်။ ပြောင်းပြန်ဆိုသော် အစိုးမရမှုနှင့် ရင့်ကျက်မှုအားနည်းခြင်းကို ပြဆို၏။

## ရဟန်းချုပ်

၅–ဂဏန်းသင်္ကေတပြထားသောကားချပ်၏ ပန်းချီပုံလွှာမှာ /ရဟန်းချုပ်ဖြစ်သည်။ လောကုတ္တရာဆိုင်ရာဖခင်အဖြစ်တင်စားထားခြင်းဖြစ်သည်။ သီလရှင်ချုပ်နှင့် မတူသောအချက်မှာ ရဟန်းချုပ်ရှေ့တွင် တပည့်ပရိသတ် ရှိနေခြင်းဖြစ်သည်။ ကာယိန္ဒြေနှင့် ပြည့်စုံသော်လည်း ပွင့်လင်းမှုသဘောဆောင်ပါ၏။

**ဖော်ညွှန်းချက်။ ။** သူတော်ကောင်းများထံမှ အကူအညီရရှိခြင်း၊ သီလစင်ကြယ်မှု လိုအပ်ခြင်းနှင့် ဘဝအလားအလာ ပိုပြင်ကောင်းမွန်ခြင်းကို ပြဆိုသည်။ ပြောင်းပြန်ဖြစ်ပါမူ အကူအညီမဲ့မှုနှင့် ဒုစရိုက်ပွားများမှုကို ပြဆို၏။

## ချစ်သူများ

ဖတစ်လုံးခေါင်းကျားသည် လောကီမျက်လှည့်နည်းပြဆရာ လောကီနှင့် လောကုတ္တရာ နှစ်ဖြာသော မိခင်၊ ဖခင်များထံမှ ဘဝသစ္စာတရားခံယူရရှိပြီးနောက်တွင် ဘဝ၏ အရေးပါသည့် စမ်းသပ်ချက်တစ်ရပ်ဖြစ်သော ချစ်ခြင်းမေတ္တာ (Love) သဘာဝနှင့် နဖူးတွေ့ဒူးတွေ့ ကြုံရလေပြီ။

၆–ဂဏန်းသင်္ကေတပြထားသော ကားချပ်ပန်းချီမှာ ချစ်သူနှစ်ဦးပုံဖြစ်သည်။ ၎င်းတို့နောက်အပါး၌ နတ်တစ်ပါးကိုတွေ့ရမည်။ ဖူးစာရေးနတ်ကို တင်စားထားဟန်ရှိ၏။

**ဖော်ညွှန်းချက်။ ။** ဘဝတိုက်ပွဲဝင် အဖော်ကိုပြဆိုသည်။ အချို့ကမူ မွန်မြတ်သော သို့မဟုတ်ယုတ်ညံ့သော အချစ်တရားနှစ်ပါးအနက် တစ်ပါးပါးကို ရွေးချယ်ရခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ ပြောင်းပြန်ဆိုသော် အဖော်ရွေးချယ်မှားမှုနှင့် အိမ်ထောင်ရေးပျက်စီးမှု၏ နိမိတ်သင်္ကန်ဟု ဆိုလို၏။



150/.
22-4-96
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်
Sarpay Beikman Public Libra

# အခန်း (၃)

# ပုထုဇနော ဥမ္မတ္တကောခရီးစဉ် (၂)

ဘဝအဖော်ရပြီးသော ပုထုဇနောဥမ္မတ္တကော ဖတစ်လုံးခေါင်းကျားသည် ဘဝသစ္စာရှာဖွေရန်အတွက် ခရီးဆက်လက်ထွက်ခွာလာသည်။ ဘဝ၌ အမှန်တကယ်လိုအပ်သော လောကကျင့်ဝတ် (Morals) သို့မဟုတ် လောကနီတိကို ဦးစွာပွားများဖြည့်ဆည်းရန်အာရုံပြုလိုက်သည်။ ရှေးဘဝများစွာတွင် ပြုခဲ့ဖူးသော ကုသိုလ်ကံအရှိန်အဟုန်ကြောင့် လောကီဆန်သော အတိတ်နိမိတ်များကိုတွေ့ရလေ၏။

## သူရဲကောင်းစီးရထား

"ဖတစ်လုံးခေါင်းကျား"သည် ၇– ဂဏန်းသင်္ကေတပြထားသော ရှေးဟောင်း အီဂျစ်စဖင့်(Sphinx) နှစ်ကောင်ကသော သူရဲစီးရထား (The Chariot)ကို တွေ့လိုက်ရသည်။ တောက်ပြောင်သော ချပ်ဝတ်တန်ဆာဝတ်ထားသော သူရဲကောင်းတစ်ယောက်သည် တစ်ကိုယ်ထီးတည်း ဘဝတိုက်ပွဲ စစ်မြေပြင်သို့ ရဲရင့်ဝံ့ကြွားစွာ ဝင်ရောက်နေဟန်ကို တွေ့ရ၏။

**ဖော်ညွှန်းချက်။ ။** သူရဲကောင်းစီရထား၏ အဓိပ္ပာယ်မှာ ဘဝဟူသည် တိုက်ပွဲဖြစ်သည်။ အခက်အခဲများကို ဇောက်ချရင်ဆိုင် ကျော်လွှားရမည်။ ထိုရောအခါတွင် "မိမိကိုယ်သာ အားကိုးရာ" ဟူသော ဆောင်ပုဒ်ဖြင့် ကိုယ့်ဒူးကိုယ်ချွန်၍ လူတစ်လုံးသူတစ်လုံး (Self-Assertion)ဖြစ်ရေးကို ပျိုးထောင်ရမည်ဟူသော နီတိ (ဝါ) လိုအင်ချက်ကို ပြဆိုသည်။ တရိကားချပ်ဖြန့်ကြက်မှုတွင် ကောင်းသောနေရာဘဝ၌ ထိုကားချပ်ကို တွေ့ရသော် မိမိပန်းတိုင်သို့ ရှေ့ရှုချီတက်ရာတွင် ကိုယ့်ဒူးကိုယ်ချွန်၍ အခက်အခဲဟူသမျှကို နှိမ်နင်းကျော်လွှားနိုင်မည်ဟုပြညွှန်း၏။

ပြောင်းပြန်ကားချပ်ဖြန့်ကြက်မှုသည် ကိုယ့်အားကိုယ်ကိုး၍ အခက်အခဲများကို ကျော်လွှားခြင်းငှာ မတတ်နိုင်။ "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်သဘော"ဖြင့် လုပ်ဆောင်ခြင်းကြောင့် လမ်းလွဲမည့်အဓိပ္ပာယ်ကိုပြညွှန်း၏။

## ခွန်အား

ကိုယ့်အားကိုယ်ကိုးပြီး ဘဝခရီးလျှောက်လှမ်းသော "ဖတစ်လုံးခေါင်းကျားသည်" လောဘနှင့် ဒေါသစရိုက်ပြင်းထန်သော ခြင်္သေ့တစ်ကောင်အား လက်နက်မပါ၊ ဗလာလက်ချည်းသက်သက်ဖြင့် နှိပ်ကွပ်နေသော ပုဂ္ဂိုလ်တစ်ဦးကိုတွေ့ရသည်။ ဂဏန်းသင်္ကေတပြထားသော ခွန်အား (strength) တရိကားချပ်၏ ပန်းချီပုံအရ စိတ်ဓာတ်ခွန်အားကောင်းသူကို ခြင်္သေ့ကမလွန်ဆန်နိုင်ဘဲ လူသားထံအောက်ကျို့ အရှုံးပေးနေရပုံ အဓိပ္ပာယ်ဆောင်၏။

**ဖော်ညွှန်းချက်။ ။** သတ္တိဗျတ္တိပြည့်စုံမှု၊ ဆုံးဖြတ်ချက် ခိုင်မာမှုနှင့် စိတ်ချုပ်တည်းတတ်ခြင်း၏အရေးပါမှုကို ပြဆိုသည်။ မကောင်းသော စိတ်ဓာတ်နှင့်ယုတ်ညံ့သော အကျင့်စရိုက်ကို ချိုးနှိမ်ရန်လိုအပ်ကြောင်း ပြဆိုသည်။ တစ်နည်းအားဖြင့် မိမိ၏ ကိုယ်စိတ်နှစ်ပါးကောင်းစွာ ဆောက်တည်ခြင်းဖြင့် အောင်ပွဲဆင်ရမည်ဟူသော နီတိပြညွှန်း၏။

ကားချပ်ပြောင်းပြန်သည် အခွင့်အာဏာ အလွဲသုံးစားမပြုမိနှင့် စိတ်ဓာတ်မတည်ငြိမ်ခြင်းကြောင့် အရှုံးနှင့် ရင်ဆိုင်ရမည်ဟူသော အဓိပ္ပာယ်ကို ပြညွှန်း၏။




သူရဲကောင်းစီး ရထားကားချပ်




စွမ်းအားကားချပ်




ရသေ့

ဘဝသစ္စာရှာဖွေရန် ဆက်လက်လျှောက်လှမ်းသော “ဖတစ်လုံးခေါင်းကျား” သည် လက်တစ်ဖက်၌ တောင်ဝှေး၊ လက်တစ်ဖက်တွင်မီးအိမ်ကိုင်ထားသောရသေ့တစ်ဦးကိုတွေ့လိုက်ရပြန်သည်။၉–ဂဏန်းသင်္ကေတပြုထားသောရသေ့ (The Hermit) ကားချပ်၏ပုံလွှာအရဲ ပုထုဇဉ်တို့ ကြောက်လန့်လေ့ရှိသော အထီးကျန်ဖြစ်မှုကို မြိုးမြိုခြင်းနှင့် ခန္တီတရားတို့ဖြင့် အောင်နိုင်ပုံ၊ လောကကို အလင်းဆောင်နိုင်ပုံကို တွေ့ရ၏။

**ဖော်ညွှန်းချက်။** ။ သမထနှင့် ဘာဝနာတရား၌ မွေ့လျော်တတ်မှု၊ အေးချမ်းဆိတ်ငြိမ်စွာ လုပ်ကိုင်ရှာမှီးတတ်မှု (ဝါ) စိတ်ရှည်စွာ လုပ်ငန်းကို အကောင်အထည်ဖော်တတ်ခြင်း၏ အရေးပါသော လိုအပ်ချက်ကို ပြညွှန်း၏။

ပြောင်းပြန်ကားချပ်ဖြန့်ကြက်မှုသည် စိတ်မြန်ကိုယ်မြန်လုပ်တတ်မှုနှင့် ပေါက်လွှတ်ပဲစား ကျင့်ကြံမှုကြောင့် အရှုံးနှင့် ရင်ဆိုင်ရမည်ဟူသော အဓိပ္ပာယ်ကို ပြညွှန်း၏။





ရသေ့ကားချပ်

## ကြမ္မာရဟတ်

လောကနီတိနှင့် လောကကျင့်ဝတ်သင်ခန်းစာများကို အထိုက်အလျောက် နားလည်သဘောပေါက်ပြီးဖြစ်သော **"ဓာတစ်လုံးခေါင်းကျား"**၏ ကံကြမ္မာကား ဤအတိုင်းမနေ။ အပြောင်းလဲကြီးပြောင်းလဲရန် တာစူနေလေပြီ။ သူကား ဘဝ အလှည့်အပြောင်းကို လုံးဝအမှုမထား၊ မျှော်မှန်းထားသော ဘဝပန်းတိုင်လှမ်းကိုင်နိုင်ရေးအတွက် တွေ့ကြုံရမည့် လောကဓံ တရားများကို ရင်ဆိုင်ရန် အသင့်ဖြစ်နေပြီဖြစ်၏။

**ဗေဒင်ဟောချက်။** ၁၀-ဂဏန်းသင်္ကေတ ပြထားသော တရော့ကားချပ်၏ ပန်းချီပုံမှာ ကြမ္မာရဟတ် (The Wheel of Fortune)ဖြစ်သည်။ ကံအလှည့်အပြောင်းအသစ်တစ်ရပ် တွေ့ရမည့် နိမိတ်ကို ပြဆိုသည်။ ကောင်းသောနေရာ၌ရှိနေ၍ ၎င်းကားချပ်ကို တွေ့ရသော် ဘဝအောင်ပန်းအတွက် အခြေအနေကောင်းများဖြစ်ပေါ်လာမည် (ဝါ) ကံကောင်းလာမည်ဟု အဓိပ္ပာယ်ဖော်ဆောင်ရမည်။ ကားချပ်ပြောင်းပြန်ဆိုသော် ဘဝအခြေအနေပေးမှုကို လက်လွှတ်ဆုံးရှုံးတတ်ခြင်းကို ပြဆို၏။





ကြမ္မာရဟတ်ကားချပ်






တရားမျှတမှုကားချပ်




ခြောက်ထိုးကျွမ်းပြန်ပုဂ္ဂိုလ်




သင်္ချိုင်းတရားကားချပ်



**တရားမျှတမှု**

ကိုယ့်အားကိုယ်ကိုးတတ်မှု၊ သတ္တိဗျတ္တိနှင့်ပြည့်စုံမှု၊ စိတ်ချုပ်တည်းတတ်မှု၊ ခန္တီတရားနှင့် ခြိုးခြံမှု အစရှိသော နိမိတ်နီတိရရှိသော **"ဖာတစ်လုံးခေါင်းကျား"**သည် တရားမျှတမှု သဘောကို ရင်ဝယ်ပိုက်တတ်ပြီး ၁၁–ဂဏန်းသင်္ကေတမှ ပြထားသော **တရိုကားချပ်၏** ပန်းချီတွင် လက်တစ်ဖက်တွင် ဓား၊ လက်တစ်ဖက်တွင် ချိန်ခွင် အမှတ်အသားပါသော တရားမျှတမှု (Justic) အဓိပ္ပာယ်ကို ရှင်းလင်းစွာ ပြဆိုဖော်ဆောင်ပြီးဖြစ်၏။

**ဖော်ညွှန်းချက်။** ။ ချိန်ခွင်လျှာမျှနေသော စိတ်ဓာတ်အားအင် (Balanced Mind)ပြည့်ဆီးရန် လိုအပ်ခြင်း အဓိပ္ပာယ်ပြညွှန်းသည်။ ကားချပ်ဖြန့်ကြက်မှုတွင် ကောင်းသောနေရာ၌တွေ့ရသော် ဆင်ခြင်တုံတရားပြည့်ဝခြင်း၊ ပညာရေးနှင့် တရားရေးရာအမှုတွင် အောင်မြင်ခြင်းဟု အဓိပ္ပာယ်ဆောင်မှုသည် ကားချပ်ပြောင်းပြန်ဖြန့်ကြက်မှုရှိသော် ဘက်လိုက်တတ်သော စိတ်ဓာတ်လွှမ်းမိုးမှုနှင့် တရားရှုံးမှုကို ပြညွှန်း၏။

**ဇောက်ထိုးကျွမ်းပြန်ပုဂ္ဂိုလ်**

လောကနီတိ (ဝါ) လောကကျင့်ဝတ်များနှင့် ပြည့်စုံလာသော ဖာတစ်လုံးခေါင်းကျားသည် ဇောက်ထိုးကျွမ်းပြန်ဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရပြန်လေသည်။ ၁၂–ဂဏန်းသင်္ကေတပြထားသော ကားချပ်ပန်းချီပုံတွင် ဇောက်ထိုးပုဂ္ဂိုလ် (The Hanged Man)သည် ဦးခေါင်းဇောက်ထိုးဖြစ်နေသော်လည်း မြင့်မြတ်သောအကျိုးအတွက် မိမိအသိဖြင့်မိမိ အနစ်နာခံတတ်ခြင်း၏ တန်ဖိုးရှိပုံ အဓိပ္ပာယ်ဆောင်ယူသည်။

**ဖော်ညွှန်းချက်။** ။ အများအကျိုးဆောင်ကိုယ့်အကျိုးအောင်ဟူသော ပြညွှန်းချက်ဖြစ်သည်။ ကားချပ်ပြောင်းပြန်ဆိုသော် တစ်ကိုယ်ကောင်းဆန်မှုကြောင့် အရာမထင်မှုကို ပြညွှန်း၏။

**သင်္ချိုင်းတရား**

ဖြစ်ပြီးတည်၊ တည်ပြီးပျက်၊ ပျက်ပြီးဖြစ်နေသော လောကအတွင်းသို့ ကြမ္မာရဟတ်လည်တတ်သော ပုထုဇဉ် "ဖာတစ်လုံး ခေါင်းကျား"သည် ရဲဝံ့စွန့်စားစွာ ဝင်ရောက်ခဲ့သည်။ လောကဓံတရားများနှင့် ကြေနပ်တွေ့ကြုံရပေမည်။ ဘဝ အလှည့်အပြောင်း ကြေနပ်ကြုံလေပြီ။

**ဖော်ညွှန်းချက်။** ၁၃ ဂဏန်း သင်္ကေတပြထားသော အဓိက တရိုကားချပ်၏ ပန်းချီပုံမှာ သင်္ချိုင်းတရား (Death)ကို ဖော်ကျူးထားသည်။ "သေဆုံးခြင်း"ဟု တစ်ထစ်ချမှတ်ယူခြင်းမပြုရန် အရေးကြီးသည်။ အရာရာသည် ဖြစ်ပျက်ပြုပြင် ပြောင်းလဲခြင်း၊ နိယာမဥပဒေကို ဖော်ဆောင်ခြင်းသာဖြစ်သည်။ ဥပမာပြရသော် အိမ်ထောင်ရှင်ဖြစ်က အိမ်ထောင်ပျက်စီးတတ်မှု၊ အပျိုဖြစ်က အပျိုဘဝပျက်၍ အိမ်ထောင်ကျတတ်မှုစသည်တို့ကို ဖော်ညွှန်းသည်။ ကားချပ်ပြောင်းပြန်ဆိုသော် ရှေ့မတိုး နောက်မဆုတ် အိနေခြင်း၊ ကံဆိုးခြင်းဟု အဓိပ္ပာယ်ကောက်ယူရန်ဖြစ်၏။

# အခန်း (၄)

## ပုထုဇနော ဥမ္မတ္တကော ခရီးစဉ် (၃)

လောကနီတိနှင့် လောကကျင့်ဝတ် သင်ခန်းစာများ ဖြည့်ဆည်းပြီးသော ပုထုဇနောဥမ္မတ္တကော "ဖာထစ်လုံးခေါင်းကျား"၏ ဘဝအခြေအနေကား တစ်ဆင့်တိုးတက်ပြောင်းလဲလေပြီ။ မိမိလိုလားသော ပန်းတိုင်သို့ ရှေ့ရှုလျှောက်လမ်းရာ၌ လောကတံထွာ ဓမ္မတာအတိုင်း လောကဓံတရားများကို ရင်ဆိုင်ဖြတ်သန်း ကျော်လွှားနိုင်ရန် အရည်အချင်းများ ပြည့်စုံသင့်သလောက် ပြည့်စုံပြီးဟု ဆိုရမည်ဖြစ်၏။

**ချုပ်တည်းခြိုးခြံမှု**

ပုထုဇဉ်ဟူသည် အခြေခံအားဖြင့် မိမိဘဝတည်မြဲရေး၊ ပိုမိုတိုးတက်ကောင်းမွန်ရေးတည်းဟူသော အတ္တကိုယ်ကျိုးစီးပွားကို ကြည့်ကြစမြဲပင်။ သို့ဖြစ်သည့်တိုင် မိမိကဲ့သို့ပင် ကိုယ်ကျိုးကြည့်သော ပုထုဇဉ်များနှင့် ဆက်ဆံပေါင်းသင်းရသောအခါ စိတ်ကိုလွှတ်ပြီး ထင်တိုင်းကြံ၍မရ။ လောဘနှင့် ဒေါသကို ချုပ်တည်းရသည်။ ပရဟိတနယ်ပယ်နှင့် ချိန်ခွင်လျှာကိုက်ညီအောင် လုပ်ဆောင်ရသည်။ ကိုယ့်လာဘ်လာဘပေါ်များရေးကိုချည်း လုပ်၍မရပေ။ လာဘ်တိတ်သည့်အခါတိတ်မည်။ လာဘ်ရွှင်သည့်အခါလည်းရွှင်မည်။ မိမိဆန္ဒနှင့် မကိုက်ညီသော်လည်း သည်းခံရသည်။ မျှတအောင်ပေါင်းစပ်ရသည်။ ပြုပြင်ပြောင်းလဲပေးရသည်။ "ဘဝဟူသည် ရယူခြင်းမဟုတ်၊ ပေးဆပ်နေရခြင်း"ဖြစ်သည်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ခြိုးခြံစွာကျင့်ကြံအားထုတ်ရသည်လည်းရှိသည်။ "ဖာတစ်လုံးခေါင်းကျား"ကား ဘဝပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ ဆက်လက်တက်လှမ်းမည်သာဖြစ်၏။

**ဖော်ညွှန်းချက်။** ၁၄ ဂဏန်း သင်္ကေတပြုထားသော ချုပ်တည်းခြိုးခြံခြင်း (Temperance) ကားချပ်၏ပန်းချီပုံမှာ ငွေခွက်တည်းဟူသော ဖုံးကွယ်သိစိတ် (Sub-concious Mind)နှင့် ရွှေခွက်တည်းဟူသော သိမြင်စိတ် (Concius Mind) တို့ကို မျှတသမအောင် ဆောင်ရွက်ခြင်းတည်းဟူသော ဘဝ၏ အနှစ်သာရကို ဖော်ကျူးထားသည်။ လျော်ကန်သင့်မြတ်အောင်ပြုရခြင်း (Adaptation)၊ အကျိုးတူဖြစ်အောင် ပေါင်းစပ်ရခြင်း (Co-ordination)နှင့် ပြင်ဆင်ပြောင်းလဲရခြင်း (Modification) အမှုတို့ကို ပြညွှန်းသည်။ ကားချပ်ပြောင်းပြန်ဖြစ်သော် ထောင်ထားခြားနားခြင်း၊ အကျိုးမဲ့သော ပေါင်းစပ်မှုစသည်တို့ကို ပြဆို၏။






ချုပ်တည်းခြိုးခြံမှုကားချပ်




လူကြမ်းဓာတ်ဆောင်ကားချပ်




မျှော်စင်ကားချပ်



## လူကြမ်းဓာတ်ဆောင်


ပုထုဇဉ်ဟူသည် ဘဝဓာတ်ဆရာ၏ **အလိုကျကခဲ့ရသည်မှာအမှန်။** လူမှန်းများလျှင်များစေ၊ အကဲ့ရဲ့ခံရလျှင်လည်း ခံရစေ၊ လူကြမ်းစရိုက်ကို မလွဲသာမရှောင်သာ **ခံယူရသည့်အခါမျိုးလည်းရှိသည်။** "ဖာတစ်လုံးခေါင်းကျား"သည် မိမိစိတ်ဆန္ဒနှင့်ကင်းလျက်၊ ရံဖန်ရံခါဆိုသလို **သရဲသဘက်ပမာ** ကျင့်သုံးလုပ်ဆောင်ရမည်ကိုလည်း နားလည်သဘောပေါက်ထားသည်။ အခြေအနေအရ မီးလိုနေလို **ကျင့်ကြံရသည်လည်းရှိသည်။ မိမိ၏ စိတ်စေတနာ မှန်မြတ်မှန်ကန်လျှင်** အချိန်တန်သော် ချီးမွမ်းထောပနာပြုခြင်း **ခံရမည်။ သူတစ်ပါးက** 'နားလည်သဘောပေါက်မှု ရှိလာကြမည်ဟုလည်း ယုံကြည်ထားသည်။ လောကဓံတရားကို ကြံ့ကြံ့ခံ၍ လိုရာခရီးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ **ကိုယ့်အားကိုယ်ကိုး** ပြတ်ပြတ်သားသားဆက်၍သာ ခရီးနှင်လေတော့၏။

**ဖော်ညွှန်းချက်။** ၁၅ ဂဏန်းသင်္ကေတ ပြထားသော လူကြမ်းဓာတ်ဆောင် (The Devil) ကားချပ်၏ ပန်းချီပုံ၌ လင်းဆွဲတောင်ပံနှင့် မြည်းနားရွက်ပုံများ တွေ့ရမည်။ ရုတ်တရက် အဟုန်ဖြင့် လျင်မြန်စွာထလုပ်ခြင်း၊ မျက်နှာပေါက်ဆိုးခြင်း၊ ခေါင်းမာခြင်းနှင့် ထုံပေပေနိုင်ခြင်း အစရှိသောသဘောသင်္ကေတကို ပြညွှန်းသည်။ ကားချပ်ဖြန့်ကြက်မှု၌ ပါဝင်လာသော် မိမိအသိနှင့် ဆန့်ကျင်သောစရိုက်ကို တမင်တကာဖန်တီး ပြုလုပ်ရခြင်းနှင့် ဆုံးဖြတ်ချက်ခိုင်မာပြတ်သားရခြင်းနှင့် တစ်နေ့တွင် မိမိအနိုင်ရမည်ဟူသော သဘောအဓိပ္ပာယ် ဆောင်ယူသည်။ ကားချပ်ပြောင်းပြန်ဆိုသော် ကြောက်ရွံ့ခြင်း၊ ဆုံးဖြတ်ချက် မချနိုင်ခြင်းစသည်များကို ဖော်ညွှန်း၏။


## မျှော်စင်

မိမိပင်ကိုယ်စိတ်ရင်းကို မျက်ကွယ်ပြု၍ အခြေအနေအရ လူကြမ်းဓာတ်ဆောင်အဖြစ် ကပြခဲ့ရသော "ဖာတစ်လုံးခေါင်းကျား"သည် ပစ္စက္ခအခြေအနေတွင် ပထမဆုံးသော လူဖန်တီးသည့် အချင်းအရာဖြစ်သော **မျှော်စင်** (The Tower)နှင့် အကြောင်းဆုံမိကြောင်း သတိပြုမိသည်။ မျှော်စင်၌ ပိတ်လှောင်ခံရခြင်းဟူသော တင်စားချက်မှာ လူ့အဖွဲ့အစည်းနှင့် လူ့ထုံးဓလေ့များဆိုင်ရာ အကောင်းအဆိုး ရောမွှန်းနေသော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွဲ့နှောင်မှုဖြစ်ကြောင်း နားလည်လိုက်သည်။ ယင်းတို့အနက်မှ မိမိနှင့် သင့်လျော်ရာကို ခံယူဖွားများရန် လိုအပ်ကြောင်းကိုလည်း သဘောပေါက်လိုက်သည်။ "ထူးလျှင်လည်းထူးမှ၊ ရူးလျှင်လည်းရူးမှ"ဆိုသကဲ့သို့ မိမိအား ချုပ်နှောင်ထားသော မမှန်ကန်သော သဘောတရားနှင့် ယွင်းမှားသော တန်ဖိုး (False values)များကို စွန့်ပယ်၍ လူသစ်စိတ်သစ်ဖြင့် ဘဝပန်းတိုင်သို့ **အရောက်ဆက်လက်ထွက်ခွာသွားလေပြီ။**

**ဖော်ညွှန်းချက်။** ၁၆ ဂဏန်းကို သင်္ကေတပြုထားသော တရိုကားချပ်၏ ပန်းချီပုံမှာ မိုးကြိုးထိမှန်၍ ပျက်စီးသွားသော မျှော်စင်ပန်းချီပုံလွှာဖြစ်သည်။ မကောင်းသော အဓိပ္ပာယ်မျိုးမဟုတ်ပါ။ လောဘ၊ ဒေါသ၊ မောဟတရားတို့ဖြင့် မည်းမှောင်နေသော စိတ်ဓာတ်ကို မမြင်နိုင်စွမ်းသော အစွမ်းသတ္တိတစ်ရပ်ကြောင့် အထိုက်အလျောက်ပယ်ရှား လွတ်မြောက်စေပုံသဘောပြဆိုသည်။ တစ်နည်းအားဖြင့်ဆိုရသော် လူအများရှီးကျူးခံရသည့် အခြေအနေသို့ ဆိုက်ရောက်တတ်မှု **သဘောအဓိပ္ပာယ်** ဖော်ညွှန်း၏။ ပြောင်းပြန်ဆိုသော် ညွှန့်တွင်းခွဲနစ်နေသော ပတ္တမြားရတနာပမာ၊ **ကန္တတ်ပေါ်ကင်းလျှောက်သည့်ပမာ လမ်း**ပေါင်း၌ တဝဲလည်လည်ဖြစ်နေခြင်းကို ပြညွှန်း၏။




ပေပ်ဖမ်းလကားချပ်




ငွေကြယ်ကားချပ်



## ငွေကြယ်

မျှော်စင် အချုပ်အနှောင်မှ လွတ်မြောက်လာသော "ဖာတစ်လုံးခေါင်းကျား"သည် ခရီးမဆိုင်းဘဲ မှောင်နှင့်မည်းမည်း ညအချိန်၌ပင်လျှင် ရှေ့ခရီးကို ရဲရဲစွာ ဆက်လျှောက်လေသည်။ ဘဝပန်းတိုင်ရောက်လုနီးပြီဖြစ်၍ ရှေ့တွင် မိုမိုများပြားသော အတားအဆီး အခက်အခဲများ ကြေနံကြုံရမည်ကို မျှော်လင့်ထားသည်။ လောက၌ နိုင်ခြေမှမဟုတ်ဘဲ ရှုံးခြေအနေအထား မျိုးမှ အနိုင်ရအောင် ကြိုးပမ်းအားထုတ်ရသည့်အဖြစ်မျိုးနှင့်လည်း တွေ့ရတတ်သည် မဟုတ်ပါလား။

ကံတရား၏ မျက်နှာသာပေးမှုကြောင့်လားမသိ။ တိမ်မည်းများ ကင်းစင်သွားပြီး ရေတော်သူ ရေပြင်ကို တွေ့မြင်လိုက်ရ သည့်ပမာ ငွေကြယ်၏ အလင်းရောင်ကို ဝမ်းသာဖွယ်ရာ တွေ့လိုက်ရသည်။ စိုးရိမ်ကြောင့်ကြမှုများ ပြေပျောက်ပြီး အားတက်ခြင်းနှင့် ဝမ်းသာပျော်ရွှင်ခြင်း သုခရရှိခဲ့လေပြီ။

**ဖော်ညွှန်းချက်။** ၁၇ ဂဏန်းသင်္ကေတပြထားသော တရိုကားချပ်၏ ပန်းချီပုံမှာ ငွေကြယ် (The Star) ဖြစ်သည်။ ထွန်းလက်နေသော ကြယ်ရောင်အောက်၌ ရေအိုင်ထဲရေသွန်းလောင်း ဖြည့်တင်းနေသော အမျိုးသမီးတစ်ဦး၏ ပုံရိပ်ကို တွေ့ရမည်။ မျှော်လင့်ချက်နှင့် ဝမ်းသာကြည်နူးမှုကို ပေးစွမ်းမည့်အဓိပ္ပာယ် ဆောင်ယူ၏။ ကားချပ်ပြောင်းပြန်ဆိုသော် စိတ်ဓာတ်ကျမှု၊ မျှော်လင့်ချက်ကင်းမှုကို ပြညွှန်း၏။

## ပေပ်ဖမ်းလ


"ဖာတစ်လုံးခေါင်းကျား"သည် အေးမြသောအရောင်ကို မျှော်ကိုးလျက် လပြည့်ညအခါတွင် ခရီးဆက်သည်။ နိုင်ခြေဖြင့် လုပ်ဆောင်ခြင်းဟု တင်စားမှုပြုနိုင်ပါသည်။ လကားထွက်ပါသည်။ သို့သော် ပေပ်ဖမ်းခံရသည်။ လမှ သွေးစက်များ ယိုစီးကျလာရာ အောက်မှမြေခွေးနှင့် ခွေးများက ပါးစပ်ဟ၍ ခံယူသောက်သုံးနေသော ပုံရိပ်များကို မှုန်ရီရိုးတဝါး တွေ့လိုက်ရသည်။ စိတ်တွေ့အခြောက်ခံရသည့်နယ် ခံစားမိသည်။ လောကဓံတရားပေပဲ။ "ဖာတစ်လုံးခေါင်းကျား"ကား မမှုပါ။ လမင်းပင်လျှင် ပေပ်ဖမ်းခံရတတ်သေးသည် မဟုတ်ပါလား။ မည်သို့ဆိုစေ ရည်မှန်းချက်ကို စွန့်ပယ်၍မဖြစ်၊ ပန်းတိုင်သို့ မရောက်ရောက်အောင် တက်လှမ်းရမည်သာဖြစ်၏။

**ဖော်ညွှန်းချက်။** ၁၈ ဂဏန်းသင်္ကေတ ပြထားသော ပေပ်ဖမ်းလ၏ ဖော်ညွှန်းချက်မှာ လိမ်လည်လှည့်စားခံရခြင်း၊ မျှော်လင့်ချက်ကင်းခြင်းနှင့် မရေမရာမသေချာမှု၏ ဒုက္ခသသော အဓိပ္ပာယ်ဆောင်သည်။ ကားချပ်ပြောင်းပြန်ဆိုသော် နိုင်ခြေရှိသည့်တိုင် မည်သည့်စွန့်စားမှုမျိုးကိုမျှ မပြုလုပ်ရန် သတိပေးချက်ဖြစ်၏။

## နေသူရိန်

ညပြီးလျှင် နေ့ရောက်မည်။ ပေပ်ဖမ်းလရောင်အောက်မှမှုန်ဝါးဝါးမရေရာမှုများသည် နေသူရိန်အလင်းရောင်ကြောင့် ကြည်လင်ပြတ်သားလာသည်။ ခြေရာသင်းပင်းများ အထင်အရှား တွေ့မြင်ရရှိလာသည်။ ပန်းပေါင်းဝေဆာ ဖူးပွင့်နေသည့် ပတ်ဝန်းကျင်တွင် "ဖာတစ်လုံးခေါင်းကျား"ကို မြင်းဖြူကြီးစီးနေသော အားတက်ဝမ်းသာဖြစ်နေသော ကလေးငယ်ပမာ တင်စားရပေမည်။ လွတ်လပ်ခြင်း၊ မိတ်ကောင်းဆွေသစ်နှင့် ပြည့်စုံခြင်း သဘောသကန်တွေ့ရ၏။

**ဖော်ညွှန်းချက်။** ၁၉ ဂဏန်းသင်္ကေတ ပြထားသော တရိုကားချပ်၏ ပန်းချီပုံ နေသူရိန် (The Sun)သည် ကြီးပွားခြင်း၊ အခြေအရံသင်းပင်းနှင့် ပြည့်စုံခြင်းဟူသော အဓိပ္ပာယ်ဖော်ညွှန်း၏။ ပြောင်းပြန်ကားချပ်ဖြစ်သော် အဟန့်အတားများပြားခြင်း၊ အဖော်အသင်းနှင့် ကွဲကွာခြင်းစသည်တို့ကို ပြဆို၏။




နေသူရိန်ကားချပ်






ကမ္ဘာလောကကားချပ်




ပုဇ္ဇွစကတပုညတာကားချပ်

**ပုဗ္ဗေစကတပုညတာ**

လာဘ- အလာဘ၊ ယသော-အယသော၊ နိန္ဒ၊ ပသံသာ၊ သုခ၊ ဒုက္ခတည်းဟူသော လောကဓံတရားများကို ရင်ဆိုင်ကျော်လွှား၍ မိမိဘဝပန်းတိုင်သို့ မမိုတ်မသုန်ရှေ့ရှု ပျှာက်လှမ်းသော "ဖာတစ်လုံးခေါင်းကျား"သည် သဗ္ဗေသတ္တာ ကမ္မဿကာနိယာမအတိုင်း မိမိပြုခဲ့သော ကံများ ကြောင်းပြု၍ အကျိုးတရားရရှိခဲ့ပြီ။ မိမိကံနှင့် လျော်ညီသော ဘဝအဆင့်အတန်းကို မလွဲမသွေရောက်ရှိရပေမည်။

**ဖော်ညွှန်းချက်။** ၂၀ ဂဏန်းသင်္ကေတ ပြုထားသော တရိုကားချပ်၏ ပန်းချီပုံမှာ စီရင်ချက် (Judgment)ဖြစ်သည်။ မြန်မာမှုပြုရသော် ပုဗ္ဗေစကတပုညတာသဘောဟု ဆိုရန်သင့်ပါမည်။ တရိုဝေဒဆိုင်ရာ အဖွင့်ကျမ်းများအရ ဘဝတွင် လိုက်လျောညီထွေဖြစ်လာခြင်း၊ မိမိအားထုတ်ကြိုးပမ်းချက်များ၏ အသီးအပွင့်ရလဒ်ကို ခံစားစံစားနိုင်ခြင်းဟု ပြဆိုကြကုန်၏။ ကားချပ်ပြောင်းပြန်ဆိုသော် ခုတ်ရာတစ်လွဲ ရှရာတခြားဟု ဖော်ညွှန်းရန်ဖြစ်၏။

**ကမ္ဘာကြီးကို ခါးစောင်းတင်**

ဘဝသစ္စာရှာဖွေသော "ဖာတစ်လုံးခေါင်းကျား"သည် တောင်တက်သမားပမာ တောင်ထိပ်သို့ ရောက်ခဲ့ပြီ။ မိမိ ကြိုးပမ်းချက်ပန်းတိုင်တစ်ခုသို့ ရောက်ခဲ့ပြီ။ ကာလ၊ ဒေသနှင့် ပယောဂအခြေအနေအလိုက် မိမိနှင့် သက်ဆိုင်သော ကမ္ဘာကို ခါးစောင်းတင်လိုက်နိုင်ပြီဟု ဆိုနိုင်သည်။ သို့သော် ရည်မှန်းချက်ပန်းတိုင်ကို ဆွတ်လှမ်းရယူလိုသော် တောင်အောက်သို့ တစ်ဖန်ပြန်ဆင်းရပေမည်။ အခြားပတ်ဝန်းကျင်ကမ္ဘာနှင့် ကြုံတွေ့ရင်ဆိုင်ဖြတ်သန်းရပေဦးမည်။ ထိုအခါ ပုထုဇနော ဥမ္မတ္တကောအာဝဖြင့် အစကနဦးမှ ပြန်စရပေဦးမည်သာဖြစ်၏။

**ဖော်ညွှန်းချက်။** ၂၁ ဂဏန်းသင်္ကေတ ပြုထားသော တရိုကားချပ်၏ ပန်းချီပုံမှာ ကမ္ဘာလောက (The World) ဖြစ်သည်။ မိမိမှန်းမျှော်ထားသော ပန်းတိုင်ကို ဆွတ်ကိုင်နိုင်ခြင်းဟု ရိုးရိုးလေးပင် အဓိပ္ပာယ်ဖွင့်ဆိုနိုင်၏။ ကားချပ်ပြောင်း ပြန်ဆိုသော် ပန်းတိုင်ရောက်ရန် အလှမ်းဝေးသေးသည်ဟု ပြညွှန်း၏။

**ချုပ်ရသော်**

ဤ ၂၁ ဂဏန်းသင်္ကေတပြုထားသော "ကမ္ဘာလောက"သင်္ကေတကားချပ်သည် တရိုဝေဒ၏ အဓိက ဂမ္ဘီရကားချပ်များ၏ နောက်ဆုံး ၂၂ခုမြောက် ကားချပ်ဖြစ်၏။ ဆက်လက်၍ သာမန်ဂမ္ဘီရ ကားချပ်များအကြောင်း ဖွင့်ဆိုရေးသားရန် လိုအပ်လာပါသည်။ ဤသို့ဖြစ်လျှင် အဓိကနှင့် သာမန်ကားချပ်များအကြား ပေါင်းကူးသဖွယ်ပြုထားသော တော်ဝင်ကားချပ် (Court Cards)များကိုလည်း ချန်မထားဘဲ တံတားခင်းသည့်နှယ် ရေးသားတင်ဆက်ရန် အကြောင်းဆိုက်လာပြီဟု ဆိုရမည် ဖြစ်လေတော့၏။



# အခန်း (၅)

## တရိုအဓိက ကားချပ်များဖြင့် ဗေဒင်ဟောကိန်းများ ထုတ်ဖော်ခြင်း၊

တရိုဝေဒကို စတင်တီထွင် အသုံးပြုသည့် လူမျိုးနှင့်ဒေသကို အတိအကျ ရေရာသေချာစွာ မသိရသော်လည်း မြေထဲ ပင်လယ် တစ်ဝိုက်မှ လူမျိုးစုများသည် တရိုကားချပ်အမျိုးမျိုးဖြင့် ဗေဒင်ဟောကြားမှု ပြုခဲ့ကြောင်းအထောက်အထားများကား အထင်အရှား တွေ့ရှိရပြီးဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို "ခေတ်အဆက်ဆက် မနောဆိုင်ရာတီထွင်ကြံဆ ပေါင်းစည်းမှု (Collective Subconcious)"ဟု တရိုဂမ္ဘီရဝေဒ ပညာရှင်များက ခံယူခဲ့ကြ၏။

မျက်မှောက်ခေတ် ဥရောပတိုက်မှ အမျိုးသားပြတိုက်များတွင် အေဒီ ၁၂ ရာစုခေတ်၌ တွင်ကျယ်စွာ အသုံးချ ခဲ့သော ရှေးဟောင်းတရိုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့သည်ဟု သိရသည်။ ၁၅ ရာစုမှ တရိုကားချပ် ထုပ်များကား အထူးထင်ရှားခဲ့သည်။ ဗင်းနစ်မြို့ကော်ရာပြတိုက် (Museo Correr At Vennice)၌ လေ့လာခွင့်ပြုထားသော ၁၄၄၅ ခုနှစ် လက်ရာ တရိုကားချပ်ထုပ်မှာ လူသိများလှသည်။ ၎င်းနှင့်ခေတ်ပြိုင် မင်ချီယာတီကားချပ်ထုပ် (Manchiati Set) ကိုမီလန်မြို့မှ ပုဂ္ဂိုလ်အချို့၏ လက်ထဲ၌ ပုဂ္ဂလိကပိုင်အဖြစ် သိမ်းဆည်းထားရှိကြောင်း သိရသည်။ ပြင်သစ်နိုင်ငံမှ မာဆိုင်းကားချပ်ထုပ် (Merselled Deck)သည် အကျော်ကြားဆုံးဖြစ်သည်။ မင်းမျိုးမင်းနွယ်နှင့် မှူးကြီးမတ်ရာကြီးများ တိတ်တခိုး သိုသိုသိပ်သိပ် သုံးစွဲခဲ့ရသော ကားချပ်ထုပ်များ ဖြစ်နေခြင်းကြောင့်ဟု သိရ၏။


ဂမ္ဘီရပညာရပ်များ ပြန်လည်ဖော်ထုတ် ဆန်းသစ်လာခြင်းနှင့်အတူ ၁၉၁၀ ပြည့်နှစ်တွင် အေအီးဝိတ် ပြုစုထုတ်ဝေဖြန့်ချိ ခဲ့သော တရိုသော့ချက် ပန်းချီကားချပ်ဟု အမည်ပေးထားသော ကားချပ်များကို တရိုဝေဒပညာရှင်အများစုသည် ယနေ့တိုင် လက်ကိုင်စံထားအသုံးပြုခဲ့ကြသည်။ ယင်းနှင့်အတူ တရိုအဓိက ကားချပ်များဖြင့် ဗေဒင်ဟောနည်းပုံစံများ ဆင့်ပွားလာသည်ဟု စာရေးသူခန့်မှန်းမိပါသည်။ အကိုးအကားအနေနှင့် ပြရသော် ကမ္ဘာကျော်ကိုင်ရိုကသူ၏ (Book of Numbers) တရိုဂမ္ဘီရအဓိက ကားချပ်ကို ကိုးကားပြီး နာမည်ဗေဒင်တွက်ပုံ ဖော်ဆောင်ထားခြင်းကို ပြညွှန်းလိုပါ၏။

စာရေးသူထံ မကြာသေးသောကာလ (၁၉၉၃ ခုနှစ် ဇက်တင်ဘာလ) တွင် ရောက်ရှိလာသော တရိုစာအုပ်တွင် အဓိကကားချပ်များ ဖြင့် ဗေဒင်ဟောကြားနိုင်ကြောင်း တွေ့ရှိရလေသည်။ ၎င်းစာအုပ်၏ (Copy Right) မူပိုင်ပြုထားသော နှစ်မှာ ၁၉၉၂ ခုနှစ်ဖြစ်၍ ခေတ်အမီဆုံး နောက်ဆုံးပေါ်စာအုပ်ဟု ဆိုနိုင်ပါသည်။ ထိုတရိုဝေဒ စာအုပ်၏အမည်မှာ တရို(ဝါ) အဆင့်မြင့် လမ်းကြောင်းသို့ ခြေလှမ်း ၂၂ ဟု အဓိပ္ပာယ်ရသော Tarot- 22 Steps to a Higher Path ဟူ၍ ဖြစ်သည်။ ကျမ်းပြုပုဂ္ဂိုလ်၏ အမည်မှာ ဒီဘီလော့စ်(D.B Lawerence) ဖြစ်ပါ၏။

တရိုဝေဒဖြင့် ဗေဒင်ဟောနည်းကားနှင့်စပ်လျဉ်း၍ ဒီဘီလောရင့်စ် ပြညွှန်းထားသော အချို့နည်းများမှာ လွယ်ကူရှင်းလင်း လှသည်။ ကားချပ်နှစ်ချပ်သာ အသုံးပြုရသော ချက်ချင်းလက်ငင်း (Instant)နည်း။ ကားချပ် သုံးချပ်သာအသုံးပြုရသော အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ပုံစံ (Past Present Future)နှင့် ကားလေးချပ်အသုံးပြုရသော ထိုးထွင်းသိမြင် ဖြန့်ကြက်နည်းပုံစံ (Thie Intuitive Spread)တို့ဖြစ်ပေ၏။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟောကိန်းထုတ်ရာတွင် ပထမကားချပ်ကို အတိတ်၊ ဒုတိယကားချပ်ကို ပစ္စုပ္ပန်၊ တတိယကားချပ်ကို အနာဂတ်အားပြညွှန်းသော ကားချပ်များအဖြစ် မှတ်ယူခင်းကျင်းရန်ဖြစ်သည်။ လွယ်ကူရှင်းလင်းလှ၍ အထူးရှင်းပြစရာပင် မလိုပါ။

**အဓိကကားချပ်** လေးချပ်သုံး၍ ထိုးထွင်းသိမြင်ဖြန့်ကြက်နည်း ပုံကိုမူ အဓိပ္ပာယ်ဖွင့်ဆို ဖော်ညွှန်းရန် လိုအပ်လာပါသည်။ ဖြန့်ကြက်မှု ပုံစံဒီဇိုင်းမှာ ပထမကားချပ်ကို အပေါ်မှာထားပြီး လက်ယာရစ် ၂-၃ နှင့် ၄ တို့ကို ခင်းကျင်းရန်ဖြစ်၏။




သရုပ်ပြပုံ ၅/က



(၁) နေရာသည် ချစ်ရေးကြိုက်ရေးနှင့် မိသားစုအရေးကို ပြညွှန်းသည်။
(၂) နေရာသည် ငွေရေးကြေးရေးကို ပြဆိုသည်။
(၃) နေရာသည် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးနှင့် ချမ်းသာရေးကို ပြဆိုပြီး
(၄) နေရာသည် အလုပ်အကိုင်နှင့်အသက်မွေးမှု ဝမ်းကျောင်းမှုကို ပြဆိုကြောင်း မှတ်ယူထားရန်ဖြစ်သည်။

သာဓကအဖြစ် ဖော်ပြပေးထားသော ပုံစံတွင်

(၁) နေရာ၌ ချစ်သူကားချပ်တွေ့ထားရာ စေ့စပ်ကြောင်းလမ်းပြီး သို့မဟုတ် အိမ်ထောင်ကျပြီးသူဟု အကြမ်းဖျင်း သိထားနိုင်၏။
(၂) နေရာ၌ သီလရှင်ချုပ်ကားချပ် တွေ့ထားရာ စီးပွားရေးနှင့် ငွေရေးကြေးရေးမှာ မရေရာသေးကြောင်း သိထားနိုင်၏။
(၃) နေရာ၌ ဘုရင်မကားချပ်တွေ့ထားရာ ချစ်သူ သို့မဟုတ် အိမ်ထောင်ဖက်သည် တောင့်တင်းနိုင်မာသော လူမှုရေးအခြေအနေရှိခြင်း၊ ကျန်းမာခြင်းကို ဟောဆိုနိုင်သည်။ ပဒိုသရွေ့ရှိခြင်းကိုလည်း ဟောနိုင်၏။
(၄) နေရာ၌ အင်အားကားချပ်သည် ပြောင်းပြန်ဖြစ်နေသည်။ ထို့ကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်သည် အလုပ်အကိုင်မရှိခြင်း သို့မဟုတ် အလုပ်အကိုင် အဆင်မပြေ၍ စိတ်ဓာတ်ကျနေခြင်းကို ပြဆိုနေ၏။

ဤနေရာတွင် တရိုဝေဒပညာရှင်၏ အခန်းကဏ္ဍလိုအပ်လာပြီ။ အလုပ်အကိုင်မရှိခြင်း သို့မဟုတ် အဆင်မပြေခြင်း ဖြစ်သည်ဆိုသော် နောင်အလားအလာကား အဘယ်နည်း။ သာမန်တရို့ကားချပ်များ ကျန်နေသေးသည်။ သာမန် တရို ကားချပ်များကို လိုအပ်သလို ခင်းကျင်း၍ တိုးချဲ့အားဖြည့်ဆန်းစစ်ရန် ဖြစ်ပေ၏။

စာရှုသူများ သတိထားမိမည့်အချက်မှာ နက္ခတ်ဗေဒင်၌ ဥစ်ဂြိုဟ်သည် ဝကြ(နောက်ပြန်) သွားသော် နိစ်ဂြိုဟ်အဖြစ်ပြောင်းလဲပြီး အပြန်အလှန်သဘော နိစ်ဂြိုဟ်မှ ဥစ်ဂြိုဟ်အဖြစ် အားကောင်းသွားပုံသဘောမျိုး တရိုဝေဒ၌ တွေ့ရှိရခြင်းပင်ဖြစ်၏။

အလျဉ်းသင့်သဖြင့် အကြံပေးလိုသည့်အချက်မှာ ရှေးရသေ့ တပသီများ၏ ကျင့်ကြံအားထုတ်ဖော်ဆောင်ထားသော အဓိကကားချပ် ၂၂ ချပ် အပြည့်အစုံ ပေါင်းစည်းမိသည်နှင့် တစ်ဖြိုင်နက် လျှို့ဝှက်ဖုံးကွယ်ထားအပ်သော စွမ်းအင်တစ်ရပ် ကိန်းအောင်းနေခြင်းကို သတိပြုရန်ဖြစ်သည်။ ထို့ကြောင့် တရိုကားချပ်များကို အပျင်းပြေသဘောမျိုးဖြင့် အသုံးမပြုရ။ တရိုကားချပ်များ သုဘာသုဘ ဆန်းစစ်လိုသူများအား ကိုယ်တိုင်ကိုယ်ကြပ် ကားချပ်များကို ကိုင်တွယ်စေပြီး ဆုတောင်းမေတ္တာ ပို့စေရပါမည်။ ဂမ္ဘီရစွမ်းအင် တစ်ရပ်ရပ်ရှိနေကြောင်း ကောန်တွေ့ရှိခံစားရမည် ဖြစ်၏။

တရိုဝေဒ၏ စွမ်းအင်ပြဆိုချက် ဟောကိန်းသည် အတိတ် ၆ လနှင့် အနာဂတ် ၆ လအတွင်း အကျုံးဝင်နေကြောင်း စာတွေ့ရော ကိုယ်တွေ့ပါ ခံယူပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ထို့ကြောင့် တရိုကားချပ်များကို မလေးမစားမပြုအပ်ပါ။

တရိုဝေဒ၏ ပုံပိုးမှု (ဝါ) ဟောကိန်းရယူပြီးသူသည် နောင်အနည်းဆုံး သုံးလကာလ စောင့်ဆိုင်းပြီးမှသာ ထပ်မံ ဆန်းစစ်မှု ပြုသင့်ပါသည်။ ဤအချိန်ကာလအတွင်း အကြိမ်ကြိမ် အသုံးချသူများသည် အဟောသိကံအဖြစ်နှင့်သာ ကြုံတတ်ကြောင်း ဖော်ကျူးအပ်ပါ၏။

ဝေဒသည် အစွမ်းသတ္တိဖြစ်သည်. (Knowlegde Is Power) ဟူသော ဆောင်ပုဒ်အတိုင်းပင် နှစ်ပေါင်းထောင်ချီပြီး တည်တံ့ရှံ့မှုမက တစ်နေ့တစ်ခြားအသုံးများလာသော တရိုဝေဒကား ဂမ္ဘီရစွမ်းအင်နှင့် တစ်နည်းနည်း ဖြည့်ဆွဲနေသည်မှာ အမှန်ပင်ဖြစ်၏။

မျက်မှောက်ခေတ် အနောက်ပိုင်းတွင်သာမက အရှေ့တိုင်းနိုင်ငံများသို့ပါ ပျံ့နှံ့လာသော တရိုဝေဒတွင် မပါလျှင်မပြီးသော တရိုကားချပ်ထုပ် (Tarot Deck)များကို ပုံစံအမျိုးမျိုးဖြင့် ထုတ်ဝေဖြန့်ချိနေကြောင်း တွေ့ရသည်။ သို့ဖြင့် တရိုကားချပ်များကို ပန်းချီဒီဇိုင်းအမျိုးမျိုးဖြင့် ပုံနှိပ်ထားကြောင်း တွေ့ရမည်ဖြစ်သည်။ မည်သို့ဖြစ်စေ တရိုဝေဒဟောသွန်မှုဆိုင်ရာ စာအုပ်စာတမ်းများ၌ တရိုကားချပ်များ၏ လျှို့ဝှက်နက်နဲသော ပင်ကိုမူရင်းအဓိပ္ပာယ်နှင့် အနှစ်သာရများမှာ ရှေးထုံးအစဉ်အလာအတိုင်း ပကတိ အပြောင်းအလဲမရှိ တည်တံ့နေပေသည်။ မူရင်းအနှစ်သာရကို ပြောင်းလဲခြင်းငှာလည်း စွမ်းနိုင်မည် မဟုတ်ချေ။

မှုကွဲအမျိုးမျိုးနှင့် ထုတ်ဝေဖြန့်ချိနေသော တရိုကားချပ်ထုပ်တိုင်းတွင် တရိုဝေဒဟောနည်းကား ကျမ်းညွှန်စာအုပ်ငယ် တစ်ခု ပါလေ့ရှိသည်။ ကဲ့လူမျိုးဟောနည်းကား Keltic Methodကို ပြညွှန်းလေ့ရှိကြောင်း တွေ့ရသည်။ ကားချပ် ၇၈ ချပ်စလုံး အသုံးပြုရသော ဟောကိန်း တစ်မျိုးဖြစ်ပေ၏။

တရိုဝေဒနှင့် ပတ်သက်၍ ဩဇာအတော်အတန်ညောင်းသော အီဒင်ဂရေး၏ ကျမ်းညွှန်းအလိုအရ တရိုအဓိကကားချပ်ချည်း သက်သက် သို့မဟုတ် သာမန်ကားချပ်ချည်း သက်သက်ဖြင့် ဟောကိန်းထုတ်ခြင်းကို အားပေးထောက်ခံမှုမပြုပါ။ ရှေးရိုးအစဉ်အလာ တရိုဝေဒပညာရှင်များက ကားချပ်များတည့်တည့်ထား၍ ဆန်းစစ်ဟောကြားသမှု ပြုခဲ့သော်လည်း ခေတ်အလိုက်ကားချပ် ကပြောင်းကပြန်ဖြစ်တည်မှုအရ ဟောကြားအဓိပ္ပာယ်ဖွင့်ဆိုမှုကို လက်ခံသုံးစွဲသည်။ တရိုကားချပ်တိုင်း၌ မူလအဓိပ္ပာယ် အနှစ်သာရ အပြောင်းအလဲမရှိ ပကတိတည်တံ့ပြီးဟု ခံယူထားသော ဂျူလိယက် ရှားမန်းဘက် (Juliet Sherman Burke)ကမူ အဓိကကားချပ် ၂၂ ချပ်ချည်း သက်သက်ဖြင့်လည်းကောင်း၊ သာမန်ကားချပ် ၄၀ ချည်းသက်သက်ဖြင့်လည်းကောင်း ဟောကိန်းထုတ်ခြင်းကို လက်ခံထားကြောင်းတွေ့ရ၏။

ခေတ်မီဆုံး ထွက်ပေါ်လာသော ဒီဘီလောရင့်၏ အာဘော်အရမူသက်ဆိုင်ရာ တရိုဝေဒ ပညာရှင်၏ ပါရမီထူးသာ အဓိကကျသည်။ တရိုဝေဒသည် ရှင်သန်နေသော ပညာရပ်ဖြစ်ရာတွင်ဖော်ဆောင်သော အခင်းအကျင်းများဖြင့် ပညာဉာဏ် ပါရမီအလျောက် တိုးချဲ့ပုံပိုးမှု ပြုနိုင်သည်။ ကားချပ် ၄ ချပ်သုံး ၅ ချပ်သုံးစသည်ဖြင့် ကားချပ်ဖြန့်ကြက်ပုံ (အခင်းအကျင်း) တူညီသော်လည်း ဖြစ်ရပ်ညွှန်း ရပ်တည်ကွက် (ဘာဝအကွက်)ကို မိမိ၏ရင့်ကျက်သော အတွေ့အကြုံအရ ကိုယ်ပိုင်မှုဖြင့် အသုံးချ ဟောကိန်းပြုနိုင်ကြောင်းဟူ၏။

ပညာရှင် ဒီဘီလောရင့်၏ ဖော်ညွှန်းပြဆိုခဲ့သောကားချပ် ၃ ချပ်ပါ **အတိတ်**၊ ပစ္စုပ္ပန်၊ အနာဂတ်ဟောနည်းကားနှင့် ကားချပ် ၄ချပ်ကိုပါ **ထိုးသွင်းသိမြင်** ဖြန့်ကြက်ဟောနည်းကားတို့ကို **ဆန်းစစ်သော် တရို**ဝေဒသည် ယန္တရား (Mechanical) **ဆန်နေကြောင်း**၊ ဉာဏ်**ကွန့်မြူး**နည်းပါးသော ပညာရပ်သဘောမျိုးလိုလို ဖြစ်နေကြောင်း တွေ့ရသည်။ ထိုးထွင်းသိမြင် ဖြန့်**ကြက်နည်း**ကိုအသုံးပြု၍ **ကားချပ်**ဖြန့်ကြက်ခင်းမှု အနေအထားနှင့် ဖြစ်ရပ်ညွှန်းရပ်တည်ကွက် (Sphere of Influence) တိုးချဲ့ပြောင်းလဲခြင်းဖြင့် ဉာဏ်ကွန့်မြူးနိုင်ပုံကို အောက်ပါကိုယ်တွေ့ပြယုဂ်တစ်ခုကို ရေးသားတင်ဆက်ပေးလိုက်ပါသည်။ ဂျူလိယက်ဘက်နှင့် လောရင့်(စ်) တရိုဖြန့်ကျက်မှုပုံစံ ထိုးထွင်းသိမြင်မှု **အခင်းအကျင်း**ဟု ကင်ပွန်းတပ်ယူရန်ဖြစ်၏။

## ဤအခင်းအကျင်း၌

(၁) နေရာသည် သက်ဆိုင်ရာ (ဗေဒင်မေးသူ) ပုဂ္ဂိုလ်၏ ကိုယ်စိတ်နှစ်ပါး အခြေအနေပြဆိုကွက်။

(၂) နေရာသည် သက်ဆိုင်ရာပုဂ္ဂိုလ်အပေါ် ကျရောက်မည့် မမျှော်လင့်သော ဖြစ်ရပ်စဉ်။

(၃) နေရာသည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ မျှော်လင့်တောင့်တချက်နှင့်

(၄) နေရာကို ပြဿနာ၏ရလဒ် (သို့)အဖြေချုပ် ပြဆိုကွက်ဟု သတ်မှတ်ချက်ပြုထားရန်ဖြစ်၏။

ကုလားဖန်ထိုးထားသော အဓိက ဟရိုကားချပ် ၂၂ ချပ်ကို အပျိုကြီးတစ်ဦးဟု ထင်ရသော အမျိုးသမီးတစ်ဦးက ကိုယ်တိုင်ချိုးထားစေသော ဖြန့်ကြက်မှုအပေါ် လက်တွေ့တွေးခေါ် ဟောကိန်းထုတ်ပုံနမူနာမှာ အောက်ဖော်ပြပါအတိုင်းဖြစ်၏။

(၁) နေရာကွက်၌ သီလရှင်ကားချပ်တွေ့ရ၏။ လက်ရှိကာလ၌ သူမ ဘဝအခြေအနေမှာ မတင်မကျ မရေမရာ ဖြစ်နေသည်။ ကံအကျိုးပေးဖုံးကွယ်နေသော်လည်း ၎င်းဩဇာသက်ရောက်မှုများသည် တဖြည်းဖြည်းအတွင်းအား သဘောမျိုး လှုပ်ရှားအားယူ ရှင်သန်နေကြောင်း ပြဆို၏။

(၂) နေရာကွက်၌ ချစ်သူ သို့မဟုတ် အဖော်ဟူသောကားချပ်ကို တွေ့ရ၏။

(၃) နေရာကွက်၌ ခွမ်းအားကားချပ်ကိုတွေ့ရသည်။ ဤသို့ဆိုလျှင် ၎င်းအမျိုးသမီးသည် သတ္တိဗျတ္တိနှင့် ပြည့်စုံလာခြင်း။ ဆုံးဖြတ်ချက်ခိုင်မာပြတ်သားခြင်းနှင့် လုပ်ရဲကိုင်ရဲဖြစ်လာမည့် သဘောကို ကောက်ချက်ချနိုင်၏။


(၄) နေရာကွက်ရလဒ် သို့မဟုတ် **အဖြေချုပ်၌** ဘုရင်မကားချပ်ကိုတွေ့ရ၏။

ဤဖြန့်ကြက်မှုအရ ၎င်း**အမျိုးသမီးအတွက် ဗေဒင်**ဟောကိန်းမှာ (က) ချစ်သူနှင့် တွေ့ပြီး အိမ်ထောင်ကျမည် သို့မဟုတ် (ခ) စီးပွားဖော်နှင့်တွေ့ပြီး စားဝတ်**နေရေး**၊ **ကြီးပွားရေး**ဖွံ့ဖြိုးမှု မမျှော်လင့်ဘဲ တွေ့ကြုံခံစားနေရမည်ဖြစ်ကြောင်း ဟောနိုင်သည်။ အဘယ်ကြောင့်နည်း။ ဘုရင်မ**ကားချပ်**သည် ပွားစည်းခြင်း၊ မှန်းချက်နှင့် နှမ်းထွက်ကိုက်ခြင်း သဘောသကန်နှင့် အနှစ်သာရကို ဆောင်ယူနေခြင်းကြောင့်ဖြစ်၏။



ဤဟောကွက်၌ အတိတ်၊ ပစ္စုပ္ပန်၊ **အနာဂတ်အခြေအနေများ**ကို ဆက်နွှယ်ပေါင်းစပ်နိုင်ခြင်း၊ မမျှော်လင့်သော ဖြစ်ပျက်**မှု ပြဆို**ချက်ပါရှိခြင်းကြောင့် အနာဂတ်ဘဝဟောကြားချက်၌ ပို၍ပီပြင်လာကြောင်း တွေ့ရမည်ဖြစ်၏။

**တရိုဝေဒ**နှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်အကောင်းဆုံး အခန်းကဏ္ဍမှာ လူသားတို့၏ သုဘာသုတကို ဟောကိန်းထုတ်နိုင်ခြင်း**ဖြစ်သည်**။ တရိုဝေဒဖြင့် လျှို့ဝှက်မြုပ်နှံထားသော ရတနာသိုက်ကို ရှာဖွေဖော်ထုတ်ရာ၌ အသုံးပြုခဲ့ဖူးကြောင်း ကြား**သိရဖူး**ပါသည်။ မည်သို့ဆိုစေ တရိုကားချပ်များကို မြတ်နိုးရိုသေစွာ သိမ်းဆည်းထားသင့်ပေသည်။ တရိုကားချပ်များ**နှင့်တရားထိုင်**ခြင်း (Tarot and Meditation) အကြောင်းလည်း အချို့သော စာအုပ်၌ ဖော်ကျူးထားကြောင်းတွေ့ရသည်။ **ထို့**ကြောင့် တရိုဝေဒကို လက်ခံကျင့်သုံးချိန်၌ စိတ်လက်ကြည်လင်မှု (နေ့ညမဟူ) ရှိရန်အလွန်အရေးကြီးသည်။ **တစ်ခါတစ်ရံ**တွင် ဟောကိန်းအဖြေရှာမရ ဖြစ်တတ်သည်။ ဤခါမျိုးတွင် ပီပြင်သောရလဒ်အဖြေကို အတင်းကာရောဖန်တီး ဟောကြားခြင်းမပြုရန် **အရေးကြီး**သည်။ ဖြေဆေးမရှိသေးဟူသော ဖော်ကျူးချက်သည် ပဟေဠိ၏အဖြေဖြစ်နေခြင်းကြောင့်တည်း။




သရုပ်ပြပုံ ၅/ခ

# အခန်း (၆)
# တရိုဝေဒနှင့် နာမသချာဟောကိန်း

အနောက်တိုင်း၌အမည်နာမလာ ဗျည်းအက္ခရာဆိုင်ရာ ဂဏန်းများကို မိဿကပြု (ပေါင်းခြင်း) ရလဒ်ဖြင့် သုဘာသုဘဟောခြင်း(ဝါ) **နာမည်ဗေဒင်** ဟောကိန်း ခေတ်စားထင်ရှားသည်။ ယင်းနာမသချာဟောကိန်းများ စာစ်မြစ်ကို ဆန်းစစ်သော် အပိုင်းကဏ္ဍ နှစ်ပိုင်းတွေ့ရ၏။ ပထမကဏ္ဍမှာ ဗျည်းအက္ခရာအလိုက် စိုးမိုးဂဏန်း သတ်မှတ်ပုံမှုနှင့် ဒုတိယပိုင်းမှာ တရိုဝေဒ၏ အဓိကကားချပ် (Major Arcana) ၂၂ ချပ်၏ ဖော်ညွှန်းချက်ကို ထင်ဟပ်၍ **နာမည်ဗေဒင်**ကို ဖော်ဆောင်ခြင်းပင် ဖြစ်၏။

## နာမသချာကိန်းစဉ်

**နာမသချာ** ကိန်းစဉ်ဆိုင်ရာမှု ၄ မျိုးတွေ့ရသည်။ "ကမ္ဘာကြီးသည် ဂဏန်း (အရေအတွက်) တို့၏ စွမ်းအားအပေါ် **ရပ်တည်နေသည်**" ဟူ၍ ဖော်ကျူးခဲ့သူ ဖိုက်သောဂရပ်(စ်)၏မှု၊ ဟီဘရူးမှု၊ ကိုင်ရိုမှုနှင့် ခေတ်သစ်ပညာရှင်များ၏ မှုဟူ၍ **ဖြစ်၏**။

### ဖိုက်သောဂရပ်(စ်) နာမသချာကိန်းစဉ်

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
|---|---|---|---|---|---|---|---|---|
| A | B | C | D | E | F | G | H | I |
| K | L | M | N | O | J | Q | R | S |
| T | U | X | Y | W/Z | P | V | HI | HU |

### ဟီဘရူးနာမသချာကိန်းစဉ်

| 1 | 2 | 3 | 4- | 5 | 6 | 7 | 8 |
|---|---|---|---|---|---|---|---|
| A | B | G | D | E | U | O | F |
| I/J | C | L | M | N | V | Z | H |
| Q | K | S | T | | W | | P |
| Y | R | | | | X | | PH |

### ကိုင်ရိုမှု နာမသချာကိန်းစဉ်

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
|---|---|---|---|---|---|---|---|
| A | B | C | D | E | U | O | F |
| I/J | K | G | M | G | V | Z | P |
| Q | R | L | T | N | W | | |
| Y | | S | | X | | | |



### ခေတ်သစ်မှုမှန်နာမသချာကိန်းစဉ်

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
|---|---|---|---|---|---|---|---|---|
| A | B | C | D | E | F | G | H | I |
| J | K | L | M | N | O | P | Q | R |
| S | T | U | V | W | X | Y | Z | |

## နာမသချာဟောကိန်းများ၏ အခြေခံ

ခေတ်သစ် နာမသချာဟောကိန်းတွင် သုညသင်္ကေတပြု ပုထုဇနော ဥမ္မတ္တကော (The Fool) ကားချပ်မှ ၂၁ သင်္ကေတပြု ကမ္ဘာလောက (The World) ကားချပ်အထိ ဟောကွက် ၂၂ ကွက် တွေ့ရသည်။ အီဒင်ဂရေး (EDEN GRAY) ၏ ဖော်ညွှန်းချက်ကို သက်သေပြုပြဆို ရေးသားသွားရန် ရည်ရွယ်ထားပါ၏။

ကိုင်ရိုမှု နာမသချာဟောကိန်းတွင် ဟောကွက် စုစုပေါင်း ၅၂ မျိုးတိတိရှိသည်။ ဟောကွက် ၁ မှ ၂၂မှာ တရိုအဓိကကားချပ်ကို တိုက်ရိုက် ဖော်ညွှန်းပြီး ကျန်ဟောကွက် ၂၃ မှ ၅၂ ကို ၎င်းတရိုဝေဒ အဓိကကားချပ်၏ ဂဏန်းစဉ်အလိုက် ထပ်ဆင့် ဖော်ဆောင် ဆင့်ပွားမှု ပြုထားကြောင်း တွေ့ရ၏။

ကိုင်ရိုသည် တရိုအဓိက ကားချပ်များကို ရှေးမူအတိုင်း တရိုသော့တွဲ ( THE TAROT KEYS) ဟု ခေါ်ဝေါ်သုံးစွဲသည်။ ခေတ်သစ်တရိုပညာရှင်များက သုညသင်္ကေတပြု ပုထုဇနော ဥမ္မတ္တကော ကားချပ်ကို ကိုင်ရိုက ၂၂ နံပါတ် (ဝါ) ဟောကွက် ၂၂ အဖြစ် ခံယူကျင့်သုံးသည်။ နာမသချာဟောကွက် ၂၃ ကို တရိုသော့တွဲနံပါတ် ၁၄ မှ အခြေပြု သည်။ ထိုနည်းတူစွာ ဟောကွက် ၃၂သည် ဟောကွက် ၂၃ ကို အခြေခံပြီး ဆင့်ပွားယူသည်။ ဤသို့ဖြင့် ဟောကွက် ၄၁ သည် ဟောကွက် ၃၂ ဖြင့်လည်းကောင်း၊ ဟောကွက် ၅၀ သည် ဟောကွက် ၄၁ ကိုလည်းကောင်း၊ အခြေပြုထားကြောင်း ဆန်းစစ်တွေ့ရှိရမည် ဖြစ်၏။

## ထူးခြားလှသော ပါရမီရှင်ကိုင်ရို

ဟီဘရူးစာပေတွင် ဗျည်းအက္ခရာ၂၂ လုံးရှိသလို တရိုဝေဒ၌ အဓိက ကားချပ် ၂၂ ရှိနေခြင်းကို ကိုင်ရိုက အလေးပေး ဂရုပြုသည်။ သို့ဖြစ်သည်နှင့်အညီ နာမသချာကိန်းစဉ်နေရာတွင် ဟီဘရူးမှုကို အခြေခံပြီး လျှို့ဝှက်ထူးခြားသော ဉာဏ်ရည်ဉာဏ်သွေးဖြင့် တိုးချဲ့ ပြုပြင် ဖော်ဆောင်ထားကြောင်း တွေ့ရမည်ဖြစ်၏။

တရိုအဓိကကားချပ် ၂၂ ချပ်ကို ရှေးမူအတိုင်း(ဝါ) တရိုသော့တွဲအဖြစ် စီစဉ်ရာတွင် နံပါတ် ၈ ကားချပ်ကို တရားမျှတမှု (JUSTICE) ၏ တံဆိပ်တော်၊ နံပါတ် ၁၁ ကားချပ်ကို စွမ်းအား (STRENGTH) ၏ တံဆိပ်တော်အဖြစ် ရှေးမူမပျက် ဖော်ဆောင်ကျင့်သုံးသည်။ ၁၉ ရာစုခေတ်တွင် ငုတ်လျှိုးနေသော တရိုဝေဒကို ခေတ်စားလာအောင် ကြိုးပမ်း အားထုတ်ခဲ့သော ရွှေအရုဏ်ဦး (GO LDEN DAWN) အဖွဲ့ဝင် အေအီးဝိတ် (A . E WAITE) ၏ရိုက်ဒါ တရိုကားချပ်ထုပ် (RIDER DECK) ၌ ရှေးမူနံပါတ် ၈ နေရာနှင့် ၁၁ နေရာတို့ကို အပြောင်းအလဲပြု စီစဉ်လိုက်ကြောင်း အတိအလင်း ဝန်ခံပြောကြားခဲ့ ကြောင်း သိရသည်။ ပစ္စုပ္ပန် ၂၀ ရာစုအကြို တရိုဝေဒကျမ်းပြုနှင့် ကားချပ်ထုတ်ဖော်ဆောင်သူ ပေါလ်ဖော်စတာကေ့စ် (P.F CASE) က ကိုင်ရို၏ တရိုသော့တွဲ အစီအစဉ်အတိုင်း ခံယူကျင့်သုံးကြောင်း ဆန်းစစ်တွေ့ရှိရ၏။

နာမသချာဟောကွက် ၅၂ ကွက်တွင် ကိုင်ရို၏ သူမတူ ထူးခြားသော ပါရမီဉာဏ်စွမ်းကို တွေ့ရှိရသည်။ ဥဒါဟရဏ်ပြရသော် နာမသချာဟောကွက် ၂၆ သည် တရိုသော့တွဲ ၁၇ နံပါတ်ကို အခြေခံမှု ပြုမထားကြောင်း ဆန်းစစ်တွေ့ရခြင်းပင် ဖြစ်သည်။ ထိုနည်းတူစွာပင် ဟောကွက် ၂၈ သည် တရိုသော့တွဲ ၁၉ ကို အခြေပြုမထားကြောင်း တွေ့ရှိရမည် ဖြစ်ပေ၏။

## "ငြိမ်း" ရင်ချင်းဆက်အမြွာ၏ နာမသချာ

မြန်မာပြည်သူ့ အချစ်တော် အေးအေးငြိမ်းနှင့် အိအိငြိမ်းဟူသော သီးခြားနာမည်အလျောက် နာမသချာ ကွဲပြားမှုနှင့်အညီ အပြုအမူ၊ လှုပ်ရှားမှုနှင့် ဘဝကံကြမ္မာ တစ်နေ့တစ်ခြား ကွာခြားလာနိုင်ကြောင်းကို အကဲဖြတ်နိုင်ရန် နာမသချာကိန်းပြု ဖော်ဆောင်ပေးလိုက်ပါသည်။ ဆိုင်ရာနာမသချာ ဟောကွက်နှင့် တိုက်ဆိုင်ကြည့်ရန် ဖြစ်ပါသည်။

ကိန်းရိုမှု နာမသချာကိန်းစဉ်ရာ၌ ကိုင်ရိုမှု နာမသချာ ဟောကွက်နှင့် တိုက်ဆိုင်ရန်ဖြစ်ပြီး ခေတ်သစ်မှု နာမသချာ

ကိန်းစဉ်အတွက် ခေတ်သစ်နာမသချာဟောကွက်နှင့် တိုက်ဆိုင်ဆန်းစစ်ရန် ဖြစ်ပါသည်။ “အသစ်ဘယ်လိုကောင်းကောင်း အဟောင်းတစ်လည်လည်” ဆိုသည့်အတိုင်း ကိုင်ရို၏ ဖော်ဆောင်ချက်ကို မည်သူမျှလိုက်၍ မမီကြောင်းတွေ့ရမည်ဖြစ်၏။

## ကိုင်ရိုမှ သချာကိန်းစဉ်

| | | |
|---|---|---|
| AYE | AYE | NYEIN |
| 115 | 115 | 51515 |
| 7+ | 7+ | 17 = 31 |

သို့ဖြစ်၍ တရိုသော့တွဲ ဟောကွက် ၂၂နှင့် နာမသချာဟောကွက် ၃၁ **ကိုဆန်းစစ်ရန်ဖြစ်၏။ ကက်ကင်းနံပါတ် ၁၃** ကို ဖြည့်ဘက်အဖြစ် ဆန်းစစ်နိုင်သေး၏။

| | | |
|---|---|---|
| EI | EI | NYEIN |
| 51 | 51 | 51515 |
| 6+ | 6+ | 17 = 29 |

သို့ဖြစ်၍ တရိုသော့တွဲ ဟောကွက်၂၀ နှင့် နာမသချာဟောကွက် ၂၉ ကို ဆန်းစစ်ရန်ဖြစ်၏။ ၁၁ ကိုလည်း ဖြည့်စွက်ကြည့်နိုင်သေး၏။

“ငြိမ်း” ရင်ချင်းဆက်အမြွာ၏ နာမည်ဗေဒင် အကျိုးသက်ရောက်မှုကို ဆန်းစစ်လျှင် အေးအေးငြိမ်းသည် မွေးနေ့ ဩဂုတ်လ ၄ ရက်၏ ဂဏန်းနှင့် ၁–ဂဏန်းသြဇာနှင့် မကင်းကြောင်းတွေ့ရ၏။ အိအိငြိမ်း၏ နာမည်ဗေဒင် အကျိုးသက်ရောက်မှုကို ဆန်းစစ်လျှင် သီးခြားဖြစ်သွားအောင် ခွဲစိတ်သော ဇူလိုင်လ ၂၅ ရက်၏ ၇–ဂဏန်းနှင့် ၁–ဂဏန်းသြဇာနှင့် မကင်းကြောင်း တွေ့ရသည်။ ကိုင်ရို၏ ဂဏန်းဗေဒင်၌ ၁/၄ ဂဏန်း၏ ဖြည့်ဖက် စွမ်းအင်နှင့် ၂/၇ ဂဏန်းတို့၏ ဖြည့်ဖက်စွမ်းအင်ကို ပေါ်ညွှန်းထားရာ နာမည်နှင့် တိုက်ဆိုင်နေ၍ အံ့သြမှု ဖြစ်ရ၏။

## ခေတ်သစ်မှုမှန် သချာကိန်းစဉ်

| | | |
|---|---|---|
| AYE | AYE | NYEIN |
| 175 | 175 | 57595 |
| 13 | 13 | 31 |
| 4 + | 4 + | 4 = 12 |

သို့ဖြစ်၍ အီဒင်ဂရေး၏ အဓိကကားချပ် ဖော်ညွှန်းချက်ဖြစ်သော ဇောက်ထိုးကျွမ်းပြန် ပုဂ္ဂိုလ်ဟောကိန်းနှင့် တိုက်ဆိုင်ကြည့်ရန် ဖြစ်၏။ ၁၂ သည် ၃ နှင့် လည်းကောင်း၊ ၂၁ နှင့်လည်းကောင်း၊ ဆက်စပ်မှုရှိကြောင်း သတိပြုပါလေ။

| | | |
|---|---|---|
| EI | EI | NYEIN |
| 59 | 59 | 57595 |
| 5 + | 5 + | 4 = 14 |

သို့ဖြစ်၍ အီဒင်ဂရေး၏ အဓိကကားချပ် ပေါ်ညွှန်းချက်ဖြစ်သော ညှိနှိုင်းလက်ခံရခြင်း (TENPERANCE) ဟောကွက်နှင့် တိုက်ဆိုင်ကြည့်ရှုရန် ဖြစ်၏။ ၁၄ သည် ၅ နှင့်လည်း ဆက်စပ်မှုရှိကြောင်း သတိပြုပါကုန်။

## တရိုသော့တွဲနာမသချာ ဟောကွက်များ

၁။ နာမသချာ ၁ ဂဏန်း၏ နက္ခရုပ်ပုံသည် လောကီပညာရှင် (ဝါ) ဖန်တီးရှင် (THE MAGICIAN) ၏ တံဆိပ်တော် ဖြစ်သည်။ စိတ်စွမ်းအား မြင့်မားခြင်း၊ ရုပ်ဝတ္ထု စွမ်းအားစုများကို နိုင်နင်းစွာ အသုံးချနိုင်ခြင်း၊ တီထွင်မှုကို ကျွမ်းကျင်လိမ္မာစွာ ပြုတတ်ခြင်းခြင်းနှင့် ပရလောကနှင့် ဆက်သွယ်နိုင်မှုကို ရည်ညွှန်းပေါ်ဆောင်၏။

နာမသချာ ၁– ဂဏန်းပိုင်ရှင်တို့သည် ရှေ့ဆောင်လမ်းပြများ၊ လူထု ချစ်ခင်ကြည်ညိုသော ခေါင်းဆောင်များ စာရေးဆရာများနှင့် တီထွင်ဖန်တီးတတ်သူများ ဖြစ်ကြ၏၊ ၁ ဂဏန်း ကျရောက်သော အခြေအနေနှင့် အချိန်ကာလတို့၌



အပြောင်းအလဲများနှင့် ကြုံတွေ့ရတတ်သည်။

၂။ နာမသချာ ၂ ဂဏန်း၏ နက္ခတ်ရုပ်ပုံသည် အီဂျစ်နတ်ဘုရားမ အိုက်ဇစ်၏ တံဆိပ်တော် သို့မဟုတ် **သီလရှင်ချုပ်** (HIGH PRIESTESS) ပုံ ဖြစ်သည်။ အမျိုးသမီးတို့၏ တခ်နုပွင့်ဉာဏ်၊ ဆွဲဆောင်မှုနှင့် တွန်းလှန်မှုတို့၏ ဝိရောဓိ၊ မပေါ်လွင်တတ်လည်း တဖြည်းဖြည်း ထင်ရှားလာသော ကုသိုလ်ကံကို ရည်ညွှန်း ဖော်ဆောင်၏။

နာမသချာ၂– ဂဏန်းပိုင်ရှင်တို့သည် အနုပညာရှင်များနှင့် ရှိရင်းစွဲ အခြေအနေ အရပ်ရပ်ကို တော်လှန် ပြောင်းလဲ ပြုပြင်တတ်သူများ ဖြစ်ကြ၏။ ၂– ဂဏန်း ကျရောက်သော အခြေအနေနှင့် အချိန်ကာလတို့၌ အပြောင်းအလဲများနှင့် ကြုံတွေ့ရတတ်သည်။

၃။ နာမသချာ ၃– ဂဏန်း၏ **နက္ခတ်ရုပ်ပုံသည်** ဧကရီဘုရင်မ၏ တံဆိပ်တော် (THE EMPRESS) ဖြစ်သည်။ လောကီ အကျိုးပွားစည်းမှု၏ ပြယုဂ်ဟု **ဆိုနိုင်သည်။** အကြံအစည်နှင့် လုပ်ကိုင်ဆောင်ရွက်မှု၊ တိုးတက်ခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းကို ရည်ညွှန်း **ဖော်ဆောင်၏။**

နာမသချာ ၃– ဂဏန်း ပိုင်ရှင်တို့သည် **စီးပွားရေးလုပ်ငန်းရှင်များ၊** သူဌေးသူကြွယ်များ၊ သားသမီးရတနာများနှင့် ပြည့်စုံသူများ ဖြစ်တတ်ကြ၏။ ၃– **ဂဏန်းကျရောက်သော အခြေအနေနှင့်** အချိန်ကာလတို့၌ အပြောင်းအလဲများနှင့် ကြုံတွေ့ရတတ်၏။

၄။ နာမသချာ ၄ ဂဏန်း၏နက္ခတ်ရုပ်ပုံသည် ဧကရာဇ်ဘုရင် (THE EMPEROR)၏ တံဆိပ်တော် ဖြစ်သည်။ လုပ်ပိုင်ခွင့် အာဏာ အခြေခံကောင်းခြင်း၏ ပြယုဂ်ဟု ဆိုနိုင်သည်။ ကောင်းမြတ်သော အရည်အချင်း၊ အမှားနှင့် အမှန်ကို ခွဲခြားသိမြင် ထိုးထွင်းခြင်း၊ ကာယ/ ဉာဏ ကြိုးစားမှု အရင်းခံကြောင့် ချမ်းသာသုခနှင့် အကျိုးကျေးဇူးများ ခံစားရရှိခြင်းကို ရည်ညွှန်း ဖော်ဆောင်၏။

နာမသချာ ၄– ဂဏန်းပိုင်ရှင်တို့သည် ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ ဆေးအတတ်ပညာဆိုင်ရာ လုပ်ငန်းများ၊ စာပေပညာရှင်များနှင့် နိုင်ငံရေးသမားများ ဖြစ်တတ်ကြ၏။ ၄– ဂဏန်း ကျရောက်သော အခြေအနေနှင့် အချိန်ကာလတို့တွင် အပြောင်းအလဲများနှင့် ကြုံတွေ့ရတတ်၏။

၅။ နာမသချာ၅– ဂဏန်း၏ နက္ခတ်ရုပ်ပုံသည် ရဟန်းချုပ် (THE HIEROPHANT)၏ တံဆိပ်တော် ဖြစ်သည်။ အင်္ဂါရသ ၁၈– ရပ်၏ ပြယုဂ်ဟု ဆိုနိုင်သည်။ ဘာသာရေးနှင့် ဝိနည်း၊ စကြာဝဠာ နိယာမတို့နှင့်လည်း ဆက်စပ်သည်။ စည်းကမ်းသေဝပ်မှုနှင့် တရားနည်းလမ်းကျမှုကို ရည်ညွှန်း ဖော်ဆောင်၏။

နာမသချာ ၅– ဂဏန်းပိုင်ရှင်တို့သည် လူအများ၏ ကူညီပံ့ပိုးမှု များစွာ လက်ခံရရှိသူများ၊ ဘုန်းတော်ကြီးများ ဘုရားလူကြီးများ၊ ကျောင်းဒါယိကာ ဒါယာကာမများ၊ ဝိဇ္ဇာ/သိပ္ပံ ပညာရှင်များ ဖြစ်တတ်ကြ၏။ သူတို့၏ ဘဝခရီးစဉ်တွင်၅– ဂဏန်း ကျရောက်သော အခြေအနေနှင့် အချိန်ကာလတို့၌ အပြောင်းအလဲများနှင့် ကြုံတွေ့ရတတ်၏။

၆။ နာမသချာ ၆– ဂဏန်း၏ နက္ခတ်ရုပ်ပုံသည် ချစ်သူများ (THE LOVERS) သို့မဟုတ် လမ်းနှစ်သွယ်၏ တံဆိပ် ဖြစ်သည်။ အပေါင်းအသင်းနှင့် **အဆွေခင်ပွန်း** ရွေးချယ်ခြင်း၊ အစုစပ်လုပ်ငန်း လုပ်ကိုင်ခြင်း၊ အကောင်းအဆိုးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြားသိမြင်ခြင်း၊ **အခွင့်အလမ်းနှင့်** တာဝန်ကို နားလည်ခြင်း စသည်တို့ကို ရည်ညွှန်း ဖော်ဆောင်၏။

နာမသချာ ၆– ဂဏန်းပိုင်ရှင်တို့သည် ယရာဝါသလူမှုရေးဆိုင်ရာကိစ္စများနှင့် ဆက်သွယ်မှုများတတ်သည်။ အပြော အဟော ကောင်းသူများလည်း ဖြစ်တတ်ကြသည်။ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များလည်း ဖြစ်တတ်ကြ၏။ သူတို့၏ ဘဝခရီးစဉ်တွင် ၆– ဂဏန်းကျရောက်သော အခြေအနေနှင့် အချိန်ကာလတို့၌ အပြောင်းအလဲများနှင့် ကြုံတွေ့ **ရတတ်၏။**

၇။ နာမသချာ ၇– ဂဏန်း၏ နက္ခတ်ရုပ်ပုံသည် စစ်ရထား (THE CHARIOT)၏ တံဆိပ် ဖြစ်သည်။ **ကိုယ့်လမ်း** ကိုယ်ထွင် အောင်မြင်ခြင်း၏ ပြယုဂ်ဖြစ်သည်။ ဆွဲဆောင်နိုင်သော စွမ်းရည်ရှိခြင်း၊ ရည်မှန်းချက်များ ပေါက်မြောက်ခြင်းကို ရည်ညွှန်း ပေါ်ဆောင်၏။

နာမသချာ ၇– ဂဏန်းပိုင်ရှင်တို့သည် နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရဌာန အကြီးအကဲများ၊ သံတမန်များ၊ စစ်ရေးအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်တတ်ကြသည်။ သူတို့၏ ဘဝခရီးစဉ်တွင် ၇–ဂဏန်း ကျရောက်သော အခြေအနေနှင့် အချိန်ကာလတို့၌ အပြောင်းအလဲများနှင့် ကြုံတွေ့ရတတ်၏။

၈။ နာမသချာ ၈– ဂဏန်း၏ နက္ခတ်ရုပ်သည် တရားမျှတခြင်း၊ သုရပ်ဖော် ချိန်ခွင်နှင့် ဓါးတံဆိပ်ဖြစ်သည်။ ဆင်ခြင်တုံတရား၊ အသိပညာရှာကြံမှု၊ မျက်နှာမလိုက်ခြင်း၊ ဖြိုးခြိခြင်း၊ ပြန်လည်ခွဲဝေပေးခြင်းတို့ကို ရည်ညွှန်း ဖော်ဆောင်၏။

၃၂။ နာမသချာ ဂဏန်း ၃၂ တွင် တရိုသော့တွဲနံပါတ် ၁၄ နှင့် နာမသချာ ၂၃ တို့၏ ဂုဏ်ရည်များ အကျုံးဝင်နေသည်။ ပိုမိုအားကောင်းစေရန် ကိုယ်ပိုင်ယုံကြည်ချက်နှင့် ခံယူချက်ကို အလေးပေး စွဲမြဲစေရန် လိုအပ်သည်။ ဤသို့မဟုတ်မူ၍ သူတစ်ပါး၏ အကြံဉာဏ်နှင့် အကူအညီကို မျှော်လင့်အားထားပါမူ 'မှန်းချက်နှင့် နမ်းထွက်မကိုက်'ဖြစ်ရန် ရည်ညွှန်း ဖော်ဆောင်နေခြင်းကြောင့်ဟု ဆိုရမည်။

မည်သို့ဆိုစေ၊ ဘဝရေရှည်အတွက်မူ ကံကောင်းသော နာမည်နံပါတ်ဟု ဆိုရမည် ဖြစ်၏။

၃၃။ နာမသချာဂဏန်း ၃၃ တွင် တရိုသော့တွဲနံပါတ် ၆ နှင့် နာမည်နံပါတ် ၂၄ တို့၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၃၄။ နာမသချာဂဏန်း ၃၄ တွင် တရိုသော့တွဲနံပါတ် ၇ နှင့် နာမည်နံပါတ် ၂၅ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၃၅။ နာမသချာဂဏန်း ၃၅တွင် တရိုသော့တွဲနံပါတ် ၁၇ ၏ ကောင်းကျိုးဂုဏ်ရည် မတွေ့ရဘဲ နာမည်နံပါတ် ၂၆ ၏ ဂုဏ်ရည်များ အကျုံးဝင်နေသည်။ တရိုသော့တွဲနံပါတ် ၈ တရားမျှတမှု တံဆိပ်၏ ဂုဏ်ရည် ပံ့ပိုးမှုကြောင့် မင်္ဂလာတရားတော်ကို ထာဝစဉ် ဆင်ခြင်ပွားများခြင်းဖြင့် ဘဝကံကောင်းမွန် ထူးချွန်ရန် ပံ့ပိုးပေးနိုင်သော နံမည်အဖြစ် ရည်ညွှန်း ဖော်ဆောင်နေလေ၏။

၃၆။ နာမသချာ ၃၆ တွင် တရိုသော့တွဲနံပါတ် ၉ နှင့် နာမသချာ ၂၇ ဂဏန်း၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၃၇။ ဤနာမသချာ ၃၇ ဂဏန်းကား သီးသန့် ဂုဏ်ရည်နှင့် ပြည့်စုံသည် ဆန့်ကျင်ဘက်လိင်တို့၏ မေတ္တာစေတနာနှင့် ဂရုဏာများစွာ သက်ဝင်ခြင်း ခံရသော နံမည်နံပါတ်ဖြစ်ခြင်းကြောင့် မိတ်ဆွေ အပေါင်းအသင်း ရောင်းရင်းတို့၏ ကူညီပံ့ပိုးမှုကို များစွာရရှိမည်ဟု ရည်ညွှန်းဖော်ဆောင်၏။

နောင်ရှေးရေး ကောင်းစားမှုအတွက် အစုစပ်နှင့်စုပေါင်းလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် လုပ်ကိုင်သင့်ကြောင့် ပြဆိုနေလေ၏။

၃၈။ နာမသချာ ၂၉ ဂဏန်း ၏အရည်အချင်းများ အကျုံးဝင်နေသဖြင့် တရိုသော့တွဲ နံပါတ် ၂၀ ၏ ဂုဏ်ရည်များကို မြင့်တင်ရန် အားထုတ်သင့်၏။

၃၉။ နာမသချာ ၃၀ ဂဏန်း၏ အရည်အချင်းများ အကျုံးဝင်နေသဖြင့် တရို သော့တွဲနံပါတ် ၂၁ ၏ ဂုဏ်ရည်များကို မြင့်တင်ရန် အားထုတ်သင့်၏။

၄၀။ နာမသချာ ၄၀ ဂဏန်းတွင် နာမည်နံပါတ် ၃၁ တွင် ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၄၁။ နာမသချာ ၄၁ ဂဏန်းတွင် နာမည်နံပါတ် ၃၂ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၄၂။ နာမသချာ ၄၂ ဂဏန်းတွင် နာမည်နံပါတ် ၃၃ ၏ ဂုဏ်ရည်များအကျုံးဝင်နေ၏။

၄၃။ ဤနာမသချာ ၄၃ ဂဏန်းကား ကံခေသော နံပါတ်ဟု ဆိုရမည်။ ကျေးဇူးကန်းခံရခြင်း၊ ဆန့်ကျင် တော်လှန်မှု ခံရခြင်း၊ အတားအဆီး အချုပ်အနှောင် အဆုံးအရှုံးများနှင့် မလွတ်ကင်းသော နာမည်အဖြစ် ရည်ညွှန်း ဖော်ဆောင်နေသည်။ ထို့ကြောင့် ရှေ့ရေးအတွက် အသေအချာ ပြင်ဆင်ရမည့် သဘောကို ပြဆိုနေလေ၏။

၄၄။ နာမသချာ ၄၄ တွင် နာမည် နံပါတ် ၂၆ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၄၅။ နာမသချာ ၄၅ တွင် နာမည် နံပါတ် ၂၇ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၄၆။ နာမသချာ ၄၆ ဂဏန်းတွင် နာမည် နံပါတ် ၃၇ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏၊

၄၇။ နာမသချာ ၄၇ ဂဏန်းတွင် နာမည်နံပါတ် ၂၉ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၄၈။ နာမသချာ ၄၈ ဂဏန်းတွင် နံမည်နံပါတ် ၃၀ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၄၉။ နာမသချာ ၄၉ ဂဏန်းတွင် နံမည် နံပါတ် ၃၁ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။။


၅၀။ နာမသချာ ၅၀ ဂဏန်းတွင် နာမည်နံပါတ် ၃၂ ၏ ဂုဏ်ရည်များ အကျုံးဝင်နေ၏။

၅၁။ ဤနာမသချာဂဏန်းသည် သင့်ရှေ့ရေး တိုးတက်မှုအတွက် အခွင့်အလမ်းများစွာ တည်ရှိဖြစ်ပေါ် ပံ့ပိုးပေးသော နာမည် နံပါတ်ဟု ဆိုနိုင်သည်။ 'ဖုတ်သွင်းရထား' ဆိုက်သည့်နယ် ရုတ်တရက် ကောင်းကျိုးထပေးသော ဂုဏ်ရည် အကျုံးဝင်နေသည်။ လုပ်ကြံသတ်ဖြတ်ခြင်း အပါအဝင် ဥပဒ္ဒေဝကကံ အကျိုးပေး ရှိနေကြောင်းကိုလည်းပြဆိုနေသည်။ ထို့ကြောင့် မိမိအသက်ကို ပဓာနမထားသော တပ်မတော်သားများနှင့် နိုင်ငံသားကောင်းများအတွက် အထူးသင့်လျော်သော နာမည် နံပါတ်ဟု ဆိုရမည် ဖြစ်ကြောင်း ကိုင်ရိုက ရည်ညွှန်းဖော်ဆောင်ထားလေ၏။



၅၂။ နာမသချာ ၅၂ တွင် နာမည် နံပါတ် ၄၃ ၏ ဂုဏ်ရည်များ အကျုံးဝင်နေလေ၏။

နှစ်တစ်နှစ်တွင် ရက်သတ္တပတ်ပေါင်း ၅၂ ရှိသော ပြယုဂ်ကို ယူ၍ နာမသချာ ဟောကွက် ၅၂ ကွက်ဖြင့် အဆုံးသတ် ထားလိုက်ရန် ဖြစ်ပေ၏။




အဓိကတာရိုကားချပ် မူကွဲပုံစံများ

# အခန်း (၇)

## တရိုသာမန်ကားချပ်နှင့် တော်ဝင်ကားချပ်များကို ဆန်းစစ်ခြင်း၊

သာမန် လျှို့ဝှက်ကားချပ်များ (Minor Arcana )ဟု ဆိုထားသဖြင့် အရေးမပါဟု မှတ်ယူရန်မသင့်ပါ။ တရို အဓိက ကားချပ်များသည် ယေဘုယျသဘောကိုပြည့်ဆွန်းပြီး သာမန် တရိုကားချပ်များသည် သီးခြားဝိသေသကိစ္စများကို မီးမောင်းထိုးပြသည်။ နည်းဗျူဟာသဘောမျိုး ဖြစ်သဖြင့် သူ့နေရာနှင့်သူ အရေးကြီးစမြဲဖြစ်၏။

သာမန်တရိုကားချပ်များ၏ ပီပြင်သောထူးခြားချက်မှာ ၎င်းတို့အားလုံးကို မဟာဘူတဓာတ်ကြီး ၄ ပါးဖြင့် အစီအရင်ပြု မွမ်းမံထားခြင်းဖြစ်၏။ အကျဉ်းမျှ ဖော်ညွှန်းရလျှင်

(၁) တေဇောဓာတ် အစီအရင်ဝင်အဖြစ် ကျိုင်းတံအဆင်အယင်

(၂) ဝါယောဓာတ် အစီအရင်ဝင်အဖြစ် ဓားအဆင်အယင်

(၃) အာပေါဓာတ် အစီအရင်ဝင်အဖြစ် ဖလားအဆင်အယင်

(၄) ပထဝီဓာတ် အစီအရင်အဖြစ် ဒင်္ဂါးအဆင်အယင်များအဖြစ် **ဆောင်ယူထားစေခြင်း** ဖြစ်၏။

နန်းတွင်းသား၊ စစ်ကဲ၊ မိဖုရားနှင့် ဘုရင်ဟူသော တော်ဝင်ကားချပ်များနှင့်လည်း အထက်ပါ အဆင်အယင်လေးမျိုး အကျုံးဝင်နေကြောင်း တွေ့ရပေ၏။

### ကျိုင်းတံအဆင်အယင်ကားချပ်များ

ကျိုင်းတံအဆင်အယင်ဝင် ကားချပ်များတွင် ဂဏန်းသင်္ကေတ ၁ မှ ၁၀ အထိ ၁၀ချပ်တိတိနှင့် ဘုရင်၊ မိဖုရား စစ်ကဲနှင့် နန်းတွင်းသားဟူသော တော်ဝင်ကားချပ် ၄ ချပ် စုစုပေါင်း ၁၄ ချပ်ပါဝင်၏။

အဆိုပါကားချပ်၌ ကျိုင်းတံများမှာ သစ်ရွက်များဝေဆာစွာ ပေါက်ရောက်မှုပုံသဏ္ဌာန် သို့မဟုတ် မီးတုတ်ပုံသဏ္ဌာန် တွေ့ရစမြဲဖြစ်သည်။ တိုးတက်ကြီးပွားလိုမှုနှင့် အလားအလာကောင်းသော ပြောင်းလဲမှုအခြေအနေကို ပြည့်ဆွန်းသည်။ ကျိုင်းတံအဆင်အယင်က ပြည့်ဆွန်းသော စိတ်ဓာတ်ခံ (Temperament)မှာ မျှော်လင့်ချက် ထားရှိတတ်မှုဖြစ်ပေသည်။ အရပ်ဒေသမှာ တောင်ဘက်ကို ညွှန်းသည်။ ရှေးအသုံးအနှုန်း ဓာတ်သဘောအရဆိုသော် သုဒ္ဒ (သုဒြ) ခေတ်ဝေါဟာရဆိုသော် ကာယလုပ်သား အဆင်အယင်ဟု အဓိပ္ပာယ်သက်ရောက်၏။

### ဓားအဆင်အယင်ကားချပ်များ

တော်ဝင်ကားချပ် ၄ ချပ်အပါအဝင် ဓားအဆင်အယင်ဝင်ကားချပ် စုစုပေါင်း ၁၄ ချပ်ရှိသည်။ ရဲရင့်ပြတ်သားမှု အတိုက်အခံပြုမှုစသော စိတ်ဓာတ်အရည်အချင်းများကို ပြဆိုသည်။ အောင်မြင်မှုနှင့် ဆုံရှုံးနစ်နာမှုဟူသော အစွန်းနှစ်ပါး၏ ဒွန်တွဲနေမှုကိုလည်း ပြည့်ဆွန်းသည်။ စိတ်ဓာတ်ခံမှာ ငြိုငြင်တတ်မှု၊ အရပ်ဒေသအနေဖြင့် မြောက်ဘက်ကိုညွှန်းသည်။ ရှေးအသုံးအနှုန်း ခတ္တိယ၊ ခေတ်ဝေါဟာရ စစ်ဘက်အုပ်ချုပ်ရေးဝန်ထမ်း အဆင်အယင်ဟု အဓိပ္ပါယ်သက်ရောက်၏။



### ဖလားအဆင်အယင်ကားချပ်များ

အခြားသော အဆင်အယင် ကားချပ်များကဲ့သို့ပင် ဖလားအဆင်အယင် ကားချပ်စုစုပေါင်း ၁၄ ချပ်ရှိသည်။ စိတ်ထိခိုက်လွယ်မှု၊ စိတ်ဓာတ်ခံစား ပြင်းထန်ခြင်းကို ပြည့်ဆွန်းသည်။ စိတ်ဓာတ်ခံမှာ ဥပေက္ခာတရားသက်ဝင်မှုနှင့် အရပ်ဒေသအားဖြင့် အနောက်ဘက်ကို ညွှန်းသည်။ ရှေးအသုံးအနှုန်း ဗြဟ္မဏ၊ ခေတ်ဝေါဟာဆိုသော် ဉာဏဆိုင်ရာပုဂ္ဂိုလ်များဟု အဓိပ္ပာယ် သက်ရောက်၏။

### ဒင်္ဂါးအဆင်အယင်ကားချပ်များ

ဒင်္ဂါးအဆင်အယင်ကားချပ်များတွင်လည်း တော်ဝင်ကားချပ် ၄ချပ် အပါအဝင် ကားချပ်စုစုပေါင်း ၁၄ ချပ်ရှိသည်။ ဒင်္ဂါးအဆင်အယင်၏ ထူးခြားချက်မှာ ငါးထောင့်ကြယ်အမှတ်အသားဖြင့် မွမ်းမံထားခြင်းပင်ဖြစ်၏။

ဒင်္ဂါးဟူသော အဆင်အယင်နှင့်အညီ ၎င်းတို့သည် ငွေကြေးခန၊ အမွေပစ္စည်းနှင့် ကုန်သွယ်မှုကို ညွှန်းသည်။ စိတ်ဓာတ်အခံမှာ အမြတ်အစွန်းထုတ်လိုမှု အရပ်ဒေသအားဖြင့် အရှေ့ကိုညွှန်းသည်။ ရှေးအသုံးအနှုန်းဝဿ၊ ခေတ်ဝေါဟာရ ကုန်သည်ပွဲစားနှင့် ငွေကြေးဈေးကွက် (Money market) ဆိုင်ရာ အမှတ်အသားများဟု အဓိပ္ပာယ် သက်ရောက်၏။

### တော်ဝင်ကားချပ်များ၏ သဘောသဘာဝ

တရိုဂမ္ဘီရဝေဒပညာရှင်များက တော်ဝင်ကားချပ်များကို အဓိကတရိုကားချပ်များနှင့် သာမန်တရိုကားချပ်များအကြား ပေါင်းကူးထားသော ကားချပ်များအဖြစ်ခံယူ၏။

တရိုကားချပ်များကို အဓိပ္ပာယ်ဖွင့် ဟောကိန်းထုတ်သူ(Tarot Readers)ဟူရားဆရာများသည် ကားချပ်များ ဖြန့်ကျက်မှု (The spread or lay out)မပြုမီ ပြဿနာမေးလာသူ(Querent) ပုဂ္ဂိုလ်အလိုက် ၎င်းအားကိုယ်စားပြု တော်ဝင်ကားချပ်တစ်ချပ်ကို ဦးစွာဖြန့်ခင်းလေ့ရှိသည်။ ဥဒါဟရဏ်ပြရသော် ပညာရှင်အိဂရေးသည် ပြဿနာမေးလာသူပုဂ္ဂိုလ်မှာ အမျိုးသမီးတစ်ဦးဆိုသော် အသက်အရွယ်အလိုက် မိဖုရားအဆင်အယင် သို့မဟုတ် နန်းတွင်းသား အဆင်အယင်ဝင် ကားချပ်တစ်ချပ်ကို ရွေးယူ၍ ကိုယ်စားပြုထားစေကြောင်း သိရ၏။

အချို့ ပညာရှင်များကမူ ပြဿနာမေးခွန်းရှင်အား တော်ဝင်ကားချပ်တစ်ချပ်ကို ၎င်းကိုယ်တိုင်ရွေးယူစေပြီး သူ၏ ကိုယ်စားပြုကားချပ်အဖြစ် မှတ်ယူထားကြောင်းတွေ့ရ၏။

မည်သို့ပင်ဖြစ်စေ၊ တရိုဝေဒ ဟောကိန်းမထုတ်မီ တော်ဝင်ကားချပ်တစ်ခုခုကို ဦးစွာပထမ စားပွဲပေါ်ဖြန့်ခင်းရန်ဟူသော စည်းကမ်းချက်များကိုတရိုဝေဒပညာရှင်များကလိုက်နာရစမြဲဖြစ်ကြောင်း တွေ့ရမည်။ သာမန်ကားချပ်များဖြင့် ဟောကိန်းထုတ်ပုံ အကြောင်းအရာကို ရှင်းလင်းရေးသားရာ၌ ကျန်အချက်သည် ထင်ရှားပေါ်လွင်လာဦးမည်ဖြစ်၏။

### သာမန် ကားချပ်များ၏ ယေဘုယျဖော်ညွှန်းချက်

တရိုဝေဒ၏ (ဝါ) တရိုကားချပ်များဖြင့် ပြဿနာ **မေးခွန်းများကို** ဆန်းစစ်အဖြေထုတ် ဟောကိန်းပြုရာတွင် (က) ကဲ့ လူမျိုးစဉ်လာနည်းစနစ်နှင့် (ခ) ဘဝသစ်ပင်နည်း**စနစ်ဟူသော** အဆိုပါနည်း**စနစ် နှစ်မျိုး**ကို အများဆုံးအသုံးပြုကြကြောင်း သိရသည်။ ထိုနည်းစနစ်နှစ်မျိုးအရ ဟောကိန်းထုတ်ရာတွင် တရိုကားချပ် တစ်ထုပ်လုံးရှိ ကားချပ် ၇၈ ချပ်အနက်မှ ၁၀ ချပ် (ပထမဦးဆုံး ဆွဲယူထားသော တော်ဝင်ကားချပ်တစ်ချပ်မပါ)ကို ပြဋ္ဌာန်းချက် ထုံးစံအတိုင်းဖြန့်ကျက်၍ ဟောကြားကြောင်း တွေ့ရမည်ဖြစ်၏။

ဤသို့ ဖြစ်သော် တရိုဟူရားပညာကို တတ်ကျွမ်းလိုသူသည် တရိုကားချပ် ၇၈ ချပ်စလုံးမှ ကားချပ်တစ်ခုချင်း၏ ဖော်ဆောင်ချက် အဓိပ္ပာယ်ကို ပိုင်ပိုင်နိုင်နိုင် မှတ်မိသိရှိသဘောပေါက်ထားရန်လိုအပ်လှသည်။ အချို့သော ဂမ္ဘီရပညာသုတေသီများ၏ အဆိုအရ တရိုကားချပ်များ၏ ဖော်ဆောင်ချက်သည် တာတ်ဖလ်လုံး( Crystal Ball)တွင်ပေါ်လာသော ပုံလွှာသဖွယ် လေးနက်ကြောင်းဟူ၏။

ဤမျှမကသေးပါ။ အဆိုပါ တရိုကားချပ်၏ တည်နေရာဖြန့်ကျက်ပုံ အနေအထားအရ ဟောကိန်း အပြောင်းအလဲ ကေန်ဖြစ်ရပြန်သည်။ ဤသို့ဆိုလျှင် တရိုဟောကိန်းတွင်ကားချပ်များ၏ အဓိပ္ပာယ်ကို လေ့နံဓားထစ်သဘောမျိုးဖြင့် တရားသေ အဆင်အခြင်ကင်းမဲ့စွာသော ဟောကိန်းဖော်ဆောင်၍ မရကြောင်း သတိချပ်ရာ၏။

စာရေးသူသည် တရိုအဓိကကားချပ်များ၏ သရုပ်သကန်နှင့် အနက်အဓိပ္ပာယ်များကိုပါ ရေးသားဖော်ဆောင်ပြီး ဖြစ်၍ သာမန်ကားချပ်များ၏ ကျယ်ပြန့်သော သဘောအဓိပ္ပာယ်ကို ဖော်ထုတ်ရေးသားရန် တာဝန်ကျန်ရှိနေပေသေးသည်။ သို့ဖြစ်ရာ တရိုသာမန်ကားချပ်ဆိုင်ရာ အဆင်အယင် ၄ မျိုးကို အဆင်အယင်တစ်မျိုးစီအလိုက် အဓိပ္ပာယ်ဖော်ဆောင်ရေးသား သွားရန် လိုအပ်လာပါသည်။ ထို့မျှမက တော်ဝင်ကားချပ်များကိုပါ တစ်ပါတည်း ဖော်ညွှန်းရေးသားသွားရန် လိုအပ်နေပါ၏။

တရိုဝေဒကို ကျွန်ုပ်တို့ စိတ်ဝင်စားခြင်းမှာ ဗေဒင်ကိန်းခန်း ဟောနိုင်ခြင်းကြောင့် ဆိုသည်မှာ သေချာပါသည်။ သာမန် ကားချပ် (တော်ဝင်ကားချပ်များအပါအဝင်) များဖြင့် တစ်ကမ္ဘာလုံးသုံးသော ဇာကာဘာဝဟောနည်းပုံစံ(Horoscopic spread) ၁၂ရာသီခွင် အတန့်ဘာဝအလိုက် ကားချပ်ခင်းကျင်းဟောနိုင်သည်။ ဂြိုဟ်ပရိယာယ် အားရှိအားမဲ့ ဆောင်ယူသည့် သဘောမျိုး တရိုဝေဒကားချပ်များ၌ သူ့နည်းသူဟန်ဖြင့် ပါရှိပြီး ဖြစ်သည်။ စာပေသင်ကြားရေး သာမက စီမံခန့်ခွဲရေးနယ်ပယ်အတွေ့အကြုံ ရင့်ကျက်သူများအဖို့ ပိုမိုပညာပါပြီး အသုံးဝင်ကြောင်း တွေ့ရမည်ဖြစ်၏။

## ကျိုင်းတံအဆင်အယင် ကားချပ်များဆိုင်ရာ ဖွင့်ဆိုချက်များ

နံပါတ် (၁) မှ တစ်ဆယ်အထိ သာမန်ကားချပ် ၁၀ ချပ်နှင့် တော်ဝင်ကားချပ် ၄ ချပ်စုစုပေါင်း ကျိုင်းတံအဆင်အယင်၏ ကားချပ် ၁၄ ချပ်ရှိ၏။

ကျိုင်းတံအဆင်အယင်ဝင်ကားချပ်များ၏ အဓိပ္ပာယ်ဖော်ညွှန်းချက်ကို တော်ဝင်ကားချပ်များဖြင့်အစပြုလျက် တစ်ချပ်ခြင်းကို သရုပ်ပြပုံနှင့်တကွ ရှင်းလင်းပြဆိုသွားမည် ဖြစ်ပါ၏။

### (က) ကျိုင်းတံကိုင်နန်းတွင်းသား

အရွယ်ရောက်ပြီးစ လူငယ်တစ်ဦးသည် သစ်ရွက်များပေါက်မြောက်နေသော ကျိုင်းတံကို ဝင့်ကြွားစွာ ကိုင်မြောက်ထားဟန် တွေ့ရမည်။ တစ်စုံတစ်ခုသော အကြောင်းအရာ သို့မဟုတ် မျှော်မှန်းချက်ကို တမ်းတမျှော်မှန်းနေဟန်တွေ့ရမည်။ ထူးခြားချက်မှာ နောက်ခံပန်းချီ၌ ပိရမစ် (ခေါ်) အီဂျစ်ရှေးဟောင်းဘာသာရေး အဆောက်အအုံသုံးခုကို အစီအရီတွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** စိတ်အားထက်သန်မှု၊ ထင်ပေါ်ကျော်ကြား၍ လူလားမြန်မြန်မြောက်လိုမှု၊ သတင်းစကားကောင်းများ သယ်ဆောင်မှုကိုပြဆို၏။

ကားချင်းပြောင်းပြန်ဖြန့်ကျက်မိလေသော် တလွဲမာနထားမှု၊ သစ္စာယွင်းဖောက်သူ၊ သတင်းဆိုး သယ်ဆောင်သူအဖြစ်ပြဆို၏။





KNIGHT of WANDS.



PAGE of WANDS.









## (ခ) ကျိုင်းတံကိုင်စစ်ကဲ

ချပ်ဝတ်တံဆာဝတ်ဆင်ထားသော ကျိုင်းတံကိုင်စစ်ကဲတစ်ဦးသည် မြင်းတစ်ကောင်စီးလျက် ခရီးပြင်းနှင်နေဟန် တွေ့ရမည်။ ချပ်ဝတ်တံဆာပေါ်မှ အရုပ်မှာ ရှေးခေါ်မနတ်ဒဏ္ဍာရီလာ မီးပင်လယ်ကို အန္တရာယ်ကင်းစွာ ကူးလူးဖြတ်သန်းနိုင်သော အိမ်မြှောင်နှင့် ဆင်ဆင်တူသော ဆလာမင်ဒါခေါ် သတ္တဝါသည် ကိုယ့်အမြီးကို ကိုက်ထားဟန် ရုပ်ပုံများပါရှိကြောင်း တွေ့ရမည်။ ပိရမစ်သုံးခုကို သရုပ်ဖော်ထားကြောင်း တွေ့ရဦးမည် ဖြစ်၏။

**ဖော်ညွှန်းချက်။** အစောတလျင် လုပ်ကိုင်ဆောင်ရွက်တတ်သူ၊ ခရီးထွက်လိုသူ၊ အကဲခတ်ရခက်သူပုဂ္ဂိုလ်အဖြစ်ပြဆိုသည်။ နေရာထိုင်ခင်း အပြောင်းအလဲကို ထင်ရှားဖွင့်ဆိုနေလေ၏။

**ကားချပ်ပြောင်းပြန်။** ခရီးနှောင့်နှေးခြင်းနှင့် အနှောင့်အယှက်များ၊ စိတ်ဓာတ်ကျဆင်းခြင်းနှင့် မပြေမလည်ဖြစ်မှုကို ပြဆို၏။

## (ဂ) ကျိုင်းတံကိုင် မိဖုရား

ညာလက်ဖြင့်ကျိုင်းတံ၊ ဘယ်လက်ဖြင့် နေကြာပန်းကိုင်ပြီး သရဖူဆောင်းထားသော မိဖုရားတစ်ဦးသည် ခြင်္သေ့ခံ သလွန်ညောင်စောင်းထက်၌ တည်ငြိမ်စွာနေရာယူထားဟန်တွေ့ရမည်။ သူ၏ခြေရင်း၌ ခေါ်မဒဏ္ဍာရီလာဗီးနပ်နတ်ဒေဝီ၏ အဆိုးမြင်သင်္ကေတဖြစ်သော ကြောင်တစ်ကောင် ထိုင်နေပုံတွေ့ရမည်။ နောက်ခံ၌ ပိရမစ်သုံးခု တွေ့ရဦးမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** ဖြဟ္မာစိုရ်တရားလက်ကိုင်ထားခြင်း၊ အိုးအိမ်နှင့် မိသားစုအရေးတွင် သံယောဇဉ်အပြည့်ဖြင့် ကွပ်ကဲစောင့်ရှောက်တတ်မှု၊ ထူးခြားသည်မှာ ပြင်ပလုပ်ငန်းဆောင်တာများတွင်လည်း အကွက်စေ့အောင် ဖြစ်ထွန်းအောင်မြင်စေမှုကို ပြဆိုခြင်းဖြစ်၏။

**ကားချပ်ပြောင်းပြန်။** ခေါင်းမာခြင်း၊ ကတိမတည်ခြင်းနှင့် ဗြဟ္မာစိုရ်တရား ခေါင်းပါးခြင်းကို ပြဆို၏။

## (ဃ) ကျိုင်းတံကိုင် ဘုရင်


သရဖူဆောင်းဘုရင်၏ သလွန်ပလ္လင်နောက်မှီ၌ ခြင်္သေ့နှင့် ခေါ်မနတ်ဒဏ္ဍာရီလာ ဆလာမင်ဒါ (ခေါ်) အိမ်မြှောင်နှင့် ဆင်ဆင်တူသော သတ္တဝါရုပ်ပုံများကို တွေ့ရမည်။ ဘုရင်ကြီး၏အပေါ် ကိုယ်ရုံ၌ ဆလာမင်ဒါသတ္တဝါပုံများ တွေ့ရဦးမည် ဖြစ်သည်။ ၎င်းအမှတ်အသား အားလုံးသည် တေဇောဓာတ်ကို သရုပ်ဖော်ထားကြောင်း သတိပြုရာ၏။ ကားချပ်ပုံအရ တည်ငြိမ်ခန့်ငြား ချောမောသော လူရွယ်လူလတ် ပုဂ္ဂိုလ်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** အစောတလျင် ဆုံးဖြတ်လုပ်ကိုင် ဆောင်ရွက်တတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကြင်နာသနားတတ်ခြင်း၊ အိမ်ထောင်သာယာဝပြောခြင်း၊ မျှော်လင့်မထားသော ဥစ္စာပစ္စည်း အမွေအနှစ်များ ရရှိခြင်းတို့ကို ပြညွှန်း၏။

ပြောင်းပြန်ဆိုသော် စိတ်ဆတ်ခြင်း၊ ဘက်လိုက်ခြင်း၊ ဘဝင်မြင့်ခြင်း၊ မိုက်မှားခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်းကို ပြညွှန်း၏။

## ကျိုင်းတံအဆင်အယင်ဝင် သာမန်ကားချပ်များ

**ကျိုင်းတံ ၁။** ကောင်းကင်ယံ မိုးတိမ်ကြား၌ ထွက်ပေါ်လာသောလက်က ကျိုင်းတံတစ်ချောင်းကို ကိုင်စွဲထားဟန်တွေ့ရမည်။ ပျို့လွင့်နေသော သစ်ရွက် တစ်ရွက်ကိုလည်း တွေ့ရမည်။ ဤအချက်သည် ဟီဗရူးအယူအရ စိတ်တန်ခိုးမှ ရုပ်တန်ခိုးသို့ အသွင် ပြောင်းခြင်းဟု ဖော်ဆောင်ကြောင်း သိရ၏။



ACE of WANDS.











**ဖော်ညွှန်းချက်** ။ ပထမဦးဆုံး ခြေလှမ်းလှမ်းခြင်း၏ အဓိပ္ပာယ်ဆောင်သည်။ မည်မျှဝေးလံသော ခရီးပင်ဖြစ်စေ၊ မည်မျှခက်ခဲသော လုပ်ငန်းဖြစ်စေ၊ ပထမခြေလှမ်းလှမ်းဖို့ အရေးကြီးသည်။ စီးပွားရေးကိစ္စ၊ ဝန်ထမ်းကိစ္စအပါအဝင် လူမှုရေးကိစ္စ တစ်ရပ်ရပ် ဖြစ်မြောက်အောင်မြင်ရေးအတွက် အစပျိုးခြင်းဟု ပြဆိုသည်။ ခရီးယာယီနှင့် ပတ်သက်သော် ခရီးတိုဟု မှတ်ယူရန်ဖြစ်၏။

ပြောင်းပြန်တွေ့ရသော် ခရီးစဉ်ဖျက်သိမ်းခြင်း၊ သို့မဟုတ် ပျက်ခြင်း၊ ပထမဆုံး ခြေလှမ်း မှားယွင်း၍ လှမ်းမိခြင်း၊ လုပ်ငန်းသစ်တည်ဆောက်မှု ရပ်ဆိုင်းသွားခြင်းကို ပြဆို၏။

**ကျိုင်းတံ ၂** ။ ရှေ့ခရီးကို လှမ်းမျှော်ကြည့်နေသူ ပုဂ္ဂိုလ်တစ်ဦး၏ ဗယ်ဘက်လက်တွင် ကျိုင်းတံတစ်ခု၊ အခြားကျိုင်းတံတစ်ခု မှာမူ သံမှုလီစုပ်ထားကြောင်းတွေ့ရမည်။ ညာလက်တွင် ကမ္ဘာလုံးပုံကိုင်ထားဟန် တွေ့ရဖြင့် ခရီးရှည်ပြညွှန်း  နေသည်။ လက်ဝဲဘက်ကျိုင်းတံအနီးမှ တံဆိပ်ပြားတွင် တောင့်တလိုလားမှု၏ ပြယုဂ်ဖြစ်သော နှင်းဆီပန်းနှင့် ဖြူစင်သော အတွေး အခေါ် ပြယုဂ်ဖြစ်သော ကြာပန်းတို့ ကြက်ခြေခတ်ပုံသဏ္ဍာန် ဖြစ်ပေါ်နေ၏။ ၎င်းတံဆိပ်၏ ပြဆိုချက်မှာ လိုလားချက်နှင့် အတွေးအမြင်နှစ်ဖက် ဟန်ချက်ညီ ဖြစ်နေခြင်း အဓိပ္ပာယ်ပင်ဖြစ်၏။

**ဖော်ညွှန်းချက်** ။ ရဲဝံ့စွန့်စားခြင်း၊ ခေတ်မီအတတ်ပညာများကို အသုံးပြုလိုခြင်း၊ လုပ်ငန်းကြီး ထူထောင်လိုစိတ်ဖြစ်နေခြင်း၊ ခရီးရှည် မျှော်မှန်းခြင်းစသည်တို့ကို ပြညွှန်း၏။

**ပြောင်းပြန်ဆိုသော်** ။ တုံ့ဆိုင်းခြင်း၊ မဝံ့မရဲဖြစ်နေခြင်း၊ လုပ်ငန်း သို့မဟုတ် ခရီးယာယီ အရှိန်ရကာမှ မရေမရာ မသေမချာဖြစ်သွားခြင်းကို ပြဆို၏။

**ကျိုင်းတံ ၃** ။ ကမ်းခြေတစ်ခု၌ ဆိုက်ရောက်လာမည့် လှေသင်္ဘောကို စောင့်ကြိုနေသော ပုဂ္ဂိုလ်တစ်ဦးပုံကို တွေ့ရမည်။ ၎င်း ၏ နောက်ကျောဘက်၌ ကျိုင်းတံသုံးချောင်းတွေ့ရမည်။ ကျိုင်းတံတစ်ချောင်းကို မိမိရရစိုက်ထူကိုင်ထားဟန်လည်း တွေ့ရမည်။

**ဖော်ညွှန်းချက်** ။ မျှော်လင့်ချက် အကောင်အထည်ပေါ်လာခြင်း၊ လုပ်ငန်းတွင်ကျယ်ပြီးစီးခြင်း၊ အပေါင်းအသင်းများထံမှ အကူအညီရခြင်းကို ပြညွှန်း၏။

**ပြောင်းပြန်ဆိုသော်** ။ သစ္စာဖောက်ခံရခြင်း၊ ဝမ်းနည်းရခြင်း၊ ငွေကြေးဓနဆုံးရှုံးခြင်း၊ မှန်းချက်နှင့် နှမ်းထွက်မကိုက် ခြင်းကို ပြညွှန်း၏။

**ကျိုင်းတံ ၄** ။ ပျော်ရွှင်မြူးတူးနေသော မိန်းမပျိုနှစ်ဦးသည် ပန်းစည်းများကို ကိုင်မြှောက်ထားဟန် တွေ့ရသည်။ ကျိုင်းတံ ၄ ချောင်း အသီးသီးတွင် ပန်းကုံးများ ချိတ်ဆွဲလျက် အခမ်းအနား အဆောင်အယောင်မျိုး မြင်တွေ့ရသည်။ နောက်ခံကားချပ်၌ ရဲတိုက်ကိုတွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်** ။ အောင်မြင်မှုအတွက် အားရဝမ်းသာဖြစ်ခြင်း၊ လုပ်ငန်းပြီးမြောက်မှုအတွက် အသိအမှတ်ပြု ခံရခြင်း၊ သာယာစိုပြည်ခြင်း၊ ငြိမ်းချမ်းခြင်းကို ပြညွှန်းသည်။ ကားချပ်ဖြစ်ကျက်မှု အနေအထားအရ အချစ်ရေးကိစ္စပေါက်မြောက် မှုကိုလည်း ဖော်ညွှန်းသေး၏။

**ပြောင်းပြန်ဆိုသော်** ။ တစ်ယူသန် အစွဲအလန်းကြောင့် နှောင့်နှေးခြင်း၊ စိတ်သွားတိုင်း ကိုယ်မပါနိုင်အဖြစ်မျိုး ဖိစီးခံနေရခြင်းကို ပြညွှန်း၏။

**ကျိုင်းတံ ၅** ။ ကျိုင်းတံကိုယ်စီကိုယ်င ကိုင်ဆောင်ထားသူ ပုဂ္ဂိုလ်ငါးဦးသည် ယှဉ်ပြိုင်လှုပ်ရှားဘက် ပြိုင်ပြုနေဟန် တွေ့ရမည်။ ဝိုင်းကြီးပတ်လည် တုယှဉ်မှုသဘောမျိုး တွေ့ရသဖြင့် ကြန့်ကြာမှုကိုသာ ပြညွှန်း၏။


**ဖော်ညွှန်းချက်** ။ အမှုအခင်းများနှင့် ရင်ဆိုင်တိုးနေရခြင်း၊ အခက်အခဲ အတားအဆီးများ ပေါ်ပေါက်လာခြင်းကို ပြညွှန်း၏။

**ပြောင်းပြန်ဆိုသော်** ။ ရင်ဆိုင်နေရသော အခက်အခဲများကို ကျော်လွှားနိုင်မှု၊ လုပ်ငန်းဆောင်တာအတွက် အခြေအနေကောင်းများ ပေးလာမှုကို ဖော်ညွှန်း၏။










VIII


VII




X


IX

**ကျိုင်းတံ ၆ ။** ဦးခေါင်းတွင် သံလွင်ရွက် သရဖူဂုဏ်ပြုပန်းကုံး ဆောင်းထားသော ကျိုင်းတံကိုင်မြင်းစီးသူရဲကောင်းတစ်ဦးကို တွေ့ရမည်။ သူကိုင်ဆောင်ထားသော ကျိုင်းတံ၌ ဂုဏ်ပြုပန်းကုံး ချိတ်ဆွဲထားကြောင်းတွေ့ရပြီး ကျိုင်းတံကိုယ်စီကိုင်ဆောင်ထားသော အခြွေအရံငါးဦးကို နောက်ခံကားချပ်၌ တွေ့ရ၏။
**ဖော်ညွှန်းချက် ။** အောင်ပွဲဆင်နွှဲ၍အပြီး၊ အိမ်ပြန်ခရီး၊ သတင်းထူးသတင်းကောင်း သယ်ဆောင်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များ၏ အသိအမှတ်ပြုခြင်းခံရမှု၊ စွန့်စားလုပ်ကိုင်ရသည့် လုပ်ငန်းကို စတင်လမ်းထွင်ပေါက်မြောက်မှု သို့မဟုတ် ၎င်းလုပ်ငန်းနှင့် ပတ်သက်၍ အကူအညီရရှိမှုကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** မိမိအပေါ် အနိုင်ကြိမည့် ရန်သူရှောင်တခင် ဖြစ်ပေါ်လာမှု၊ အနိမ့်ခံရမှုနှင့် စော်ကားကျူးကျော်မှုရန် ရင်ဆိုင်ရခြင်း၊ ပေါက်မြောက်မှု အကျိုးရလဒ် ယုတ်လျော့မှုကို ပြညွှန်း၏။

**ကျိုင်းတံ ၇ ။** တောင်ကုန်းအထက်စီး နေရာယူပြီးသူ ပုဂ္ဂိုလ်တစ်ဦးက အောက်ဘက်မှ ရန်သူ ၆ ဦး၏ တိုက်ခိုက်လာမှုကို ခုခံတိုက်ဖျက်နေဟန်တွေ့ရ၏။
**ဖော်ညွှန်းချက် ။** ကိုယ်ခံသတ္တိဗျတ္တိကောင်းဖြင့် ယှဉ်တုဘက်ပြိုင်သူများအပေါ် အနိုင်ရရှိမှု၊ မိမိဘက်မှ အခြေအနေကောင်းနှင့် အခြေခံကောင်းများ ပိုင်ဆိုင်ထားရှိမှု၊ အောင်မြင်မှု အလားအလာကောင်းမှုကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** ဆုံးဖြတ်ချက် မခိုင်မာသောကြောင့် အခြေခံကောင်းများ လက်လွှတ်ဆုံးရှုံးရမှု၊ ယိုးမယ်ဖွဲ့ အရေးဆိုခြင်းခံရမှု၊ ဝန်တိုမှု အခြေခံသော ခြိမ်းခြောက်ခံရမှု စသည့်ပုံကို ပြညွှန်း၏။

**ကျိုင်းတံ ၈ ။** လွင်ပြင်လေဟာပြင်ကို ဖြတ်သန်းလာသော ကျိုင်းတံရှစ်ချောင်းသည် အရှိန်ကုန်၍ မြေပြင်သို့ ကျရောက်လာတော့မည့်ဟန် တွေ့ရ၏။
**ဖော်ညွှန်းချက် ။** အမှာစကား၊ အမှာစာ၊ ကြေးနန်း အစရှိသော ဆက်သွယ်မှုတစ်ရပ်ရပ် တွေ့ရမည့်ကိန်းမျိုး၊ ခရီးပန်းတိုင်သို့ ရေးရှုရောက်ခါနီး အခြေအနေ၊ အစောတလျင် လုပ်ဆောင်ရမည့် ကိစ္စမျိုးကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** ဦးစားပေး စီးပွားရေး၊ အချစ်ရေးနှင့် လူမှုရေးကိစ္စတစ်ရပ်ရပ်သောင်မတင်ရေမကျ အီလည်လည်ဖြစ်မှု၊ မချစ်မနှစ်သက်သူများ၏ လုပ်ကြံသော မွှားချက်များ ကျရောက်ခံစားရမှုစသည်တို့ကို ပြညွှန်း၏။

**ကျိုင်းတံ ၉ ။** ဦးခေါင်း၌ ပတ်တီးစည်းထားပြီး ကျိုင်းတံတစ်ချောင်းကို ကိုင်ဆောင်ထားသော ပုဂ္ဂိုလ်၏ ဟန်ပန်မှာ တိုက်ပွဲတစ်ခုခုကိုကျေနပ်တိုက်ခိုက်ခဲ့ပြီး နောက်ထပ်တိုက်ပွဲများ ဆင်နွှဲရန် စောင့်ကြိုနေပုံတွေ့ရမည်ဖြစ်၏။ ကျိုင်းတံရှစ်ချောင်း စိုက်ထူ၍ ပိုင်းခြားထားသော နယ်မြေကို ကာကွယ်စောင့်ရှောက်ဟန် တွေ့ရမည်ဖြစ်၏။
**ဖော်ညွှန်းချက် ။** မိမိလိုလားတောင့်တသော ကိစ္စအတွက် ကိုယ်ခံအားကောင်းခြင်း၊ သတ္တိဗျတ္တိနှင့် အသင့်ရင်ဆိုင်နိုင်စွမ်းရှိမှု၊ အောင်မြင်မှုရမည့် ပြယုဂ်နိမိတ်ကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** မိမိဘက်မှ အားနည်းမှု၊ မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း မရှိမှုကို ပြညွှန်း၏။

**ကျိုင်းတံ ၁၀ ။** ကျိုင်းတံ ၁၀ ချောင်းကို မနိုင်မနင်းချီပိုးလျက် မိမိရောက်လိုသော ပန်းတိုင်မြို့တော်ဆီသို့ ရှေ့ရှုသွားနေသော ပုဂ္ဂိုလ်တစ်ဦး၏ ပုံဖြစ်၏။
**ဖော်ညွှန်းချက် ။** လောကဓံတရား၏ ရိုက်ခတ်မှု လက်တွေ့ခံစားနေမှု အဓိပ္ပာယ်ဆောင်သည်။ မိမိနှစ်သက်လိုလားခြင်း မရှိသော ပြဿနာအခက်အခဲများ မကြာမီ ပြေပျောက်မည့် အဓိပ္ပာယ်ကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** သူယုတ်တို့၏ မသမာမှုတို့ကို တွေ့ကြုံရခြင်း၊ မိမိနှစ်သက်ရာဒေသမှ ခွဲရခြင်း၊ အမှုအခင်းဖြစ်သော် အမှုရှုံးတတ်ခြင်းကို ပြညွှန်း၏။



# အခန်း (၈)

## ဖလားအဆင်အယင်
## ကားချပ်များဆိုင်ရာ ဖွင့်ဆိုချက်

ဖလားအဆင်အယင် ကားချပ်နှင့်ပတ်သက်၍ ပုံမှန်အတိုင်းဆိုသော် သာမန်ကားချပ် ၁၀ ချပ်နှင့် တော်ဝင်ကားချပ် ၄ ချပ် စုစုပေါင်း ၁၄ ချပ်ရှိ၏။

တရိုကားချပ်များဖြင့် ဗေဒင်ဟောရာတွင် အခါခပ်သိမ်းဆိုသလို တော်ဝင်ကားချပ်တစ်ချပ်ကို မဆွအဦးခင်းကျင်းဖြန့်ကျက်မှု ပြုလေ့ရှိသည့်အတိုင်း အောက်တွင် ဖလားအဆင်အယင် တော်ဝင်ကားချပ်များဖြင့် အစပြုလျက် တစ်ချပ်ချင်းကို သရုပ်ပြပုံနှင့်တကွ ရှင်းလင်းပြဆိုသွားမည်ဖြစ်၏။

### (က) ဖလားကိုင်နန်းတွင်းသား


အဝတ်အစား သပ်ရပ်ကျနစွာ ဝတ်ဆင်ထားသော နန်းတွင်းသားတစ်ဦးသည် ငါးတစ်ကောင်ခေါင်းပြုနေသော ဖလားတစ်ခုကို ကိုင်မြှောက်ထားဟန် တွေ့ရသည်။ ကားချပ်နောက်ခံ၌ ပင်လယ်ပြင်ကို တွေ့ရမည်။ ဖလားအဆင်အယင်သည် အာပေါတည်းဟူသော ရေဓာတ်ကို တင်စားလေရာ၊ ဖလားကားချပ်တိုင်း၌ တစ်နည်းနည်းရေနှင့် ပတ်သက်သော သရုပ်ဖော်ပြချက် တစ်ခုခုတွေ့ရမည်ဖြစ်၏။
**ဖော်ညွှန်းချက် ။** သူတစ်ပါးကို ကူညီလိုသော စိတ်ကူးကွန့်မြူးယဉ်တတ်သော လူငယ်ဘဝကို သရုပ်ဖော်ဆောင်ထားသည်။ အနုပညာဝါသနာထုံသလို ဘာသာရေး ကိုင်းရှိုင်းခြင်းသဘောကို ပြဆိုသည်။ သတင်းကောင်းသတင်းထူး (အထူးသဖြင့် သားဖွားခြင်းကိစ္စ) ကြားရမည့် နိမိတ်၊ အကြံဉာဏ်ကောင်းရမည့် သဘောဖော်ညွှန်း၏။
**ကားချပ်ပြောင်းပြန်ဆိုသော် ။** သွေးဆောင်ဖျားယောင်းမှုနှင့် လိမ်လည်မှုခံရခြင်း၊ အဖြစ်မှန်ပေါ်ပေါက်ရန် ခက်ခဲခြင်း၊ မကောင်းသတင်း ပျံ့နှံ့ခြင်းနှင့် အခက်အခဲကြုံခြင်းကို ပြဆို၏။

### (ခ) ဖလားကိုင်စစ်ကဲ

ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော်လည်း စစ်ထွက်ဟန်မတွေ့ရချေ။ စိတ်အားထက်သန် မြူးထူးဟန်ရှိသော လူရွယ်တစ်ဦးသည် ဖလားကိုမြှောက်လျက် မြင်းစီးခရီးထွက်လာဟန် တွေ့ရ၏။
**ဖော်ညွှန်းချက် ။** စိတ်ကူးစိတ်သန်း အထူးသဖြင့် ချစ်ရေးကြိုက်ရေးကိစ္စ မြူးကြွခြင်း၊ စီးပွားရေးနှင့် မိသားစုရေးရာကိစ္စ၌ တက်ကြွမှု ချို့တဲ့ခြင်းသဘောပြညွှန်းသည်။ အဖြစ်အပျက်အနေဖြင့် လူမှုရေးဆိုင်ရာ အရေးပါသော ဖိတ်ခေါ်ချက်ရရှိလာခြင်း သို့မဟုတ် အခွင့်အလမ်းတစ်ရပ် ရရှိခြင်းကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** ပျင်းရိတုံ့ဆိုင်းခြင်း၊ မကောင်းသော အကြံအစည်ဖြစ်ပေါ်ခြင်း၊ လိမ်လည်လှည့်ဖျားမှုနှင့် သစ္စာမဲ့မှု ပြုတတ်ခြင်းကို ပြဆို၏။



PAGE of CUPS.



KNIGHT of CUPS.



QUEEN of CUPS.



KING of CUPS.

## (ဂ) ဖလားကိုင်မိဖုရား

မိဖုရားတစ်ပါးသည် ဂရိဒဏ္ဍာရီဆန်သော မှင်စာအသူရကယ်ရုပ်ပုံများ တွင်းထုထားသည့် **သလွန်ညောင်စောင်းထက်**၌ ဖလားကိုကိုင်ဆောင်လျက် ခပ်လျှိုလျှိုထိုင်နေဟန် တွေ့ရသည်။ အဖုံးပါဖလား၏အဖုံးကို ပိတ်ထားသဖြင့် မည်သည့်အရာများ ထည့်ထားသည်ကို ခန့်မှန်းရန်မဖြစ်နိုင်ချေ။ ထုံးစံအတိုင်း ကမ်းစပ်တစ်နေရာ၌ ရောက်ရှိနေသည်ကို တွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** သစ္စာရှိ၍ ဖြူစင်ဖြောင့်မတ်သော အိမ်ရှင်မအဖြစ်ကို ဖော်ညွှန်းသည်။ အကြံအစည်များကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခြင်း၊ အိမ်တွင်းနှင့် မိသားစုအရေး သာယာခြင်းတို့ကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** သစ္စာမဲ့ခြင်း၊ စာရိတ္တပျက်ပြားသူ၊ ဖောက်ပြန်၍ စိတ်မချရသူနှင့် နစ်နာမှုကို ပြညွှန်း၏။

## (ဃ) ဖလားကိုင်ဘုရင်

လှိုင်းတံပိုး အတန်အသင့်ပြင်းထန်သော ပင်လယ်ပြင်တွင်ပေါ်ပေါက်နေသောသလွန်**ညောင်စောင်း၌ဣနြေ့ရရှာထိုင်**နေသော ဘုရင်တစ်ပါး၏ပုံကို တွေ့ရမည်။ **လက်တစ်ဖက်တွင်** ဖလားတစ်ခုကို ကိုင်ထားပြီး **အခြားတစ်ဖက်ဖြင့်** သံလျက်ကို ကိုင်ထားဟန်တွေ့ရသည်။ ကားချပ်**နောက်ခံ ဘေး**တစ်ဖက်တစ်ချက်၌ ငါးပျံတစ်ကောင်နှင့် **သင်္ဘောတစ်စင်း** တွေ့ရ၏။

**ဖော်ညွှန်းချက်။** ငြိမ်းချမ်းခြင်း၊ ချိန်ခွင်ညှာညီမျှခြင်းကို အဓိပ္ပာယ်ဆောင်သည်။ ၎င်းကားချပ်ဖြင့် တရားရေး၊ စီမံခန့်ခွဲရေးနှင့် ကုန်သွယ်ရေးတို့၌ အုပ်ချုပ်မှုကျွမ်းကျင်ကြောင်း ဖော်ညွှန်း၏။ အသင်းအဖွဲ့တစ်ခုခု ဥပမာ ဂေါပက လူကြီး၊ နာယကအစ ရှိသော ပုဂ္ဂိုလ်အဖြစ်ကိုလည်း ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** ကိုယ်ကျိုးရှာလိမ်လည်မှု၊ ဂုဏ်သိက္ခာကျဆင်းမှု၊ မြွေလျှာနှစ်ခွ (DOUBLE DEALING) ပမာ ကျင့်ကြံ တတ်ခြင်းတို့ဖြစ်၏။

## ဖလားအဆင်အယင်၏ သာမန်ကားချပ်များ

**ဖလား – ၁။** ကောင်းကင်အလယ် **ထွက်ပေါ်လာသော** လက်ဖဝါး**ထက်ရှိ** ဖလား၌ သိကြားရေစင်တန်း (DEW OF SPIRIT) တစ်တန်းကမ္ဘာမြေပြင်ရှိကြာမျိုးများဖြင့် **ပြည့်စုံနေသော** ရေကန်အတွင်း **ကျဆင်းနေဟန်**တွေ့ရမည်။ ငြိမ်းချမ်းရေးသင်္ကေတ ဖြစ်သော ခို (ချိုး) ငှက်တစ်ကောင်၏ **အားထုတ်မှုကိုလည်း** တွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** အိမ်ထောင်ရေးသုခ အစရှိသော **လူမှုရေးဆိုင်ရာ** သာယာစိုပြည်မှုကို ဖော်ညွှန်းသည်။ ရုပ်ပိုင်းထက် စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်ချမ်းမြေ့ခြင်းဆိုင်ရာ အစပျိုးမှု၊ **ဖြစ်ထွန်းမှုကို** အလေးပေး ဖော်ပြ၏။

**ပြောင်းပြန်ဆိုသော်။** မလှမပဖြစ်မှု၊ စိတ်မတည်ကြည်မှု၊ **အချစ်မှားမှားမှု၊ စိုပြည်မှု**ခမ်းခြောက်ခြင်းကို ပြဆို၏။


**ဖလား – ၂။** ဘဝ၏တပ်မက်ဖွယ်ရာ အရာဝတ္ထုတစ်မျိုးမျိုး ဖြည့်တင်းထား**ဟန်ရှိသော** ဖလားတစ်ခုစီကိုင်ထားသော လူပျိုနှင့် အပျိုစုံစုံတစ်စုံ၊ အချစ်သစ္စာ တိုင်တည်နေဟန်တွေ့ရသည်။ ဖလားနှစ်ခုအလယ်၌ ဖြစ်ပေါ်သော မိတ်လိုက်ဟန်ပြုနေသော မြွေနှစ်ကောင်အထက်၌ တဏှာရမ္မက်လွှမ်းနေဟန်ရှိသော ခြင်္သေ့ဦးခေါင်း၌ ငှက်တောင်ပံပြန့်ကားနေဟန် တွေ့ရ၏။

**ဖော်ညွှန်းချက်။** ချစ်ရေးကြိုက်ရေးနှင့် ကာမတဏှာကိစ္စရပ်များ ပျိုးထောင်ပွားစည်းမှုကို ပြညွှန်းသည်။ **လူမှုရေးကိစ္စနှင့်** စပ်လျဉ်း၍မူ သဟဇာတဖြစ်မှု၊ အပြန်အလှန် အကျိုးရှိမှုကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** တဏှာရာဂကဲလွန်မှု၊ **သစ္စာမဲ့သောအချစ်၊** မညီမညွတ်ဖြစ်မှု၊ သော့သွမ်းပေါ့ရမ်းမှု၊ **အထင်အမြင်** လွဲမှားမှုတို့ကို ပြညွှန်း၏။






III


IV




V


VI

**ဖလား – ၃ ။** ပန်းခြံတစ်ခုအတွင်းဝယ် အပျိုသုံးဖော်သည် တစ်စုံတစ်ရာသော အောင်မြင်ပေါက်မြောက်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ဖလားတစ်ခုစီကိုင်မြှောက်ပြီး ဝင့်ကြွားနေဟန်တွေ့ရ၏။
**ဖော်ညွှန်းချက် ။** ဖော်ရွေမှု၊ သာယာစိုပြည်မှု၊ ဝပြောဖြစ်ထွန်းမှု အစရှိသော ကံကောင်းခြင်းဖြစ်ရပ်များကို ဖော်ညွှန်းသည်။ လက်ထပ်မင်္ဂလာပွဲကိုလည်း ဖော်ပြ၏။
**ပြောင်းပြန်ဆိုသော် ။** အပျော်လွန်ရာမှ ဘေးဒုက္ခဆိုက်ရောက်မှု၊ အရက်သေစာ အစားကျူးမှုနှင့် ရာဂကျူးမှုဆိုင်ရာ ဆိုးကျိုးများ ခံစားရမှု၊ ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေသောကိန်း ကြုံရမှုကို ပြဆို၏။

**ဖလား – ၄ ။ သစ်ပင်တစ်ပင်အောက်၌** ထိုင်နေသော လူငယ်တစ်ဦးသည် မိမိရှေ့မှ ရေအပြည့်ဖြည့်ထားသော ဖလားသုံးခွက်ကို စေ့စေ့ကြည့်လျက် **တွေဝေနေဟန်တွေ့ရမည်။** လဟာပြင်မှ ထွက်ပေါ်လာသော လက်ဖြင့် ဖလားတစ်ခုပေးသော်လည်း **အ**လေးဂရုမပြုဟန် တွေ့ရ၏။
**ဖော်ညွှန်းချက် ။** မိမိလက်ရှိဘဝအပေါ် **မကျေမနပ်** ဖြစ်မှု၊ စိတ်ညစ်ထေးမှု၊ အစားကျူးမှု ဖော်ညွှန်းသည်။ သူတစ်ပါးက သနားဂရုဏာစိတ်ဖြင့် ကူညီစောင့်ရှောက်လို**မှုကို** ပြဆို၏။
**ပြောင်းပြန်ဆိုသော် ။ အတွေးခေါင်နေရာမှ၊ နိုးကြားလာမှု၊** ရည်မှန်းချက်အသစ် ဖြစ်ပေါ်လာမှုနှင့် ယင်းအတွက် **အဆက်** အသွယ်အသစ်များ အခြေ**အနေ**ပေးလာမှုကို ပြညွှန်း၏။

**ဖလား – ၅ ။** အမည်းရောင် ဝတ်ရုံကြီး **ခြုံထားပြီး** ခေါင်းငိုက်စိုက်**ကျသော** ပုဂ္ဂိုလ်တစ်ဦး၏ ပုံကို တွေ့ရမည်။ မိမိရှေ့၌ ဖရိုဖရဲဖြစ်နေသော ဖလားသုံးခုကိုကြည့်၍ **စိတ်ဓာတ်ကျနေဟန်ရှိပြီး မိမိနောက်ကွယ်၌** ဖလားနှစ်ခုရှိသေးသော်လည်း လျစ်လျူရှုထားဟန် တွေ့ရ၏။ စမ်းချောင်းတစ်ခုကို ဖြ**တ်ဆောက်ထား**သော တံတားကိုလည်း တွေ့ရဦးမည်ဖြစ်၏။
**ဖော်ညွှန်းချက် ။** အဖော်မဲ့လျက် စိတ်ပျက်အားလျော့ခြင်း၊ မိတ်ပျ**က်ခြင်း၊ အဆုံးအဖြ**တ်မှားခြင်းကို ပြညွှန်း၏။ အကျိုးမပြုသော နောင်တနှင့် အလုံးစုံသော ဆုံးရှုံးမှုမဟုတ်ဘဲ အခွင့်အရေးကျန်ရှိသေး**ကြောင်း** ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** သာယာမှု ပြန်လည်ရရှိခြင်း၊ မိတ်ဟောင်းဆွေဟောင်း ချစ်သူဟောင်းနှင့် အသစ်တဖန် ဆုံစည်းရ**မှုနှင့်** ပြန်လည်ချစ်ကြည်မှု၊ အကျိုးပြုသော မျှော်လင့်ချက်ရှိနေသေးခြင်းကို ပြညွှန်း၏။

**ဖလား – ၆ ။** စိမ်းလန်းစိုပြည်နေသော ကျေးလက်တောရွာတစ်ခု၌ ယောကျ်ားကလေးငယ် **တစ်ဦးသည် ပန်းစည်းနှင့် ပြည့်စုံသော** ဖလားတစ်ခုကို ၎င်းထက်**အ**နည်းငယ် အရွယ်ကြီးသူ မိန်းကလေးငယ်တစ်ဦးအား ပေးအပ်ဟ**န်တွေ့ရသည်။** ရှေ့ခံ **ကားချပ်အဖြစ်** ဖလားငါးခု **အစီအရီ** ဖြစ်တည်နေကြောင်း တွေ့ရမည်။ နောက်ခံကားချပ်၌ တွေ့ရသော အိမ်တန်း**လျား၏ အဓိပ္ပာယ်မှာ** မိမိငယ်စဉ်တောင်ကျေးဘဝကို လွမ်းဆွတ်တမ်းတနေကြောင်း အဓိပ္ပာယ်ဖော်ကျူးနေလေ၏။
**ဖော်ညွှန်းချက် ။ အတိတ်ငယ်စဉ်ဘဝဖြစ်စဉ်နှင့်** ပတ်သက်၍ ဆွတ်ပျံ့ကြည်နူးခြင်း၊ ငယ်စဉ်တောင်ကျေး ကလေးဘဝမှ **ရင်းနှီးခင်မင်ခဲ့သူနှင့်ဆုံဆည်းရခြင်း၊** ၎င်းအတိတ်ဘဝအဖြစ်အပျက် သံယောဇဉ်ဖြင့် ကူညီပံ့ပိုးမှု လက်ခံရရှိခြင်း သို့မဟုတ် အခွင့်အလမ်းအသစ်များ ရရှိခြင်းကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော် ။** ငယ်စဉ် သို့မဟုတ် **အတိတ်ဘဝ**၌ ရွှေထီးဆောင်းရသည့် အဖြစ်အပျက်အပေါ် သာယာနေခြင်း၊ စိတ်ကူးယဉ်နေခြင်း၊ ခေတ်ဟောင်းအတွေးအခေါ် စွဲကိုင်လိုခြင်းကို ပြဆို၏။ ရှေးအတိတ်ဖြစ်ရပ် စွဲကိုင်လိုခြင်းကို ပြဆို၏။ ရှေးအတိတ်ဖြစ်ရပ်နှင့် ဆက်နွယ်၍ အကျိုးအမြတ်တစ်စုံတစ်ရာ ရရှိခံစားရခြင်းကိုလည်း ပြညွှန်း၏။


**ဖလား – ၇ ။** လဟာပြင်အတွင်း အစီအရီ ဖြစ်ပေါ်နေသော ဖလားနှစ်ခုကို နတ်ကရာ ကြည့်မောသဖွယ် ငေးမော၍ ကယောင်ချောက်ချားဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦး၏ပုံကို တွေ့ရသည်။ ဖလားများအတွင်း၌ မျက်လှည့်ပြနေသကဲ့သို့ လှပသော မိန်းမပျိုတစ်ဦး၏ ဦးခေါင်းပိုင်း ဖုံးကွယ်ထားသော်လည်း သိသာနိုင်အောင် ဖော်ကျူးနေသော ၎င်းပုဂ္ဂိုလ်၏ ကိုယ်စောင့်နတ် အရိပ်အယောင်၊ ဝန်တိုမှု၏ ပြယုဂ်ဖြစ်သော မြွေနီတစ်ကောင်၊ ရဲတိုက်၊ ကျောက်သံပတ္တမြားအတွဲ၊ အရိုးခေါင်း အပေါ်မှ အောင်မြင်မှုအဓိပ္ပာယ်ဆောင်သော ပန်းအိုးနှင့် များယောင်းတတ်သော နဂါးတို့ကို တွေ့မြင်ရမည်ဖြစ်၏။











**ဖော်ညွှန်းချက်**။ တံလျှပ်ရေထင် ရွှေသမင်အလိုက်မှားခြင်းသဘော။ အိပ်မက်သဖွယ် အတွေး၌ အမှုင်တန်းနေခြင်း၊ **စိတ်**တစ္ဆေချောက်ချားနေခြင်း၊ ဝါးလုံးခေါင်းထဲ လသာနေတတ်ခြင်း သဘောကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော်**။ အလားအလာကောင်းသော ရည်မှန်းချက်သို့ ရှေးရှုခြင်း၊ မမျှော်လင့်ဘဲ အောင်မြင်မှု အသင့်အတင့်ရှိသော လမ်းကြောင်းအပေါ် ရောက်ရှိသွားမှု စသည်တို့ကို ဖော်ညွှန်း၏။

**ဖလား – ၈**။ သေချာစွာ ဖုံးပိတ်ထားသော ဖလားရှစ်ခုကို ကျောခိုင်းလျက် ပုဂ္ဂိုလ်တစ်ဦးသည် တောင်ဝှေးတစ်ချောင်းအမှီပြုပြီး တောင်တန်းများဆီသို့ ထွက်ခွာဟန်တွေ့ရမည်။ တောင်တန်းမှာ တောင်ကတုံးများ ဖြစ်နေကြောင်း သတိပြုရာသည်။ ဥမ္မတ္တကော သရုပ်ဖော်ချက်အနေဖြင့် လမင်းပုံကိုလည်း သတိပြုရာ၏။
**ဖော်ညွှန်းချက်**။ အကြောင်းမရှိဘဲ စိတ်လိုက်မာန်ပါ ခရီးထွက်ခြင်းဖြင့် ဆိုးကျိုးကြုံရခြင်း၊ လက်ဝယ်ရောက်ရှိပြီး ပြန်လည်စွန့်လွှတ်/ဆုံးရှုံးခြင်း၊ ရုပ်ပိုင်းစိတ်ပိုင်း (ဥပမာ အချစ်ရေး)နှစ်ရပ်စလုံး ဆိုးကျိုးကြုံရခြင်း၊ ဆုံးဖြတ်ချက်များယွင်းခြင်းတို့ကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော်**။ စိတ်ပိုင်းရုပ်ပိုင်း နှစ်ရပ်စလုံး ကောင်းကျိုးကြုံရခြင်း၊ အောင်မြင်မှုပန်းတိုင်သို့ ရှေးရှုခြင်း၊ အချစ်သစ်တွေ့ခြင်း စသည်တို့ကို ပြညွှန်း၏။

**ဖလား – ၉**။ သာယာစိုပြည်သော ဘဝနှင့် ပြည့်စုံသဖြင့် ကျေနပ်နေဟန်ရှိသော ပုဂ္ဂိုလ်တစ်ဦးသည် အဖိုးတန်ရတနာများပြည့်လျှမ်းနေသော ဖလား ၉ ခု အစီအရင်တင်ထားသော ခန်းဝရှေ့၌ သက်တောင့်သက်သာ ထိုင်နေဟန်တွေ့ရ၏။
**ဖော်ညွှန်းချက်**။ ဆုတောင်းပြည့်မည့် နိမိတ်ကို ဖော်ဆောင်သော ကားချပ်အဖြစ် မှတ်ယူနိုင်သည်။ လောကီဆိုင်ရာချမ်းသာသုခ ပြည့်ဝမည်ဟု ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော်**။ မကောင်းကျိုးနှင့် ဆန္ဒမပြည့်ဝမှုကို ပြဆို၏။

**ဖလား – ၁၀**။ ပျော်ရွှင်စွာ ကခုန်နေသော ကလေးငယ်နှစ်ဦး၏ မိဘနှစ်ပါးသည် ၎င်းတို့နေအိမ်အထက်မိုးကောင်းကင်၌ ဖလားဆယ်ခုနှင့် သက်တန့်သဖွယ်ဖြစ်တည်နေမှုကို ကြည့်၍ အတိတ်နိမိတ်ကောင်း ကောက်ယူနေဟန်တွေ့ရပေမည်။
**ဖော်ညွှန်းချက်**။ မိမိ၏ ကြိုပမ်းအားထုတ်မှုကြောင့်သာမက နတ်ဒေဝါများ၏ စောင့်ရှောက်မှုကြောင့် ချမ်းမြေ့အောင်မြင်မည့်နိမိတ်ကိုဖော်ပြသည်။ မနသိဒ္ဓိ၊ ပီယသိဒ္ဓိနှင့် ပြည့်စုံမည့်သဘောကို ဖော်ညွှန်း၏။
**ပြောင်းပြန်ဆိုသော်**။ ဟော့ရမ်းသော့သွမ်းမှု၊ အလေအလွင့်ဖြစ်မှု၊ ဒုစရိုက်နှင့်ယှဉ်သော ကိုယ်စိတ်နှစ်ပါးဆိုင်ရာ ခံစားရရှိမှုကို ပြညွှန်း၏။

# အခန်း(၉)

## ဒင်္ဂါး အဆင်အယင်
## ကားချပ်များ ဖွင့်ဆိုချက်

ဒင်္ဂါးအဆင်အယင်ကားချပ်များသည် သာမန်တရိ ကားချပ်များတွင် **အကျုံးဝင်သည်။** ပုံမှန်အတိုင်းဆိုသော် ဒင်္ဂါးအဆင်အယင်ကားချပ် ၁၀ ချပ်နှင့် **တော်ဝင်ကားချပ် ၄ ချပ်၊ စုစုပေါင်း ၁၄ ချပ်ရှိ၏။ အောက်တွင်** ဒင်္ဂါးအဆင်အယင်ဝင် တော်ဝင်ကားချပ်များဖြင့် **အစပြုလျက် ကားချပ်တစ်ချပ်ချင်းအလိုက်** သရုပ်ပြပုံနှင့်တကွ ရှင်းလင်းဖွင့်ဆိုသွားမည်ဖြစ်၏။

### (က) ဒင်္ဂါးကိုင်နန်းတွင်းသား

လေထဲတွင် ပျံဝဲနေဟန်ရှိသော ဒင်္ဂါးကို နန်းတွင်းသားတစ်ဦးသည် လက်နှစ်ဖက်ဖြင့် ထိကိုင်နေဟန်တွေ့ရသည်။ ဒင်္ဂါးသည်ပထဝီဓာတ်ဆောင်လေရာ၊ ဒင်္ဂါးချပ်၌ လယ်ကွင်းပြင်နှင့် တောတောင်ဥယျာဉ်များကို နောက်ခံကားချပ်အဖြစ် ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရလေ့ရှိမည်။

**ဖော်ညွှန်းချက်။** ပညာသင်ကြားရမည့် အရွယ်ဖြစ်၍ အလုပ်သင်များအဖြစ် ပြညွှန်းနေသည်ကို သတိပြုရာ၏။ ယေဘုယျအားဖြင့် ရိုးသား၍ကြိုးစားသူသတိဝီရိယရှိသူ စိမ်ခန့်ခွဲမှုစနစ်ကျသူ အဖြစ်ဖော်ညွှန်းသည်။ အဖြစ်အပျက်အနေဖြင့်မူ သတင်းဆက်သွယ်ခြင်းတစ်ရပ်ရပ်ကို ဖော်ညွှန်း၏။

**ကားချပ်ပြောင်းပြန်ဖြစ်တည်သော်။** ရာဂစရိုက်လွှမ်းမိုးမှု၊ ရုပ်ဝတ္ထုပစ္စည်းအပေါ်တပ်မက်မှု ကဲလွန်ခြင်း၊ စိမ်ချက်မနာခံမှု၊ မကောင်းသောသတင်းစကားများ သယ်ဆောင်မှုကို ပြညွှန်း၏။

### (ခ) ဒင်္ဂါးကိုင်စစ်ကဲ

စိုက်ပျိုးလုပ်ကိုင်နိုင်ရန်ထွန်ယက်ပြီးစဖြစ်သော လယ်ကွင်းပြင်၌လုပ်ငန်းခွင်ဝင် မြင်းတစ်ကောင်ကို ဒင်္ဂါးတစ်ချပ်လက်၌ကိုင်လျက် စီးနင်းနေသော စစ်ကဲတစ်ဦး၏ ပုံကို သရုပ်ဖော်ထားသည်။ ရုပ်ဝါဒီဆန်ကြောင်းပြဆိုချက်အဖြစ် ဒင်္ဂါးကိုစူးစိုက်ကြည့်နေဟန် တွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** ငွေရေးကြေးရေးကိစ္စနှင့်ပတ်သက်၍ တာဝန်ယူရဲခြင်း၊လုပ်ငန်းကို တည်ငြိမ်ဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းကို ဖော်ညွှန်း၏။

ဖြစ်စဉ်အနေဖြင့်ဆိုသော် ငွေရေးကြေးရေးကိစ္စတစ်ရပ် ဖြစ်ပျက်ပြောင်းလဲတော့မည့်နိမိတ်၊ လုပ်ငန်းအသုံးတည့်အောင် ဖန်တီးမည့် အခြေပေါ်ပေါက်မှုကို ပြဆို၏။

**ပြောင်းပြန်ဆိုသော်။** ခေတ်နောက်ပြန်စွဲဆိုမှု၊ နမော်နမဲ့ ပြုမှု၊ အီလည်လည်ဖြစ်နေမှုကို ပြဆို၏။








## (ဂ) ဒင်္ဂါးကိုင်မိဖုရား

မြားနတ်မောင်ရုပ်ပုံခံပြီးသိုးခေါင်းလက်တန်းပါသလွန်ထက်၌ တည်ငြိမ်စွာထိုင်နေသောမိဖုရားတစ်ဦး၏ ဒူးခေါင်းထက်၌ ဒင်္ဂါးကိုလက်နှစ်ဖက်ဖြင့်ကိုင်ထားပုံတွေ့ရမည်။ ပန်းမန်အသီးအနှံများဖြင့် စိမ်းစိုနေသောကွင်းပြင်၌ ပွားစည်းခြင်းသဘော ဆောင်ယူသော ယုန်တစ်ကောင်၏ ပုံကိုလည်းတွေ့နိုင်သေး၏။

**ဖော်ညွှန်းချက်။** မိခင်စိတ်ရှိ၍ ရက်ရောသောအမျိုးသမီးတစ်ဦး၏ သရုပ်ကိုဖော်ဆောင်သည်။ စိတ်ဓာတ်မွန်ရည်မှု၊ ဘဝ တည်ငြိမ်သာယာဝပြောမှု၊ လုပ်ငန်းကိုကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော်တတ်မှုနှင့် လူအများ၏ ကိုးစားခံရမှုကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** တာဝန်မဲ့မှု၊ မယုံသင်္ကာဖြစ်တတ်မှု၊ ကြောင့်ကြလွန်ကဲမှု၊ သူတစ်ပါးအပေါ်မှီခိုလွန်းမှုကို ပြဆို၏။









## (ဃ) ဒင်္ဂါးကိုင်ဘုရင်

ညာလက်၌ တန်ခိုးအာဏာပြယုဂ်ဖြစ်သော သံလျက်ကိုကိုင်ဆောင်ထားပြီး၊ ဝဲလက်ဖြင့်ဒင်္ဂါးကို ကိုင်ထားဟန်ပြုနေသော သရဖူဆောင်း ဘုရင်တစ်ဦး၏ ပုံကိုတွေ့ရမည်။ စပျစ်နှင့်ပန်းမန်တို့၏ ခြံရံထားသော ထိုပုဂ္ဂိုလ်၏ သလွန်အနီး၌ နွားခေါင်းခံစင် တစ်ခုကိုလည်း တွေ့နိုင်သည်။ ရဲတိုက်ကို နောက်ခံကားချပ်အဖြစ် တွေ့နိုင်၏။

**ဖော်ညွှန်းချက်။** တရော့ဝေဒပညာရှင်များသည် ရင့်ကျက်သောအမျိုးသားတစ်ဦးဦးအတွက် ဤကားချပ်ကို ရွေးချယ်လေ့ရှိသည်။ အိမ်ထောင်ရှိပြီးသူ၊ စီးပွားရေးလုပ်ငန်းလာဘ်မြင်သူ၊ စက်မှုလက်မှုနှင့် ငွေရေးကြေးရေး ဦးစီးဦးကိုင်ပြုမှုကို ဖော်ညွှန်း၏။ ယုံကြည်စိတ်ချရသူအဖြစ်လည်း ပြညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** မိုက်မဲ၍ လောဘကြီးသူ၊ လာဘ်စုံမင်လွန်းသူ။ လောင်းကစားကျူးသူအဖြစ်ပြညွှန်း၏။

## ဒင်္ဂါးအဆင်အယင်သာမန်ကားချပ်များ

**ဒင်္ဂါး–၁။** မိုးတိမ်ကြားထိုးထွက်လာသော လက်တစ်ချောင်း၏ လက်ဝါးပေါ်၌ ရွှေရောင်ဝင်းနေသော ဒင်္ဂါးတစ်ခုတည်ရှိ နေဟန်တွေ့ရသည်။ စင်ကြယ်မွန်မြတ်သော အတွေးအခေါ်၏ ပြယုဂ်ဖြစ်သော ကြာပန်းများကို စိမ်းလန်းစိုပြေသော ပန်း ဥယျာဉ်တစ်ခု၏ ရေကန်အတွင်း တင့်တယ်နေဟန်လည်း တွေ့ရ၏။

**ဖော်ညွှန်းချက်။** သာယာစိုပြေခြင်း၊ ပြည့်စုံကုံလုံခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ အထူးအားဖြင့် ဘဝပြည့်စုံကြွယ်ဝမှုအတွက် ပထမခြေလှမ်းများ စတင်ပြီဟု ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** လောဘကြီးခြင်း၊ ကပ်စေးနည်းသဖြင့် လုပ်ငန်းနှောင့်နှေးခြင်း၊ အခြေအနေကောင်းမွန်ရာမှ တိမ်းစောင်း သွားခြင်းကို ပြညွှန်း၏။

**ဒင်္ဂါး–၂။** လူရွယ်တစ်ဦးသည် သံကွင်းကြိုးဆက် "ထ" ပုံစံဖြင့် ဒင်္ဂါးနှစ်ခုကို ဆက်စပ်ကစားနေဟန် တွေ့ရသည်။ "လှိုင်းကြီးလေအောက်" သရုပ်ဖော်ချက်ကို နောက်ခံကားချပ်အဖြစ် တွေ့ရ၏။

**ဖော်ညွှန်းချက်။** လုပ်ငန်းနှစ်ခု သို့မဟုတ် အခြေအနေနှစ်မျိုးကို တစ်ချိန်တည်း ကိုင်တွယ်အသုံးချနိုင်ခြင်း။ သဟဇာတကျအောင် ပြောင်းလဲလုပ်ကိုင်တတ်မှု၊ အခက်အခဲများကို စိတ်အေးသက်သာစွာ ဖြေရှင်းတတ်ခြင်းကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** အပူရုပ်ကို ဟန်လုပ်နေမှု၊ အခြေအနေကိုကိုင်တွယ် ထိန်းသိမ်းရာ၌ မနိုင်မနင်းဖြစ်မှုကို ပြညွှန်း၏။

**ဒင်္ဂါး–၃။** ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခု၌ ဘုန်းကြီးတစ်ပါးနှင့် သီလရှင်တစ်ဦးသည် ပြုပြင်ရေးလုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သူတစ်ဦးအား ကျေနပ်စွာကြည့်ရှုနေပုံ သရုပ်ဖော်ထားသည်။ ရှေ့မုခ်ဦး၌တွေ့ရသည့် ဒင်္ဂါးများကို ပြီးစီး ခြင်း အထိမ်းအမှတ်ဖြစ်သော ၃ ဂဏန်း (ဝါ) ဒင်္ဂါး ၃ခုဖြင့် သရုပ်ဖော်ထားကြောင်း တွေ့ရ၏။

**ဖော်ညွှန်းချက်။** လုပ်ငန်းအောင်မြင်ပေါက်မြောက်မှုမိမိ၏ စွမ်းဆောင်ချက်အသိအမှတ်ပြုခံရခြင်း၊ လုပ်ငန်းမှ အကျိုးအမြတ် ကျေနပ်စွာ လက်ခံရရှိခြင်းကို ဖော်ညွှန်း၏။


**ပြောင်းပြန်ဆိုသော်။** အသိအမှတ်ပြုခံရခြင်း နည်းပါးမှု၊ ထိုင်းမှိုင်းမှု၊ မှန်းချက်နှင့်နှမ်းထွက် မကိုက်မှုကို ပြညွှန်း၏။

**ဒင်္ဂါး–၄။** စေးနဲသူတစ်ဦးသည် မိမိပိုင်ဆိုင်ထားသော ဒင်္ဂါးချပ်ကို မဆုံးရှုံးရန်အားထုတ်နေပုံ တွေ့ရမည်။ နောက်ခံကားချပ်၌ မြို့ကြီးပြကြီးတစ်ခုကိုတွေ့ရမည်။


**ဖော်ညွှန်းချက်။** အဖိုးတန်လက်ဆောင်ပစ္စည်း အမွေအနှစ်ရရှိမည့် အဓိပ္ပာယ်ဆောင်သည်။ ရရှိပြီးပါက မဆုံးရှုံးအောင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသဖြင့် တိုးပွားမှုရပ်တန့်မည့် သရုပ်ကိုဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** အခြေအနေ ထိန်းမနိုင် သိမ်းမရဖြစ်ခြင်း၊ မနာလိုဝန်တိုစိတ်များ ဖိစီးခံရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်း များ ဆုံးရှုံးခြင်းကို ပြညွှန်း၏။


ACE of PENTACLES


II




IV


III

**ဒင်္ဂါး-၅။** မီးရောင်ထွက်နေသော မှန်ပြတင်းကိုဖြတ်၍ **အခြေအနေမဲ့ယောကျ်ားနှင့်** မိန်းမတစ်ဦး ဖြတ်လျှောက်သွားဟန် တွေ့ရသည်။ မြေပြင်၌ နှင်းထုဖုံးလွှမ်းနေသည်ကိုလည်း **တွေ့ရမည်ဖြစ်၏။**

**ဖော်ညွှန်းချက်။** အခြေအနေမဲ့ဘဝ၊ အပြစ်ပယ်ခံဘဝ၊ **များယွင်းသော** ဆုံးဖြတ်ချက်ဒဏ်ခံရမှု၊ ချစ်မိမာန်ဆုံးရှုံးရခြင်း၊ ပင်ပန်းဆင်းရဲခြင်းကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** အကြပ်အတည်း ရင်ဆိုင်ရပြီးမှ **အောင်မြင်ခြင်း၊** အိမ်မှဆင်းပြီးမှ **အခြေအနေ** ကောင်းလာခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကောင်းသောခံယူချက် ဖြစ်ပေါ်မှုကိုပြဆို၏။

**ဒင်္ဂါး-၆။** မျှတမှုသကေ်တချိန်ခွင် ကိုင်ဆောင်ထားသူတစ်ဦးသည် **ဆင်းရဲမှုကြုံနေသူနှစ်ဦးအား** ငွေကြေးစွန့်ကြဲနေဟန် တွေ့ရသည်။ နောက်ခံကားချပ်၌ သဘောာအုပ်စုနှင့် ကမ်းခြေ၌ရဲတိုက်နှင့် တွေ့ရမည်။ ၎င်းပုဂ္ဂိုလ်သည် တန်းတူရည်တူစိတ်ဓာတ်ထားရှိတတ်သူ (သို့) ရက်ရော၍ စိတ်ရင်းကောင်းသူဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။

**ဖော်ညွှန်းချက်။** အလှူအတန်းပြုရခြင်း၊ မိမိကိုယ်တိုင်လည်း အမွေအနှစ်ရရှိခြင်း၊ သူတစ်ပါးက မိမိကို မျှတစွာတန်းတူသဘောထားဆက်ဆံခြင်း၊ ချီးမြှင့်မြှောက်စားခြင်းကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** တံစိုးလက်ဆောင်ထိုးရခြင်း၊ ကြွေးထူခြင်း၊ "အိပ်ပေါက်နှင့် ဖားကောက်"သလို ဖြစ်ခြင်း စသည်တို့ကို ပြညွှန်း၏။

**ဒင်္ဂါး-၇။** ကျန်းမာသန်စွမ်းသော လူငယ်တစ်ဦးသည် ပေါက်ပြားတစ်လက်ကို မေးထောက်လျက် စပျစ်ခြံ၌ **အစီအရီပေါ်ပေါက်**လာသော ဒင်္ဂါး၇-ချပ်ကို ငေးငိုင်ကြည့်ရှုနေဟန်တွေ့ရသည်။ ၎င်းလုပ်အား၏ အသီးအပွင့်ဟုတ်မဟုတ် သံသယဖြစ်နေဟန်ရှိ၏။

**ဖော်ညွှန်းချက်။** လုပ်ငန်းတစ်ခုအရှိန်ရခိုက် မိမိဘာသာခေတ္တနားမှု၊ အကျိုးမရှိသောဝေ့ဝေမှု၊ အလားအလာရှိသော အမြတ်အစွန်းအပေါ် ဝေဖန်ပိုင်းခြားမှု လွဲမှားခြင်းကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** ကြွေးမြီးအတွက် စိုးရိမ်သောကရောက်မှု၊ မှန်းချက်နှင့် နမ်းထွက်မကိုက်မှု၊ အကျိုးမရှိသော တွေဝေမှုကို ပြဆို၏။

**ဒင်္ဂါး-၈။** လုပ်ငန်းပညာသင်တစ်ဦးသည် မိမိစိတ်ကြိုက် ဒင်္ဂါးပုံထုလုပ်ပုံဖော်နေဟန် တွေ့ရမည်။ သူ၏ ရှေ့နား တိုင်တစ်တိုင်၌ ဒင်္ဂါး-၆ခုနှင့် မြေပေါ်၌ ဒင်္ဂါးတစ်ချပ်ကိုတွေ့ရမည်။ ဤကားချပ်ကို ဒင်္ဂါး ၃ချပ်နှင့် နှိုင်းယှဉ်သော်၊ ဒင်္ဂါး ၃-ချပ်၌ သူတစ်ပါးက မိမိကိုအသိအမှတ်ပြု၍ ဒင်္ဂါးများချီးမြှင့်နေပုံတွေ့ရမည်။ ယခုကားချပ်၌ မိမိက ပုံဖော်နေသည့်သဘောဆောင်၏။

**ဖော်ညွှန်းချက်။** မိမိစိတ်ကြိုက် အကျိုးရှိသော လုပ်ငန်းဆောင်တာကို အစပျိုးလုပ်ကိုင် အကောင်အထည်ဖော်မှု၊ လုပ်ငန်းအတတ်ပညာတစ်ခုကို လေ့ကျင့်သင်ကြားနေသည့် သဘောကိုလည်း ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** မိမိအတတ်ပညာကို အလွဲသုံးစားမှု၊ ဥပမာတံဆိပ်တု၊ လက်မှတ်အတုပြုလုပ်ခြင်း၊ ချွတ်ယွင်းသော အကြံအစည်ကို အကောင်အထည်ဖော်ခြင်း စသည်တို့ကို ပြညွှန်း၏။


**ဒင်္ဂါး-၉။** ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး ဣန္ဒြေရှိသောမိန်းမပျိုတစ်ဦးသည် လက်ဖမိုး၌ ငှက်တစ်**ကောင်နားစေပြီး** ၊စပျစ်ခြံ၌ အစီအရီဖြစ်နေသော ဒင်္ဂါးများပေါ်၌ လက်တစ်ဖက်တင်ထားဟန် တွေ့ရမည်။ သူမကို **တစ်ကိုယ်တည်း**တွေ့ရသော်လည်း ဘဝလုံခြုံမှု အပြည့်အဝရှိကြောင်း ပေါ်လွင်နေ၏။

**ဖော်ညွှန်းချက်။** ဘဝ၏စည်းစိမ်များကို တစ်ကိုယ်တည်း **ခံစားနေရခြင်း၊** အမွေအနှစ်များရရှိခံစားခြင်း၊ ဘဝလုံခြုံမှုရှိခြင်းကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** မိတ်ဆွေမျိုး သို့မဟုတ် အိုးအိမ်ကိုစွန့်ခွာရမှု၊ ရန်သူမျိုးငါးပါးဘေး တွေ့ကြုံရမှုကို ပြညွှန်း၏။













**ဒင်္ဂါး-၁၀။** အထိမ်းအမှတ်နှင့် အဆောင်အယောင်ပုံများတွင် ထုထားသောခုံးတံတားတစ်ခုအောက်၌ လူကြီးလူကောင်းတစ်ဦးသည် မိသားစု အခြွေအရံများနှင့် ရောက်ရှိနေပုံကို တွေ့ရသည်။ အိမ်မွေးခွေးလိမ္မာ နှစ်ကောင်ကိုလည်း တွေ့ရသည်။ အမြင်ပန်း အားဖြင့်အရပင်လျှင် မိသားစု သိုက်သိုက်ဝန်းဝန်းရှိပုံ **အဓိပ္ပာယ်ဆောင်**၏။

**ဖော်ညွှန်းချက်။** အိမ်တွင်းရေးသာယာဖြောင့်ဖြူးမှု၊ **မိသားစုကြွယ်ဝချမ်းသာခြင်း**၊ မိဘအရိုက်အရာကို မြတ်နိုးစွာခံယူခြင်း၊ ငွေကြေးဝနှင့် အမွေအနှစ်များရရှိခြင်း၊ **စုဆောင်းငွေများ ပြန်လည်ထုတ်ယူရရှိမှု**၊ ထီပေါက်ခြင်းစသည်တို့ကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** မိသားစုအတွင်း သာယာမှုဆုံးရှုံးခြင်း၊ သက်ကြီးရွယ်အိုများအပေါ် ကြည်ဖြူမှုကင်းပခြင်း၊ အမွေအနှစ်ဆုံးရှုံးမှုကို ပြညွှန်း၏။






# အခန်း (၁၀)

## ဓားအဆင်အယင် ကားချပ်များဆိုင်ရာ ဖွင့်ဆိုချက်များ

ဓားအဆင်အယင် ကားချပ်များနှင့် ပတ်သက်၍ ပုံမှန်အတိုင်းဆိုသော် တရိုသာမန်ကားချပ် ၁၀ချပ်နှင့် တော်ဝင်ကားချပ် ၄ ချပ် စုစုပေါင်း ၁၄ ချပ်ရှိ၏။

တရော့ကားချပ်များဖြင့် ဗေဒင်ဟောကိန်းထုတ်ရာတွင် အခါခပ်သိမ်းဆိုသလို တော်ဝင်ကားချပ်တစ်ချပ်ကို မဆွအဦး ခင်းကျင်းဖြန့်ကြက်မှု ပြုလေ့ရှိသည်နှင့်အညီ အောက်တွင်ဓားအဆင်အယင် တော်ဝင်ကားချပ်များဖြင့်အစပြုလျက် ကားချပ်တစ်ချပ်ချင်းအလိုက် သရုပ်ပြပုံနှင့်တကွ ရှင်းလင်းဖွင့်ဆိုသွားမည်ဖြစ်၏။

### (က) ဓားကိုင်နန်းတွင်းသား

သူငယ်တစ်ဦးသည် လက်နှစ်ဖက်ဖြင့် ဓားကိုင်မြှောက်လျက် ခရီးဝေးနှင်ရန် အဆင်သင့်ဖြစ်နေပုံ တွေ့ရမည်။ ဓားအဆင်အယင်သည် ဝါယောဓာတ်ကို ဖွင့်ဆိုသောကြောင့် ဓားအဆင်အယင်ဖြင့် ကားချပ်များ၌ မိုးတိမ်ကို တွေ့ရမည်ဖြစ်၏။
**ဖော်ညွှန်းချက်။** ဝန်ထမ်းအဖွဲ့အစည်း တစ်ခု၌ အဆင့်တိုးတက်ရန်အတွက် အားယူနေသော လူရွယ်တစ်ဦးဦးကို၊ ဖော်ညွှန်းသည်။ နားလည်မှုနှင့် အထာသိမှုရှိပြီး ပရိယာယ်ဝေဝုစ်ကို ကောင်းစွာအသုံးချတတ်သူအဖြစ် ဖော်ဆောင်၏။

အဖြစ်အပျက်အခြေအနေ ဖွင့်ဆိုချက်အနေဖြင့်ဆိုသော် သတင်းစကားနှင့် ထောက်လှမ်းရေးကိစ္စများအကျုံး ဝင်နေလေ၏။
**ကားချပ်ပြောင်းပြန်တွေ့ရသော်။** အယောင်ဆောင်ကောင်းသော လူလိမ်လူကောက်၊ မထိမ့်မြင်ပြုတတ်မှုနှင့် အဖြစ်မှန်"ဘူးပေါ်သလို" ပေါ်လာမှုကို ပြညွှန်း၏။

### (ခ) ဓားကိုင်စစ်ကဲ

ချပ်ဝတ်တံဆာ ဝတ်ဆင်ထားသူ စစ်ကဲတစ်ဦးသည် မြင်းတစ်ကောင် ဒုန်းစိုင်းစီးလျက် ကွင်းပြင်/စစ်မြေပြင်ကို ဖြတ်ကျော်နေဟန် တွေ့ရသည်။ လေတိုက်ခတ်မှုအဟုန်ကြောင့် မိုးသားနို့တိမ်များ လွင့်ပါးနေပ၊န်၊ သစ်ပင်ယိမ်းယိုင်နေဟန် တွေ့ရမည်။ ထိုပုဂ္ဂိုလ်၏ ချပ်ဝတ်တံဆာ၌ ငှက်နှင့် လိပ်ပြာသရုပ်ဖော်ချက်များကို တွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** သက်ဆိုင်ရာ ပုဂ္ဂိုလ်သည် ရဲရင့်ပြတ်သားသူဖြစ်ကြောင်း ဖော်ပြလေသည်။ အမြင်ပန်းအရ နိုင့်ထက်စီးနင်းပြုမည့်ဟန်တွေ့ရသော်လည်း အတွင်းစာတ်ခံ၌မူ ကြည်လင်ဖြောင့်မတ်သူ ဖြစ်နေလေသည်။ ဘဝဖြစ်စဉ်နှင့် ပတ်သက်၍မူ ကံကြမ္မာအလှည့်အပြောင်း ကောင်းဖြစ်မည့် သဘောကို ဖော်ညွှန်းနေလေ၏။
**ပြောင်းပြန်ဆိုသော်။** မိမိထက် အားနည်းသူများအပေါ် အနိုင်ကျင့်လိုမှု၊ ရန်လိုမှုနှင့် ဘဝမြင့်၍ ဆောင့်ကြွားကြွားပြုတတ်မှုကို ပြဆိုသည်။ ဒုက္ခရောက်တော့မည့် နိမိတ်ကို ဖွင့်ဆိုနေလေ၏။






KNIGHT of SWORDS.



PAGE of SWORDS.






## (ဂ) ဓားကိုင်မိဖုရား

ဝိညာဉ်ကိုယ်စားပြု လိပ်ပြာပုံနှင့် လေနတ်သားပုံသရုပ်ခံထားသော သလွန်ထက်၌ ရင့်ကျက်သော အသွင်အပြင်ရှိသော မိဖုရားတစ်ဦးအဖြစ် တွေ့ရသည်။ ညာလက်ဖြင့် ဓားကိုကိုင်ဆောင်၍ ဘယ်လက်ဖြင့် "လောကဓံတရား"ကို စိမ်ခေါ်နေဟန်တွေ့ရ၏။

**ဖော်ညွှန်းချက်။** ချစ်သူအတွက် မကျေမချမ်းဖြစ်ရခြင်း၊ ဝမ်းနည်းရခြင်းဖြစ်နေသော်လည်း တစ်နေ့အခြေအနေကောင်းလာမည်ကို မျှော်လင့်နေသော စိတ်အားထက်သန်သလောက်- သိုသိပ်သောအမျိုးသမီးဟု ဖော်ညွှန်းသည်။ အိမ်ထောင်ပျက်သူ သို့မဟုတ် အမြဲဘဝရောက်သူ အမျိုးသမီးအဖြစ်လည်း ဖော်ညွှန်းနေလေ၏။

အဖြစ်အပျက်အနေဖြင့် အထီးကျန်ဖြစ်မှု၊ ကြေကွဲတမ်းတနေရမှု၊ လောကဓံတရားကို ကြံ့ကြံ့ခံနေမှု၊ အဆိုအကဝါသနာပါသော်လည်း ချုပ်တည်းနေရမှုကို ဖော်ဆောင်၏။

**ကားချပ်ပြောင်းပြန်တွေးသော်။** အတွေးအမြင့် သေးသိမ်ကျဉ်းမြောင်းမှု၊ ရန်ငြိုးသိုတတ်မှုနှင့် မသမာမှုကို ပြညွှန်း၏။

## (ဃ) ဓားကိုင်ဘုရင်

လိပ်ပြာနှင့် ခြသေ့ခံ တံကဲရှေ့မှ သလွန်တော်ပေါ်၌ ဓားကိုကိုင်မြှောက်လျက် ဣန္ဒြေရှိစွာ နေရာယူထားသော ရင့်ကျက်သူ ပုဂ္ဂိုလ်တစ်ဦးပုံကို တွေ့ရသည်။ နောက်ခံကားချပ်၌ မိုးတိမ်နှင့် ပျံသန်းနေသောငှက်ကို တွေ့ရမည်ဖြစ်သည်။ တရားဥပဒေ စိုးမိုးခြင်းနှင့် ရပ်ရွာအေးချမ်းမှု ဖော်ဆောင်လိုခြင်း သရုပ်သကန်ဖြစ်လေ၏။

**ဖော်ညွှန်းချက်။** ပြည်သူ့ဝန်ထမ်းအနေဖြင့် စစ်ဘက်၊ နယ်ဘက်တရားဥပဒေဘက်နှင့် အုပ်ချုပ်ရေးဌာနတို့မှ ပုဂ္ဂိုလ်အဖြစ်ဆောင်၏။ ဆုံးဖြတ်ချက် မြဲမြံခိုင်ကြည်မှုနှင့် တန်ခိုးအာဏာဖြစ်ထွန်းမှုကိုလည်း ဖော်ကျူး၏။

အဖြစ်အပျက်အနေဖြင့် အမှုအခင်းဖြေရှင်းနေရမှုနှင့် တရားရေးကိစ္စရင်ဆိုင်နေရမှုကို ဖော်ညွှန်း၏။

**ကားချပ်ပြောင်းပြန်ဆိုသော်။** မယုံသင်္ကာစိတ် လွှမ်းမိုးမှု၊ အနှောင့်အယှက်ပြုလိုမှု၊ ခက်ထန်ကြမ်းကြုတ်မှုနှင့် သိမ်ဖျင်းမှုကို ပြညွှန်း၏။


## ဓားအဆင်အယင် သာမန်ကားချပ်များ

**ဓား – ၁။** လဟာပြင်၌ လက်တစ်ချောင်းသည် သရဖူဆောင်းထားဟန်ရှိသော ဓားတစ်လက်ကို ဆွဲကိုင်လျက် ဖြစ်တည်နေပုံတွေ့ရမည်။ ယင်းသရဖူ၌ ဂရုဏာတရား၏ ပြယုဂ်ဖြစ်သော သံလွင်ခက်နှင့် သည်းထန်ပြတ်သားခြင်း၏ ပြယုဂ်ဖြစ်သော ဘုန်းလက်များ ချိတ်ဆွဲထားကြောင်းကိုလည်း တွေ့ရသည်။ တရားမျှတမှုနှင့် ဘုန်းတန်ခိုးရှိခြင်းကို ဖော်ဆောင်နေလေ၏။


**ဖော်ညွှန်းချက်။** နဂါးမှန်းသိအောင် အမောက်ထောင်ပြနိုင်မှု၊ ကြီးမားသောလှုပ်ရှားမှု၊ တန်ခိုးထွားလာမှုကို ဖော်ညွှန်း၏။ အဖြစ်အပျက်အနေဖြင့်မှု ဘုန်းကျက်သရေနှင့် ပြည့်စုံမည့် ကလေးတစ်ဦး မျက်နှာမြင်လာမှုကို ဖော်ဆောင်၏။


**ပြောင်းပြန်ဆိုသော်။** တန်ခိုးအာဏာကျဆင်းမှု၊ အနိမ့်ခံရမှုနှင့် ရှုံးနိမ့်ပျက်စီးမှုကို ပြညွှန်း၏။



II


ACE of SWORDS.




III


IV









**ဓား – ၂။** မျက်နှာကို ပဝါဖြင့် စည်းနှောင်ထားခြင်းခံရသော မိန်းမတစ်ဦးသည် လက်နှစ်ဖက်ကို ကြက်ခြေခတ်သဏ္ဌာန် ထားပြီး ဓားတစ်လက်စီကိုင်ထားဟန် တွေ့ရမည်။ ခေတ်ဟောင်းတရိုပညာရှင်များ မျက်စပစ်နေသော အမျိုးသမီးတစ်ဦး၏ ပုံဟန်ကို ခံယူသည်။ ခေတ်သစ်အမြင်နှင့်မှု နောက်ခံကားချပ်ဖြင့် ၎င်းအချက်ကို ဖော်ပြသည်။ ဆန်းစလမင်းထွန်းလင်း လျက်ရှိသော ပင်လယ်ပြင်၌ ကျောက်ဆောင်များ ပြူထွက်နေခြင်းကို သရုပ်ဖော်ခြင်းဖြင့် "သတိမမူဝှမမြင်" ပုံစံမျိုးဖြစ် အောင် ဆွဲဆောင်ဖျားယောင်းမှုများ ဝိုင်းပတ်နေခြင်းကို ပြဆိုနေလေ၏။

**ဖော်ညွှန်းချက်။** မရေမရာဖြစ်မှု၊ ဆုံးဖြတ်ချက်ချရန်ခက်ခဲမှု၊ တင်းမာသော ဆက်ဆံရေး၊ မဆုတ်သာမတက်သာ အခြေ အနေ၊ စစ်ရေးဆိုင်ရာ မဟာမိတ်ပြုမှုကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** တင်းမာမှုလျော့နည်းလာခြင်း၊ ဆုတ်သာတက်သာဖြစ်လာမှု၊ လိမ်လည်ဖျားယောင်းမှုမှ ရှောင်တိမ်းနိုင်မှု၊ ဘက်လိုက်တတ်မှုကိုလည်း ပြညွှန်း၏။

**ဓား – ၃။** လေပြင်းမုန်တိုင်း ကျရောက်နေသော လဟာပြင်၌ ဓားသုံးချောင်း ထွင်းဖောက်ထားခြင်းခံရသော နှလုံးသားပုံ တွေ့ရ၏။

**ဖော်ညွှန်းချက်။** ချစ်မှုကြိုက်ရာ ကိစ္စတွင် ပြဿနာများပြင်းထန်နေခြင်း၊ ခွဲခွာရခြင်း၊ မျက်ရည်ဖြိုင်ဖြိုင်ကျရလောက်အောင် ဝမ်းနည်းကြေကွဲရခြင်း၊ အချို့သော ကျမ်း၌ ပြည်တွင်းစစ်ဖြစ်ပွားခြင်းဟု အဓိပ္ပာယ်ဖွင့်ဆို၏။

**ပြောင်းပြန်ဆိုသော်။** ကောင်းကျိုးချမ်းသာ ကင်းနေသော အခြေအနေကိုပင် ဖော်ပြသည်။ အခြေအနေ အတိုက်အလျောက်သာ လာမည့် သဘောကိုသာပြဆို၏။

**ဓား – ၄။** ခရစ်ယာန်ဝတ်ပြုကျောင်း၌ ထားရှိသောဓားတစ်လက်ပုံ ထုထွင်းထားသည့် ညောင်စောင်းပေါ်ဝယ် ရှိခိုးဆုတောင်းဟန် လက်အနေအထား ပြုထားသော ပုဂ္ဂိုလ်တစ်ဦး၏ လဲလျောင်းနေဟန်ပုံ ပန်းချီကားချပ်ဖြစ်သည်။ နံရံ၌ ဓားသုံးချောင်းပုံ တွေ့ရဦးမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** ယှဉ်ပြိုင်တိုက်ခိုက်မှုအပြီး အနားယူခြင်း၊ မကောင်းသော လောကဓံတရားများ ဆိတ်သုဉ်းသွားခြင်း၊ စစ်နားခြင်းသဘောကို ဖော်ပြသည်။ ဒုက္ခသဘောမျိုးမယူအပ်ပါ။ အကောင်းဘက်သို့ ရွေ့ရှားသော ပြောင်းလဲမှုကို ဖော်ညွှန်း ၏။

**ပြောင်းပြန်ဆိုသော်။** တိုးတက်သော လှုပ်ရှားမှုများ ပြန်လည်ရှင်သန်ခြင်း၊ သတိနှင့် ဝီရိယစိုက်ထုတ်မှုအလိုက် အောင်မြင်မှု တစ်စုံတစ်ရာရရှိမည့် နိမိတ်ဖြစ်ကြောင်းပြဆို၏။

**ဓား – ၅။** တိုက်ပွဲခိုက်ပွဲဒဏ်ကြောင့် နွမ်းနယ်နေသူတစ်ဦးသည် တိုက်ပွဲမှ ဆုတ်ခွာသွားသူများ ထားရစ်သော ဓားများကောက်ယူ ထားဟန်တွေ့ရသည်။ ပန်းချီကားအရ စစ်ရှုံးသူ (သို့မဟုတ်) စစ်ပွဲနိုင်သူဟူ၍ ဝေခွဲရန် ခက်ခဲ၏။ ၎င်းကားချပ်နှင့် အနီးကပ်တည်ရှိသော ကားချပ်၏ ဖော်ဆောင်ချက်ဖြင့် ဖော်ညွှန်းချက်ကို အကောင်းအဆိုး အဓိပ္ပာယ်ဖွင့်ရန်ဖြစ်၏။


**ဖော်ညွှန်းချက်။** မနိုင်ဝန်ကိုထမ်းဆောင်ရခြင်း၊ အကန့်အသတ်နှင့် ချုပ်ချယ်မှုရင်ဆိုင်ရခြင်း၊ သူများထားပစ်ခဲ့သော အရှုတ် အတွေးကို ရှင်းရခြင်း။

**ပြောင်းပြန်ဆိုသော်။** အရာမထင်သော အောင်မြင်မှုသာရရှိခြင်း။

**ဓား – ၆။** လှေထိုးသမားတစ်ဦးသည် စိတ်ဓာတ်ကျ၍ နွမ်းနယ်ဟန်ရှိသော အမျိုးသမီးတစ်ဦးနှင့် ကလေးကို လှိုင်းလေထန် သော ရေပြင်ကို ကျော်လွှားစေပြီး နောက်ငြိမ်သက်အေးချမ်းသော ကမ်းခြေဒေသသို့ ပို့ဆောင်နေဟန်တွေ့ရ၏။


**ဖော်ညွှန်းချက်။** မြို့သစ်အိမ်ရာသို့ ပြောင်းရွှေ့ရမှု၊ စိုးရိမ်ပူပန်မှုကာလကို ရင်ဆိုင်ရပြီးမှ အဆင်ပြေမည့်ကာလသို့ ရွေ့ရှားမှု၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်သော အဆင်ပြေသော အနာဂတ်ကာလကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** ပိုနေမြဲ၊ ကျားနေမြဲ၊ အခြေအနေ၊ လက်ရှိအခြေအနေကို ကျော်လွှားနိုင်မည့် အရိပ်အယောင်နည်းပါး ခြင်းကို ပြဆို၏။


VII


VIII




X


IX

**ဓား – ၇။** တပ်စခန်းတစ်ခုမှ ဓားငါးလက်ကို သယ်ဆောင်၍ ခိုးကြောင်ခိုးဝှက် ထွက်ခွာလာသူတစ်ဦး၏ ပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဓား ၂ လက်ကို မြေပြင်၌ စိုက်ထားကြောင်းတွေ့ရ၏။

**ဖော်ညွှန်းချက်။** ကျိုးလန့်စာ စားကိန်းဆိုက်ခြင်း၊ မပိုင်ဘဲ ဝက်မွေးရသည့်ကိန်းကြုံခြင်း၊ ပျက်ပြယ်သွားနိုင်သော စီမံချက်ပြုခြင်း၊ တစ်ဝက်တစ်ပျက်အောင်မြင်မှုကို ဖော်ညွှန်း၏။ သူလျှိုဒလံပြုရမှုကိုလည်း ဖော်ဆောင်၏။

**ပြောင်းပြန်ဆိုသော်။** နောက်ကြောင်းမကောင်းသော ကြံစည်မှုအကောင်အထည်ပေါ်လာခြင်း၊ မျှော်လင့်မထားသောကိစ္စဖြစ်လာခြင်း၊ "ရေငတ်နိုက် ရေတွင်းထဲကျ" သည့် ကိန်းမျိုးဆိုက်ရောက်လာခြင်းကို ပြညွှန်း၏။

**ဓား–၈။** ဓားရှစ်လက်စိုက်၍ထားပြီး ရွှံ့နွံထူထပ်သောနေရာ၌ တစ်ကိုယ်လုံးကြိုးများဖြင့်တုတ်နှောင်ခံရပြီး၊ မျက်လုံးများကိုလည်း အဝတ်ဖြင့် ပိတ်ဆီးခြင်းခံရသော အမျိုးသမီးတစ်ဦး၏ ရုပ်ပုံကို သရုပ်ဖော်ထားကြောင်းတွေ့ရ၏။ နောက်ခံကားအနေဖြင့်မူ၊ မြင့်မားသောကျောက်ဆောင်ထက်၌ တည်ဆောက်ထားသော ရဲတိုက်၏ပုံကို တွေ့ရမည်ဖြစ်၏။

**ဖော်ညွှန်းချက်။** သစ္စာဖောက်ခံရခြင်း၊ အချုပ်အချယ်နှင့် အကန့်အသတ်ကြုံရခြင်း၊ မပြတ်သားသော ဆုံးဖြတ်ချက်ကြောင့် "ကရွတ်ကုင်းလျှောက်" သည့်နယ် တဝဲလည်လည် ဖြစ်နေသည်ခြင်းကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေလျော့ပါးခြင်း၊ ဘေးကင်းသော အခြေအနေသစ်သို့ လျှောက်လှမ်းနိုင်ရန်၊ အခြေအနေပေးလာခြင်းကို ပြညွှန်း၏။

**ဓား–၉။** အိပ်ရာမှ ရုတ်တရက် လန့်နိုးလာသော အမျိုးသမီး၏ပုံကို တွေ့ရမည်။ အိမ်မက်ဆိုးကြောင်း ခေါင်းငိုက်၍ စိတ်ဓာတ်ကျနေဟန်လည်း တွေ့ရမည်။ သူမ၏ ခြုံစောင်၌ ၁၂ ရာသီခွင်အမှတ်အသားများ ရိုက်နှိပ်ထားကြောင်း သရုပ်ဖော်ထားသေး၏။

**ဖော်ညွှန်းချက်။** ရှေ့ရေးအတွက် အတိတ်နိမိတ်ညံ့ခြင်း၊ ဖျားနာခြင်း၊ မိမိချစ်ရသူတစ်ဦးဦး ဆုံးရှုံးရခြင်းကို ဖော်ညွှန်း၏။

**ပြောင်းပြန်ဆိုသော်။** ကိုယ်ကျိုးငဲ့ကွက်မှု နည်းပါးခြင်း၊ အချိန်၏ ကုစားမှုကြောင့် သက်သာရာရခြင်းကို ပြညွှန်း၏။

**ဓား–၁၀။** နောက်ကျော၌ ဓား ၁၀ ချောင်းထိုးစိုက်ခံရပြီး၊ အမှိုက်ပုံ၌ မှောက်လျက်လဲကျနေသော ပုဂ္ဂိုလ်တစ်ဦး၏ ပုံကို တွေ့ရမည်။ မဲမှောင်နေသော မိုးကောင်းကင်ဖြင့် သရုပ်ဖော်ထားပြန်သေး၏။

**ဖော်ညွှန်းချက်။** ဆုံးရှုံးမှု၊ ကျဆင်းမှု၊ ဒုက္ခရောက်မှု၊ မကောင်းသော လောကဓံတရားအစုစု ကျရောက်မှုကို ဖော်ညွှန်း၏။ မျက်ရည်ဖြိုင်ဖြိုင်ကျရလောက်အောင် လူမှုဒုက္ခအမျိုးမျိုးတွေ့ရခြင်းကို ဖော်ဆောင်၏။ ဤကားချပ်မျိုးတွေ့ရခြင်းသည် ကံဆိုးမိုးမှောင်ကျခြင်းဟု တစ်ထစ်ချဟောဆိုအပ်၏။

**ပြောင်းပြန်ဆိုသော်။** အနိဋ္ဌာရုံများ လျော့နည်းလာမည်ဟုသာ အကောင်းဆုံးမျှော်လင့်ထားနိုင်ကြောင်း ပြညွှန်း၏။ ဆက်လက်ပြီး ထရိုဝေဒနှင့် ဘာဝ ၁၂–ပါး ဟောကိန်းများကို တင်ပြပေးပါဦးမည်။



# အပိုင်း (၂)

# တရိုဝေဒ

## အခန်း (၁)

## လက်တွေ့ဟောကိန်းထုတ်နည်းပုံစံများ

### တရိုဒေဝနှင့်ပတ်သက်၍ အထူးအကြံပြုချက်

(တရိုဝေဒ ဟောကိန်းများသည် သင်္ကေတရုပ်ပုံလွှာများဖြင့် လူပုဂ္ဂိုလ်တစ်ဦးစီ၏ အနန္တမနော (Universal Mind) ကို နက်နဲလျှို့ဝှက်သော စွမ်းအင်ဖြင့် ဖော်ဆောင်ထားခြင်း) ဖြစ်သည်။ တနည်းအားဖြင့် လူသားအားလုံးနှင့် တိုက်ရိုက်ဆက်သွယ်သော ဂြိုဟ်နက္ခတ်တို့ကို အခြေပြု စမ်းစစ်ဟောကြားခြင်းမပြုသောကြောင့် တနင်္ဂနွေ၊ တနင်္လာ စသဖြင့် လူပုဂ္ဂိုလ်အုပ်စု အားလုံးအတွက် ခြုံငုံ၍ ဗေဒင်ဟောကိန်းထုတ်ခြင်း အတတ်မျိုး မဟုတ်ပါ။ ဘယ်တိုင်းပြည် ဘယ်ကာလ ဘာမှန်တိုင်းကျမည် အစရှိသော နိုင်ငံရေးဗေဒင် ဟောကိန်းထုတ်၍လည်း မရပါ။ ဤအချက်ကို ကြပ်ကြပ် သတိချပ်ကြရန် ဆန္ဒပြု တိုက်တွန်းအပ်ပါကြောင်း။

*ဦးငြိမ်းအောင် (ဆရာဗေဒ)*

### တရိုဗေဒနှင့် ရှေးဟောင်းကဲ့လူမျိုးတို့၏ ဖြန့်ကြက်ဟောနည်း

မျက်မှောက်ခေတ် အနောက်ကမ္ဘာ၌ တရိုဝေဒ အထူးရေပန်းစားခြင်းနှင့်အတူ တရိုကားချပ်ထုပ် (Tarot Deck) အမျိုးမျိုးကို ကွဲပြားခြားနားသော ဒီဇိုင်းပန်းချီများဖြင့် ထုတ်ဝေဖြန့်ချိနေကြောင်း တွေ့ရသည်။

တူညီချက်တစ်ရပ်မှာ မည်သည့် တရိုကားချပ်ထုပ်၌မဆို အကြံပေးစာအုပ်ငယ် (Instruction Booklet)ကို ပူးတွဲပေးထားခြင်းပင် ဖြစ်သည်။ ယင်း အကြံပေး စာအုပ်ငယ်တိုင်း၌ ဒိုင်ခံဖော်ပြခံရသော တရိုဗေဒင်ဟောနည်းကားမှာ ရှေးဟောင်းကဲ့လူမျိုးတို့၏ ဖြန့်ကျက်နည်းပုံစံပင် ဖြစ်ပေ၏။

ပူးတွဲဖော်ပြပေးထားသော လက်ဝါးကပ်တိုင်နှင့် ဟုရိုဏ်တိုင်းယှဉ်တွဲနေဟန် တရိုဖြန့်ကြက်နည်းမှာ တရိုဗေဒ ပညာရှင် ဆရာကြီးအီဗင်ဂရေး၏ ဖော်ညွှန်းချက်ဖြစ်ပါသည်။ အဆိုပါ ကဲ့လူမျိုး ဖြန့်ကြက်နည်းအရ အီဒင်စာရေး ကိုယ်တွေ့ ကျင့်သုံးဟောပြောချက်ကို အောက်တွင် ဖော်ပြပေးလိုက်ပါ၏။

တရိုဝေဒနှင့် ဗေဒင်ဟောကြားနည်း၏ အခြေခံလိုအပ်ချက်အနေဖြင့် ဖော်ညွှန်းခံရသူ (ဝါ) ဗေဒင်မေးသူ ကိုယ်စားပြု (Significator) ကားချပ်ကို ဦးစွာရွေးချယ်၍ စားပွဲအလယ်၌ ထားရှိရသည်။

၎င်းကားချပ်ကို ဗဟိုပြု၍ ဗေဒင်မေးလာသူပုဂ္ဂိုလ်က ကုလားဖန်ထိုးပြီး ချိုးထားသော ကားချပ်ထုပ်မှ ကားချပ် ၁၀ ချပ်တိတိကို ပုံစံမှန် (Typical) အတိုင်း ဖြန့်ခင်းရန်ဖြစ်သည်။ ဤသို့ စီစဉ်မှုပြုရာတွင် နံပါတ် (၁) ကားချပ်ကို ဗေဒင်မေးသူ ကိုယ်စားပြုကားချပ်အပေါ်တွင် ထောင်လိုက်အတိုင်းပင် ဖုံးထားရမည်ဖြစ်၏။

## ဖြန့်ခင်းပုံ အနေအထား ရှင်းလင်းချက်

| ကားချပ် | ဖေဒင်မေးသူနှင့် ပေါ်လျှင်း၍ |
|---|---|
| နံပါတ် ၁ ကားချပ် | လွှမ်းခြုံမှုပြ ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၂ ကားချပ် | ကန့်လန့်ဖြတ် ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၃ ကားချပ် | အောက်ဘက်မှ ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၄ ကားချပ် | နောက်ကွယ်မှ ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၅ ကားချပ် | ဦးခေါင်းထိပ်မှ ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၆ ကားချပ် | အရှေ့တူရှုမှ ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၇ ကားချပ် | စိုးရိမ်ချက်ပြ ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၈ ကားချပ် | မိသားစုနှင့် အသိုင်းအဝန်း၏ သဘောထားပြဆိုချက်ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၉ ကားချပ် | မျှော်လင့်ချက်ပြ ကားချပ်ဟု မှတ်ယူပါ။ |
| နံပါတ် ၁၀ ကားချပ် | အပြီးသတ်ဟောကွက် ကားချပ်ဟု မှတ်ယူပါ။ |

အနည်းငယ် တိုးချဲ့ရှင်းလင်းရသော် –

နံပါတ် ၁ ကားချပ်သည် ပြဿနာမေးခွန်း၏ ယေဘုယျအနေအထားနှင့် ဩဇာသက်ရောက်မှုကို ပြညွှန်း၏။

နံပါတ် ၂ ကားချပ်သည် ဆန့်ကျင်ဘက်ပြု အင်အားစုများ၏အခြေအနေကို ပြညွှန်း၏။

နံပါတ် ၃ ကားချပ်သည် ပြဿနာမေးခွန်းရှင် အတိတ်ကာလအတွေ့အကြုံမှ စွဲမှတ်ထင်ကျန်နေသော အခြေအနေကို ပြညွှန်းသည်။

နံပါတ် ၄ ကားချပ်သည် ပြဿနာမေးခွန်းရှင်အား လောလောဆယ် ဖိစီးနေသော ပြဿနာကို ပြညွှန်း၏။

နံပါတ် ၅ ကားချပ်သည် အနာဂတ်၌ မလွဲမသွေခံယူရန်အတွက် ဖြစ်တည်လာမည့် အသီးအပွင့်ကို ပြညွှန်း၏။ (ဤကားချပ်ကို နှိုင်းယှဉ်သဘောအရ အထူးဂရုပြု စမ်းစစ်ရန်ဖြစ်သည်။ ။စာရေးသူ)

နံပါတ် ၆ ကားချပ်သည် ပြဿနာမေးခွန်းရှင်၏ ရှေ့ခရီးလမ်း၌တွေ့ကြုံရမည့် ဆူးငြှောင့်ခလုတ်ကို ပြညွှန်း၏။

နံပါတ် ၇ ကားချပ်သည် ပြဿနာမေးခွန်းရှင်၏ စိုးရိမ်ကြောင့်ကြမှုမှ ပေါက်ပွါးလာသော ထပ်ဆင့်ပြဿနာကို ပြညွှန်း၏။

နံပါတ် ၈ ကားချပ်သည် ပြဿနာမေးခွန်းရှင်၏ အသိုင်းအဝန်းနှင့် ပတ်ဝန်းကျင်အခြေအနေကို ပြညွှန်း၏။

နံပါတ် ၉ ကားချပ်သည်ပြဿနာမေးခွန်းရှင်၏ ပုဂ္ဂိုလ်ရေးရာ မျှော်မှန်းချက်များကို ပြညွှန်း၏။

နံပါတ် ၁၀ ကားချပ်သည် အထက်ပါကားချပ် ၉ ချပ်စလုံးမှ စီစစ်ပြီးနောက် ရရှိသော သုံးသပ်ချပ်နှင့် အပြီးသတ် နှိုင်းယှဉ်ဆန်းစစ်၍ ကောက်ချက်ချရမည့် အချက်အချာကျသော ကားချပ် (ဝါ) ကားချပ်နေရာကွက် ဖြစ်၏။




## အီဒင်ဂရေး၏ လက်တွေ့ဟောကြားချက်

ဂျိန်း (Jane) ဆိုသူ မိန်းမငယ်တစ်ဦးသည် ဆေးခြောက် သုံးစွဲမှုနှင့်ပတ်သက်၍ အမှုအခင်းဖြစ်ခဲ့ဖူးပြီး တရားရုံးတွင် အမှုဆိုင်ခဲ့သည်။ တရိုဗေဒင်လာမေးစဉ်ကာလတွင် သူမသည် စတိုးဆိုင်တစ်ဆိုင်တွင် အရောင်းစာရေးမ အဖြစ် လုပ်နေသည်မှာ ၂ လတာမျှသာ ရှိသေးသည်။ ဆေးခြောက်အမှုကိစ္စ၏ ဖိစီးမှု ဒဏ်ရာဒဏ်ချက်များ အကင်း မသေသေးသော ကာလဟု ဆိုနိုင်၏။

ဂျိန်းကိုယ်တိုင်ပင် သူမကိုယ်စားပြု ကားချပ်အဖြစ် ဖလားကိုင် နန်းတွင်းသား တော်ဝင်ကားချပ်ကို ရွေးချယ်မိလိုက်ပြီးနောက် အားလျော့သောလေသံဖြင့် နောင်လာမည့် ၆ လအတွင်း ဘဝအခြေအနေကို တိုးတက်မှု ရှိနိုင်မရှိနိုင် မေးမြန်းခြင်းပြု၏။

ဖြန့်ကျက်မှုအရ ပေါ်ထွက်လာသော ကားချပ်အနေအထားကို ပထမအဆင့် ဆန်းစစ်သော် သာမန်ကားချပ်ထဲမှ ဖလား၊ ကျိုင်းတံ၊ ဓားနှင့် ဒင်္ဂါးအဆင်အယင်များထဲမှ ကားချပ်နှစ်ချပ်စီပါဝင်ကြောင်း တွေ့ရပြီး အဓိကကားချပ်မှ ၂ ချပ်ဖြင့် ကားချပ်ပါဝင်မှု ထူးခြားစွာ ညီမျှနေကြောင်း သတိပြုမိသည်။

ဒုတိယအဆင့်အနေဖြင့် ကားချပ်တစ်ချပ်ချင်းကို ဖြန့်ကျက်မှု အနေအထားအရ အဓိပ္ပါယ်ဖော်ညွှန်းမှုကို ရယူပြီး တတိယအဆင့်အနေဖြင့် ကားချပ်အားလုံး၏ ပေါင်းစပ်အဓိပ္ပါယ်ကို ဆန်းစစ်ရယူသည်။ နောက်ဆုံးနံပါတ် ၁၀ ကားချပ်နှင့် ဆက်စပ်ပြီး အပြီးသတ်ဟောကိန်းကို ပဏာမ ဆင်ခြင်စဉ်းစား ရယူထားလိုက်၏။



## ကားချပ်တစ်ချပ်ချင်းနှင့် တည်ရှိမှုအရာအလိုက် ဟောကွက်ထုတ်ခြင်း

### နံပါတ် (၁) နေရာ

ဓါးအဆင်အယင်၏ နံပါတ် ၁၀ ကားချပ်ဖြစ်နေကြောင်း တွေ့ရသည်။ မှောက်လျက် လဲကျနေသော ပုဂ္ဂိုလ်၏ နောက်ကျော၌ ဓားဆယ်ချောင်းစိုက်နေဟန် တွေ့ရသည်။ ဂျိန်း၏ လက်ရှိဘဝအခြေအနေသည် ၎င်းကားချပ်၏ ဖော်ညွှန်းချက်နှင့် ကိုက်ညီ တိုက်ဆိုင်နေသည်။

သူမသည် ဆေးခြောက်အမှုနှင့် ဖမ်းဆီးခံရခြင်းကြောင့် ကောလိပ်အမျိုးသမီးဆောင်မှ ထုတ်ပယ်ခြင်းခံရသည်။ ပစ္စက္ခအချိန်အထိ နာမည်ပျက်ခြင်း အစွန်းအထင်းကို ဆေးကြောတိုက်ချွတ်နေရဆဲဖြစ်၏။

### နံပါတ် (၂) နေရာ

ကန့်လတ်ဖြတ်ထားရသည့် သဘာဝအရ ကားချပ်ပြောင်းပြန် ဖြစ်ရသည့်သဘော မယူရ။ အခါခပ်သိမ်း ပုံမှန်အနေအထားမျိုးဖြင့် စိစစ်ရသည်။

ကားချပ်သည် ဖလားအဆင်အယင်၏ တစ်နံပါတ် ကားချပ်ဖြစ်နေကြောင်း တွေ့ရသည်။ ဖလားအဆင်အယင်သည် လူမှုဆက်ဆံရေးကိစ္စကို အထူးဖော်ညွှန်းပြီး တစ်နံပါတ်သည် အစပျိုးခြင်းသဘောဖြစ်လေရာ လူမှုရေးတွင် လူဝင်ဆန့်လာမှုကို ပြညွှန်း၏။

### နံပါတ် (၃) နေရာ

ဒင်္ဂါးအဆင်အယင်၏ နံပါတ် ၃ ကားချပ် ဖြစ်နေသည်။ ကိုယ်တတ်မြောက်သည့် အရည်အချင်း အစွမ်းအစအလိုက် အသိအမှတ်ပြုခံရမည့် အဓိပ္ပါယ်ကိုဖော်ညွှန်း၏။

### နံပါတ် (၄) နေရာ

ဓားကိုင် စစ်ကဲ ကားချပ်ဖြစ်နေသည်။ ၎င်းကားချပ်၏ ဖော်ညွှန်းချက်သည် ပြဿနာပေါ်ပေါက် ရင်ဆိုင်ရခြင်းဖြစ်ရာ အတိတ်၏အရိပ်များ၏ ဖိစီးခံနေရကြောင်း ပြဆိုနေ၏။

### နံပါတ် (၅) နေရာ

အနာဂတ်ကာလအတွက် အရေးပါသော ဖော်ညွှန်းချက်နေရာဖြစ်သည်။ ကားချပ်မှာ ပုထုဇနော ဥမ္မတကော (ဝါ) ဖာတစ်လုံးခေါင်းကျားဖြစ်လေရာ နံပါတ် (၂) ကန့်လတ်ဖြတ်နေရာမှ ဖလားအဆင်အယင်ဝင် တစ်နံပါတ် ကားချပ်ကပြညွှန်းသော လူမှုဆက်ဆံရေး ဘဝအသစ်ကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည့်သဘော (ဝါ) တစ်ခုခုကိုရွေးချယ်၍ လက်တွေ့ဘဝထဲသို့ တိုးဝင်ရန် ပြဆိုနေလေ၏။



### နံပါတ် (၆) နေရာ

အနီးကပ်ကာလအတွင် ရင်ဆိုင်တွေ့ကြုံရမည့် အခြေအနေကို ပြညွှန်းသည်။ အချစ်ရေး သို့တည်းမဟုတ် လူမှုဆက်ဆံရေးတွင် ပြေလည်ခြင်း စိုပြည်ခြင်းကိုပြညွှန်းသော ဖလားအဆင်အယင်ဝင် နှစ်နံပါတ်ကားချပ်ကို တွေ့ရှိရသည်။ အလားအလာကောင်းကြောင်း ဖော်ညွှန်းနေ၏။

### နံပါတ် (၇) နေရာ

၎င်းနေရာသည် စိုးရိမ်ကြောင့်ကြမှု [illegible] ပြဿနာမေးခွန်း[illegible]နှင့် သက်ဆိုင်သည်။ ကျိုင်းတဲအဆင်အယင်ဝင် တစ်နံပါတ်ကားချပ်သည် [illegible] ပုပ်[illegible]န်းအသစ်ဟစ်ရပ်ကို ဖော်ညွှန်းခြင်းနှင့်အညီ ဂျိန်းတစ်ယောက် ဘဝခရီးအသစ်ကို မှန်ကန်[illegible]ချယ် [illegible]နိုင်မည်ဟု ခံယူအားတက်လာစေရန် ဟောဆိုလိုက်၏။

### နံပါတ် (၈) နေရာ

တရို အဓိကကားချပ်တစ်ခုဖြစ်သော တရား[illegible]မှုကားချပ်ကို ပြောင်းပြန်အနေအထား ကျရောက်နေကြောင်း တွေ့ရသည်။ ထိုကားချပ်က ဂျိန်းတစ်ယောက်ရင်ဆိုင်နေရဆဲ ဆေးခြောက်အမှုသည် မပြီးပြတ်နိုင်သေးဘဲ အမေရိကန် ဥပဒေအရ ခွင့်ပြုသော အာမခံဘဝဖြင့် ဆက်လက်နေထိုင်ရဦးမည်ဖြစ်ကြောင်း ပြဆို၏။

### နံပါတ် (၉) နေရာ

အင်္ဂါး အဆင်အယင်ဝင် နံပါတ်ငါးကားချပ်၏ ဖော်ညွှန်းချက်[illegible]ဂျိန်းသည် [illegible]မပြီးပြတ်သော အမှုကြောင့် စိတ်ဆင်းရဲနေရဦးမည်ကို ပြဆို၏။

### နံပါတ် (၁၀) နေရာ

၎င်းနေရာသည် အချက်အခြာကျသော နိမိတ်နေရာဖြစ်ခြင်းကြောင့် [illegible]ဒင်ဂရေးက အထူးဂရုပြုကြည့်ရှုစိစစ်ခြင်းပြုသည်။ ကျိုင်းတဲအဆင်အယင်ဝင် နံပါတ်ကိုးကားချပ် (ပြော[illegible]အထား) ကြောင့် စိတ်ပင်ပမ်းနွမ်းနယ်မှု တဖြည်းဖြည်း လျော့နည်းမည့်သဘော ခံယူထားစေ၏။

တရိုကျမ်းပြုပုဂ္ဂိုလ်ပညာရှင် အီဒင်ဂရေးသည် ဂျိန်းအား ဟော[illegible]အကြံပြုချက်မှာ "ဖလားအဆင်အယင်၏ တစ်နှင့် နှစ်နံပါတ်ကားချပ်များသည် လူမှုဆက်ဆံရေးဘဝအတွက် ကောင်းသော ဖော်ညွှန်းချက်ဖြစ်ခြင်းကြောင့် ဘဝသစ်၊ နေရာသစ်သို့ ပုထုဇနောဥမ္မတ္တကော အနေအထားဖြင့် လူမှုရေးအခွင့်အလမ်းများကို အမိအရ ဖမ်းယူဆုပ်ကိုင်ထားရန်ဖြစ်ကြောင်း"ဟူ၏။

စာရေးသူ အကျွန်ုပ် ကောက်ချက်ချမိသည့်အချက်မှာ နောက်ဆုံး နံပါတ် ၁၀ နေရာမှာ ပေါ်ထွန်းသော ကားချပ်၏ ဖော်ညွှန်းချက် အားနည်းနေခြင်းကြောင့်သာ အထက်ပါအတိုင်း အားပေးရုံသာပြုခြင်းဖြစ်သည်။ အားကောင်းသောကားချပ်ကိုသာ တွေ့လိုက်သော် ရေ့လမ်းခရီး ဖြောင့်ဖြူးသာယာ ပေါက်မြောက်မည်ဟု ဟောကိန်းထုတ်မည်သာဖြစ်ကြောင်း ခန့်မှန်းမိပါသတည်း။

# အခန်း (၂)

## ဈေးဟောင်း ကဲ့လူမျိုးဟောနည်းကား

### (ဂျူးလီယက်ရှားမန်ဘာ့ဂ် ဖော်ညွှန်းချက်)

တရိုဝေဒပညာရှင် အီဒင်ဂရေးက ပုံမှန် ကဲ့လူမျိုး တရိုဟောကိန်းနည်းနာကို ဖော်ဆောင်ရာ၌ ကားချပ် ၁၀ ချပ် အသုံးပြုကြောင်း ပြီးခဲ့သောအခန်းတွင် ဖော်ပြပြီးဖြစ်သည်။ တရိုတော်ဝင်ကားချပ်တစ်ချပ် သီးသန့်ရွေးချယ်၍ ဗေဒင်မေးလာသူ ကိုယ်စားပြုကားချပ်အဖြစ် ထားရှိပြီး ၎င်းကားချပ်အပေါ် ပြဿနာမေးလာသူ၏ လက်ရှိအခြေအနေပြ ကားချပ်ဖြင့် ဖုံးအုပ်ရကြောင်း ပြဆိုပြီးဖြစ်၏။

တရိုဝေဒပညာရှင် ဂျူးလီယက် ရှားမန်ဘာ့ဂ်ကမူ ဗေဒင်မေးလာသူ ကိုယ်စားပြုကားချပ်နှင့် လက်ရှိအခြေအနေပြကားချပ်ကို တော်ဝင်ကားချပ်တစ်ခုတည်းဖြင့် ဖော်ဆောင်ချက်မှာ ထူးခြားပြီး မှတ်သားဖွယ်ဖြစ်သည်။ စာရှုသူများ၏မြင်ကွင်းတွင် ရှင်းလင်းလွယ်ကူစေရန် သူပြဆိုထားသော မူရင်းဖြန့်ကျက်ပုံ ပုံစံနှင့်တကွ တရိုကားချပ်များဖြင့် သရုပ်ဖော်၍ ပြဆိုရေးသား တင်ဆက်လိုက်ပါ၏။

### ခရစ္စတိုဖာ

ခရစ္စတိုဖာသည် အမြွှာပူးသားယောကျ်ားလေးနှစ်ဦး၏ မွေးသဖင်ဖြစ်သည်။ တရိုကားချပ်ဗေဒင်ကို လာမေးလာကြည့်ခြင်းမှာ ၎င်း၏ လက်ရှိအလုပ်အကိုင်နှင့် အိမ်ထောင်ရေးအပေါ် ကျေနပ်မှုနှင့် ပျော်ရွှင်မှု ဆုံးရှုံးနေခြင်းက အကြောင်းရင်းခံဖြစ်သည်။ သူသည် ရေ့နေလိုင်စင်ရပြီးချိန်မှစ၍ လက်ရှိအချိန်အထိ ဦးလေးဖြစ်သူ ရေ့နေအဖွဲ့၌ တောက်လျှောက် ပါဝင်လုပ်ဆောင်ခဲ့သည်။ ယခုအခါ ၎င်းအဖွဲ့မှခွဲထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရန် ကြံရွယ်နေသည်။ အိမ်ထောင်ရေးအခြေအနေနှင့် ပတ်သက်၍လည်း အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မထင်မှတ်ဘဲ အိမ်ထောင်ကျပြီးချိန်မှစပြီး လက်ရှိကာလအထိ အိမ်ထောင်ရေးသုခနှင့် ကင်းဝေးခဲ့ရသည်။ ယခုလို မိသားစုသဘောဆန်သော အလုပ်အကိုင်နှင့် အိမ်ထောင်သည်ဘဝမှ ရုန်းထွက်၍ ကိုယ့်လမ်းကိုယ်လျှောက်ရေး အကြံအစည်နှင့်ပတ်သက်၍ မေးမြန်းအကြံဉာဏ် တောင်းခံလာခြင်းဖြစ်၏။

### တရိုဝေဒဖြင့် ဖြန့်ကြက်ဟောကြားပုံ

**နံပါတ် ၁ နေရာကွက်**

လက်ရှိ အခြေအနေပြကားချပ်။ ဓားကိုင်ဘုရင်ဖြစ်နေ၏။

ခရစ္စတိုဖာ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီနေသည်။ ကိုယ့်လုပ်ပိုင်ခွင့်နှင့် ကိုယ်လုပ်၊ ကိုယ်လမ်းကိုယ်ထွင်လျှောက်လှမ်းမည့် ပြဿနာဖြစ်ကြောင်း ဖော်ညွှန်း၏။

**နံပါတ် ၂ နေရာကွက်**

ကန့်လန့်ဖြတ်အခြေအနေပြကားချပ်။ ဒင်္ဂါးအဆင်အယင်ဝင် နံပါတ် ၈ ကားချပ် ဖြစ်နေ၏။



ဤတရိုကားချပ်ပန်းချီ၏ ဖော်ညွှန်းချက်မှာ လူရွယ်တစ်ဦးသည် ဒင်္ဂါးပြားတစ်ခုကို မိမိလုပ်ဆောင်လိုသော ပုံစံဖြစ်အောင် အကောင်အထည်ဖော် ထုလုပ်နေဟန် တွေ့ရမည်။ ခရစ္စတိုဖာ၏ တကယ့်ဝါသနာနှင့် ရည်မှန်းချက်မှာ မိမိကိုယ်တိုင်ဦးစီးပြီး စာပွဲထိုး မီမံခန့်ခွဲရသည့် စား/ သောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ရန် ဖြစ်နေသည်။ ကားချပ်၏ ဖော်ညွှန်းချက်အရ ခရစ္စတိုဖာ၏ အကြံအစည်နှင့် ကိုက်ညီကြောင်းတွေ့ရသည်။ သို့သော် ၎င်းကားချပ်သည် ကန့်လန့်ဖြတ်အနေအထားကြောင့် ရင်ဆိုင်တိုက်ခိုက်ကျော်လွှားရမည့် ပြဿနာများက ဆီးကြိုနေကြောင်း ထင်ရှား၏။

**နံပါတ် ၃ နေရာကွက်**

အထက်ပိုင်း အခြေအနေပြကားချပ်။ ဖလားအဆင်အယင်ဝင် နံပါတ် ၃ ကားချပ် ဖြစ်နေ၏။

အနာဂတ် အခြေအနေကို ပြညွှန်းသော ၎င်းကားချပ်သည် ပျော်ရွှင်ခြင်းနှင့် အောင်ပွဲခံ ဂုဏ်ပြုအထိမ်းအမှတ် ပန်းချီပုံဖြင့် ခြယ်မှုန်းထားသည်။ တရိုဝေဒဖော်ညွှန်းချက်နှင့် ကနဦး (Intial) သဘောသက်ဝင်သဖြင့် ဆရာမကြီးက ခရစ္စတိုဖာကို မိုးမျှော်တုန်း ရေခံတတ်ရန် အသေးစိတ် အကြံပြုလိုက်၏။

**နံပါတ် ၄ နေရာကွက်**

အောက်ပိုင်းအခြေအနေပြကားချပ်။ ကျိုးတံအဆင်အယင်ဝင် နံပါတ် ၈ ကားချပ်ဖြစ်နေ၏။

ဖြတ်သန်းဆဲ ဘဝအတွေ့အကြုံကို ဖော်ညွှန်းသော ၎င်းကားချပ်ကို လေဟာပြင်တွင်ပျံဝဲနေသော ကျိုင်းတံရှစ်ချောင်းပန်းချီပုံဖြင့် ခြယ်မှုန်းထားသည်။ ငြိမ်နေ၍မရ လှုပ်ရှားရမည်သဘောကို ထင်ရှားစွာပြဆိုနေ၏။

**နံပါတ် ၅ နေရာကွက်**

နောက်ပိုင်းအခြေအနေပြကားချပ်။ ဒင်္ဂါးကိုင် စစ်ကဲကားချပ်ဖြစ်နေ၏။

နောက်ပိုင်းအခြေအနေ (ဝါ) အတိတ်အခြေအနေကို ဖော်ညွှန်းသော ၎င်းကားချပ်အရ ဖြည်းဖြည်းနေးနေးဖြစ်တည်နေသော အတိတ်ဘဝအခြေအနေကို စစ်ကဲအနေအထားဖြင့် ပြတ်ပြတ်သားသား အပြီးသတ် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြညွှန်းနေလေ၏။

**နံပါတ် ၆ နေရာကွက်**

ရေ့တူရှုအခြေအနေပြကားချပ်။ ကျိုးတံအဆင်အယင်ဝင် နံပါတ် ၇ ကားချပ်ဖြစ်နေ၏။

အနီးကပ်ဆုံး အနာဂတ်အခြေအနေကို ဖော်ညွှန်းသော ၎င်းကားချပ်၏ ပန်းချီပုံ၌ ကျိုင်းတံ ၆ ချောင်း ခိုက်ထုပြီးစီး၍ နောက်ဆုံးကျိုင်းတံကို ခိုက်ထုနေဟန် ခြယ်မှုန်းချက် တွေ့ရမည်။ နိုင်မာသော ဆုံးဖြတ်ချက်ဖြင့် နောက်ဆုံးအဆင့်လုပ်ဆောင်ရန်သာ ကျန်ရှိနေသဖြင့် အောင်မြင်ရန် အလားအလာကောင်းကြောင်း ဟောကြားလိုက်သည်။ ၎င်းဟောကြားချက်အပေါ် ခရစ္စတိုဖာတစ်ယောက် ဘဝင်ကျသွားသည်။ မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားရန် အခြေအနေရှိကြောင်းနှင့် အသင့်ပြင်ထားကြောင်း ပြန်လည်ပြောဆိုလေတော့။

**နံပါတ် ၇ နေရာကွက်**

အနာဂတ်စံစားချက်အခြေအနေပြ ကားချပ်။ ကျိုင်းတံအဆင်အယင်ဝင်နံပါတ် ၄ ကားချပ် ဖြစ်နေ၏။

၎င်းနံပါတ် ၄ ကျိုင်းတံကားချပ်၏ ပန်းချီပုံ၌ အောင်ပွဲအခမ်းအနားကို ဝမ်းမြောက်ဂုဏ်ယူစွာ ဆင်နွှဲနေဟန် သရုပ်ဖော်ပြချပ်ကို တွေ့ရမည်။ ထို့ကြောင့် ခရစ္စတိုဖာတစ်ယောက် သူကြိုးပမ်းချက်အလျောက် ပြောင်းလဲဖြစ်ပေါ်မှု အရပ်ရပ်ကို အားရကျေနပ်စွာ ခံယူရမည်ဟု ဟောကိန်းထုတ်ခဲ့၏။

### နံပါတ် ၈ နေရာကွက်

အနာဂတ်ဘဝ ပတ်ဝန်းကျင်နှင့် ရှုထောင့်အထွေထွေပြကားချပ်။ ဓားအဆင်အယင်ဝင် နံပါတ် ၂ ကားချပ်ဖြစ်နေ၏။

ငှင်းဓား ၂ ကားချပ်၏ ပန်းချီပုံအရ မသိကြိုးကျွံသဘော၊ မရေမရာသဘောဖော်ညွှန်းကြောင်း ထင်ရှားသည်ထို့ကြောင့် ခရစ္စတိုဖာတစ်ယောက် သူ မျှော်လင့်ကြီးစွာ ကြိုးပမ်းပျိုးထောင်ခဲ့သော အနာဂတ်ကျရောက်မှုအခြေအနေသည် ထင်သလိုမဟုတ်ကြောင်း ရင်ဆိုင်တွေ့ရှိရမည်ကို ဖော်ညွှန်းသည်။ မည်သို့ဆိုစေ၊ ဤနေရာကွက်သည် ခရစ္စတိုဖာ၏ လက်ရှိဆုံးဖြတ်ချက်အပေါ် တစ်စုံတစ်ရာမျှ လွှမ်းမိုးမှုမရှိချေ။

### နံပါတ် ၉ နေရာကွက်

မျှော်လင့်ချက်နှင့် စိုးရိမ်ချက် တွဲပြသောကားချပ်။ ဖလားအဆင်အယင်ဝင် နံပါတ် ၂ ကားချပ်ဖြစ်နေ၏။

ဝေဒပညာရှင် ဂျူးလိယက်ဘာ့ဂ်က ခရစ္စတိုဖာကိုယ်တိုင် ကားချပ်ကိုကြည့်၍ ခံစားသိမြင်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ချစ်ကြည်စွာဆက်သွယ်မှုကို သရုပ်ဖော်ထားသော ကားချပ်ဖြစ်ကြောင်း ပြန်ကြားပြောဆိုသည်။ တစ်ဆက်တည်းပင် လက်တွဲဖြုတ်ရန်အကြောင်းရှိသော လက်ရှိဇနီးနှင့် သားနှစ်ဦးအတွက် လိုအပ်သော ကူညီပံ့ပိုးမှုအစုစုကို ဆက်လက်တာဝန်ယူရန် ဆုံးဖြတ်ထားကြောင်း ပြောဆိုဝန်ခံ၏။

### နံပါတ် ၁၀ နေရာကွက်

အပြီးသတ်ကံဆိုး ကံကောင်းပြ ကားချပ် ဖလားအဆင်အယင်ဝင် နံပါတ် ၈ ကားချပ်ဖြစ်နေ၏။

ဖလား ၈ တရိုကားချပ်၏ ပန်းချီပုံအရ တိုက်တိုက်ဆိုင်ဆိုင်ပင် လူတစ်ယောက်သည် စည်းစိမ်ချမ်းသာကို ပြညွှန်းသော ဖလား ၈ ခုကို ကျောခိုင်း၍ ထွက်သွားဟန်တွေ့ရမည်။ ကျန်ဖော်ညွှန်းချက်အရ ခရစ္စတိုဖာသည် လက်ရှိအခြေအနေနှင့် ပတ်ဝန်းကျင်ကို စွန့်ခွါသွားနိုင်မည်ဖြစ်ကြောင်း ဟောကိန်းထုတ်ရန်မှအပ အခြားမရှိပြီဟူ၍တည်း။

(ဆိုရေးရှိကဆိုအပ်လှ)

တရိုဝေဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် Tarot ဟူသောစာလုံးပေါင်းကို တားရော့ဒ်ဟု တိုက်ရိုက်အသံထွက်သုံးစွဲကြောင်း တွေ့လာရသည်။ တကယ်တမ်းမူ "ရေးတော့အမှန် ဖတ်တော့အသံ" ဆိုသည့်အတိုင်း အမှန်အကန်မှာ တာရို သို့မဟုတ် တရိုဟု အခိုင်အမာ ဖော်ဆောင်သမှု ပြုအပ်၏။


ဂျပန်နိုင်ငံ၌ ကျော်ကြားလှသော Max Waven ၏ Book of Fourtune Telling လာ အဆိုပြုချက်မူရင်းစာသားကို ဆန်းစစ်ကြည့်ပါ။

## MAX MAVEN'S BOOK OF FORTUNETELLING

The theoryobserves that the ancient Egyptians worshipped many gods, one of the most powerful being Thoth, the god of all knowledge. The priests of this religion compiled metaphysical information concering the way of human life in a text that was known as the Book of Thoth. Some scholars say that this text was also called tar-ro, Egyptian words meanjng "royal Path." This is one explanation of the origin of the word Tarot, Pronounced both "tay-roh" and "tah- roh." (In light of these pronunciations, the word is sometime spelled Taro.) Those who dispute this conjecture point out that the word for cards in Hindustani is taru, a more likely etymological source.



ပညာရပ်တစ်ခု၏ နာမအမည်အသံထွက် မှန်ကန်ရန်လိုအပ်ကြောင်း အထူးဆိုဖွယ်မရှိပြီတည်း။ The Concise **Oxford English Dictionary** (New **Seventh** Edition) ၌ လိုရမည်ရ **Tarot** ၏ အသံထွက်အမှန်ကို ဖော်ဆောင်နိုင်ကြောင်း ထပ်ဆောင်း အကြံပြုအပ်ပါသတည်း။




THE KELTIC CROSS

# အခန်း (၃)

## တရိဝေဒနှင့် ဘဝသစ်ပင်ဟောနည်း

ဘဝသစ်ပင်ဟောကိန်းဖြင့် တရိဒေဝ ဗေဒင်ဟောရာ၌ ကားချပ်ဖြန့်ကြက်မှုနှင့် ဟောကွက်ဖော်ညွှန်းချက်တွင် မူကွဲအမျိုးမျိုး တွေ့ရသည်။ ဤစာစု၌ တရိဝေဒပညာရှင် ဆရာမကြီးအီဒင်ဂရေး၏ တြိကောဏ သုံးမျိုးပုံစံ (မူရင်းသရုပ်ပြပုံရှုပါ) ဘဝသစ်ပင်ဟောကိန်းကို ဖော်ဆောင်ရေးသား တင်ဆက်ပေးလိုက်ပါ၏။

ဤဟောနည်းကားတွင် ဟောကွက် ၁ – ၂ နှင့် ၃ ပါဝင်သော တြိဂံကို အထက်မိုးမျှော်သင်္ကေတ တွေ့ရမည်။ ဟောကွက် ၄ – ၅ နှင့် ၆ ပါဝင်သော ဒုတိယတြိဂံနှင့်ဟောကွက် ၇ – ၈ နှင့် ၉ ပါဝင်သော တြိဂံတို့သည် မြေဦးစိုက်သင်္ကေတ ခင်းကျင်းထားကြောင်းတွေ့နိုင်၏။

### တြိဂံအသီးသီး၏ ဖော်ညွှန်းချက်များ

ပထမတြိဂံသည် စိတ်မနောပိုင်း ရည်မှန်းချက်နှင့် သုခချမ်းသာကို ပြညွှန်းသည်။ ဒုတိယတြိဂံသည် ကိုယ်စိတ်နှစ်ပါး ကြံ့ခိုင်ရေးအပိုင်းကို ပြညွှန်းသည်။ တတိယ တြိဂံနှင့်နံပါတ် ၁၀ ဟောကွက်တို့သည် အဓိကအားဖြင့် ရုပ်ပိုင်းဆိုင်ရာ အောင်မြင်ပေါက်မြောက်မှုအပိုင်းကို ပြညွှန်းသည်။ ဖော်ပြပါ ဘဝသစ်ပင်ဟောကိန်းအရ ညာဘက်ခြမ်း၌ တွေ့ရသောကားချပ် ၂ – ၄ နှင့် ၇ တို့သည် သိမ်မွေ့သောအရည်အသွေးနှင့် ပတ်သက်နေပြီး ဘယ်ဘက်ခြမ်း၌ တွေ့ရသော ကားချပ် ၃ – ၅ နှင့် ၈ တို့သည် ရုပ်ကြမ်းသရုပ်ဆောင်ယူသည်။ အလယ်ခေါင်၌တွေ့ရသော ၆-၉ နှင့် ၁၀ တို့သည်သမူဟ ပေါင်းစပ်မှုပုံသင်္ကေတကို ပြညွှန်းကြောင်း သိသာထင်ရှား၏။

### ကားချပ်များနှင့်ဟောကွက်အခင်းအကျင်း

ဦးစွာပထမအားဖြင့် ပြဿနာမေးခွန်းရှင်(ဗေဒင်မေးသူ) ကိုယ်စားပြု တော်ဝင်ကားချပ်တစ်ချပ်ကို ရွေးချယ်မှတ်သားသမှု ပြုရမည်။ သီးသန့်ထားခြင်းပြုနိုင်သည်။ ဤသို့မဟုတ်မူ၍ ၎င်းကားချပ်ကို ကားချပ်ထုတ်အတွင်း ပြန်လည် ထည့်သွင်း၍ အသုံးပြုနိုင်သေး၏။

ရည်ညွှန်းပါ ဘဝသစ်ပင် နည်းစနစ်အတိုင်း ထရိကားချပ်များကို ဖြန့်ကြက်ရာ၌ ထုံးစံအတိုင်း (ပြဿနာမေးခွန်းရှင်အား ထရိကားချပ်ထုပ်ကို ကုလားဖန်ထိုးခြင်းနှင့် ချိုးခြင်းပြုစေရမည်။ ဤသို့ပြုပြီး ကားချပ်ဖြန့်ခင်းရာ၌ အဆိုပါ ကိုယ်စားပြုတော်ဝင်ကားချပ် ပြန်လည်ပါရှိလာပါမူ ၎င်းကားချပ်ကျရောက်ရာ ဟောကွက်ကို အထူးအလေးထား ဆန်းစစ်ဟောကြားရမည် ဖြစ်၏ )



### ပထမတြိကောဏ

စိတ်မနောပိုင်းနှင့် အမြင့်မားဆုံး မျှော်မှန်းချက်က ဖော်ညွှန်း၏။
ကားချပ် နံပါတ် ၁။ ။ ပြဿနာမေးခွန်းရှင်၏ အကြီးမားဆုံး ရည်မှန်းချက်။
ကားချပ် နံပါတ် ၂။ ။ စွမ်းအင် (တီထွင်နိုင်စွမ်းအား။)
ကားချပ် နံပါတ် ၃။ ။ မျိုးထောင်ပြုပြင်မှု (ပညာသတိ) ကို ပြညွှန်း၏။

### ဒုတိယတြိကောဏ

စာရိတ္တဗလ အပါအဝင် ဗလငါးတန် ကြံ့ခိုင်ကျန်းမာရေးကို ဖော်ညွှန်း၏။
ကားချပ်နံပါတ် ၄။ ။ ခေါင်းဆောင်မှု (သီလ တရားနှင့် အရည်အချင်းကောင်းများ)
ကားချပ်နံပါတ် ၅။ ။ စည်းကမ်း (နှိမ်နင်း၊ ဖြိုဖျက်နိုင်စွမ်းရှိမှု)
ကားချပ်နံပါတ် ၆။ ။ သဟဇာတ ဖြစ်သွားမှုကို ပြညွှန်း၏။

### တတိယတြိကောဏ

ခံစားမှုအဝဝ ပေါင်းစည်း ဖြစ်တည်မှုကို ဖော်ညွှန်း၏။
ကားချပ် နံပါတ် ၇။ ။ အနုပညာနှင့်စိတ်တက်ကြွမှု (အချစ်နှင့် ရာဂ)
ကားချပ် နံပါတ် ၈။ ။ စက်မှုလက်မှုပညာနှင့် ပွားစည်းခြင်း (သိပ္ပံ)
ကားချပ် နံပါတ် ၉။ ။ အသွင်သဏ္ဍာန်နှင့် ပုံစံအမျိုးမျိုး ပေါင်းစပ်မှုကို ပြညွှန်း၏။

### ရုပ်ပိုင်းလောက နောက်ဆုံးရလဒ်

ကားချပ် နံပါတ် ၁၀။ ။ အိုးအိမ်နှင့်လက်တွေ့ဖြစ်ထွန်းမှု အကျိုးစီးပွားကို ပြညွှန်း၏။

### ဟောကိန်းအရည်အချင်းဖြည့်ကားချပ်များ

တရိဝေဒပညာရှင် အီဒင်ဂရေး၏ ဘဝသစ်ပင် ဟောကိန်းတွင် ဟောကိန်း အရည်အချင်းဖြည့်ကားချပ်ခုနစ်ချပ် (Daath or Qualifying Cards) ခင်းကျင်း၍ မူလထရိကားချပ် ၁၀ ချပ် ဟောကိန်းထုတ်အပြီးတွင် ဖြည့်စွက်ဟောကြားခြင်းပြုရန် ဖော်ညွှန်းထားသည်။ အခြား တရိဝေဒပညာရှင်များကမူ ဤသို့ပြညွှန်းချက်မျိုး မတွေ့ရပါ။

မည်သို့ဆိုစေ ဆရာမကြီးအီဒင်ဂရေးအနေဖြင့် ကျကျနန ဖော်ညွှန်းရေးသားထားခြင်းကြောင့် ၎င်းအရည်အချင်းဖြည့် ကားချပ်များအကြောင်းကို သီးသန့်စာခန်းတစ်ခုဖြင့် ရေးသားတင်ဆက်သွားရန် ရှိပါ၏။

## လက်တွေ့ဟောကိန်းထုတ်ပုံ အဆင့် (၁)

အရပ်အမောင်းကောင်းပြီး အသားမည်းသော ပက်ထရစ်ရှား (Patricia) ဆိုသူ လူလတ်ပိုင်းအရွယ် အမျိုးသမီးကို ချောမောလှပသူဟု မဆိုနိုင်သော်လည်း ကြည့်ကောင်း၍ သူတစ်ဖက်သားအား ဆွဲဆောင်နိုင်စွမ်းရှိသူဟု ဆိုရမည်။ အိမ်ထောင်ရှင်တစ်ဦးဖြစ်သော သူမသည် (ဘာမထိ) သည့် မျက်နှာထားဖြင့် ပြုံးပန်းဆင်ထားသော်လည်း အတွင်းစိတ်သဏ္ဍာန်၌ ကြိတ်၍ဆွေးနေပုံရကြောင်း အီဒင်ဂရေးက အကဲခတ်မိသည်။ ပြဿနာမေးခွန်းရှင် ကိုယ်စားပြု ကားချပ်အဖြစ် ဓားကိုင်မိဖုရားကားချပ်ကို ရွေးချယ်၍ စားပွဲအစွန်းတစ်နေရာ၌ ချထားလိုက်၏။

တရိုဝေဒ၏ ကျင့်ထုံးနှင့်အညီ ပက်ထရစ်ရှားအား မိမိသိချင်သော မေးခွန်းပြဿနာများကို နှုတ်မှ တိုးညင်းစွာ ဖွင့်ထုတ်ရွတ်ဆိုလျက် တရိုကားချပ်ထုပ်ကို ကလားဖန်ထိုး၍ ချိုးစေလိုက်သည်။ ဤသို့ဖြင့် တရိုကောဏသုံးခုပါ ဘ၀သစ်ပင်ပုံစံအတိုင်း တရိုကားချပ် ၁၀ ချပ်ကို ဖြန့်ကြက်လိုက်သည်။ နောက်ထပ် အရန်ကားချပ် ၇ ချပ်ကို ပက်ထရစ်ရှားကိုယ်စားပြု ကားချပ်ပေါ်၌ အုပ်ထားလိုက်လေ၏။

ကားချပ် ၁၀ ချပ်ကို နံပါတ်စဉ်အလိုက် တွေ့ရပုံမှာ–

ဟောကွက် ၁။ ။ ချုပ်တီးခြိုးခြံမှု (အဓိက) ကားချပ်။
ဟောကွက် ၂။ ။ ဓား ၅ သာမန်ကားချပ်။
ဟောကွက် ၃။ ။ ဒင်္ဂါး ၄ (ပြောင်းပြန်ပုံစံ)
ဟောကွက် ၄။ ။ ကျိုင်းတံကိုင်မိဖုရား (တော်ဝင်) ကားချပ်။
ဟောကွက် ၅။ ။ မျှော်စင် (အဓိက) ကားချပ်။
ဟောကွက် ၆။ ။ ငပုပ်ဖမ်းလ (အဓိက) ကားချပ်။
ဟောကွက် ၇။ ။ ဖလားကိုင်ဘုရင်။
ဟောကွက် ၈။ ။ ဒင်္ဂါး ၃ (ပြောင်းပြန်ပုံစံ)
ဟောကွက် ၉။ ။ ဖလား ၂။ (ပြောင်းပြန်ပုံစံ)
ဟောကွက် ၁၀။ ။ ငွေကြယ် (အဓိက) ကားချပ်။

### ဒုတိယအဆင့်ဖော်ဆောင်ဟောကြားခြင်း

ပထမကားချပ် ခြိုးခြံချုပ်တီးမှုနှင့် ပက်ထရစ်ရှားကိုယ်စားပြု ဓားကိုင်မိဖုရား (လောကဓံတရားကို ကြံ့ကြံ့ခံရင်ဆိုင်ရဲသောစိတ်ဓာတ်ကို ပြည္ဆန်းသည်.) ကားချပ်တို့ကို ပေါင်းစပ်ကောက်ချက်မှာ ပက်ထရစ်ရှားသည် ချုပ်တီးခြိုးခြံ ညှိနှိုင်းမှုဖြင့် ပတ်ဝန်းကျင်အပေါ် အနိုင်ယူလိုကြောင်း ထင်ရှား၏။

ဒုတိယကားချပ်နှင့် ပတ်သက်၍ အီဒင်ဂရေးက ပက်ထရစ်ရှားအား " ဒီနေရာကွက်မှာတွေ့ရတဲ့ ဓား ၅ သာမန်ကားချပ်အရဆိုရင် လောလောဆယ် ညီမရဲ့ ကြံစည်လုံးပန်းချက်များဟာ ပတ်ဝန်းကျင်တွင် မကျေမနပ်ဖြစ်စေမှုသာ ရေ့ရှုနေတဲ့ လုပ်ဆောင်ချက်သဘောမျိုး ပြဆိုနေတယ်" ဟု ပြောကြားခဲ့၏။

တတိယကားချပ်ဖြစ်သော ဓားအဆင်အယင်ဝင်၊ နံပါတ် ၄ – ကားချပ်သည် ပြောင်းပြန်အနေ ကျရောက်နေသဖြင့် "အရာမဟုတ်သည့်နေရာတွင် ငွေများကို အလဟဿ သုံးစွဲနေကြောင်း ဤသို့မဖြစ်သင့်ကြောင်း" အကြံပေးခဲ့၏။

တီထွင်နိုင်စွမ်းအား ဟောကွက်နေရာ၌ နံပါတ် – ၄ ကားချပ်အဖြစ် ကျိုင်းတံကိုင်မိဖုရား (တော်ဝင်) ကားချပ်ကို ပြောင်းပြန်အနေအထား တွေ့ရသည်။ ထိုအချက်မှာ 'ရွှေဝါရောင်ဆံပင်ပိုင်ရှင် ပြာလဲ့လဲ့ မျက်လုံးရှိသူ အမျိုးသမီးတစ်ဦးက ညီမအပေါ် ဗီလာပြု အကောက်ကြံနေကြောင်း' ပြဆိုချက်ဟု အီဒင်ဂရေးက ဖော်ညွှန်းပြောကြားလိုက်၏။



ပက်ထရစ်ရှားက ခေါင်းညိတ်လျက် 'ကျွန်မ ဒီကောင်မကိုသိတယ် သူဟာ ကျွန်မယောကျ်ားရုံးခန်းမှာ အလုပ် နေတယ်လေ' ဟု ပြန်ပြောင်းပြောပြ၏။

နံပါတ် ၅ ကားချပ်အနေဖြင့်တွေ့ရသော မျှော်စင် (အဓိက) ကားချပ်နှင့် ပတ်သက်၍ အီဒင်ဂရေးက 'နိမ့်နင်းဖြိုဖျက်မှု နေရာကွက်မှာ မျှော်စင်ကားချပ်ကို တွေ့ရတဲ့အတွက် ပွင့်ပွင့်လင်းလင်းပြောရရင် ညီမဘဝမှာ မိုးကြိုးပစ်ခံရသည်နှယ် ပြောင်းလဲဖြစ်ပေါ် ခံစားရမယ်။ ဟိုဆံပင်ဝါဝါအမျိုးသမီးဟာ ညီမခင်ပွန်းက ညီမကို စွန့်ခွာစေရန် ကြိုးစားနေတာတော့ အမှန်ပဲ' ဟု ရှင်းပြလိုက်၏။

နံပါတ် ၆ ဟောကွက်နေရာကို နေသူရိန်စိုးစံရာနေရာအဖြစ် တင်စားသတ်မှတ်သည်။ အာရောဂျ်အကွက်သာမကသေးဘဲ တုန်ခါလှုပ်ရှားမှု (Vibrations) များကို အဓိကဆွဲဆောင်ရေး နေရာကွက်အဖြစ် ခံယူသေးသည်။ ဤဟောကွက်နေရာ၌ ငပုပ်ဖမ်းလကိုတွေ့ရသဖြင့် အီဒင်ဂရေးက ပက်ထရစ်ရှားကို 'ထူးခြားတဲ့ စိတ်မနော အာရုံခံစားမှု ဖြစ်ပွားခြင်း ရံဖန်ရံခါ ဖြစ်၊ မဖြစ် သိလိုကြောင်း' မေးမြန်းသည်။ ပက်ထရစ်ရှား၏ 'ဖြစ်တတ်ကြောင်း ' အဖြေပေါ်မူတည်၍ အီဒင်ဂရေးက အထက်ဟောကွက်၌တွေ့ရသော ချွတ်ယွင်းချက်များကို မနောအတွင်းမှအလင်းရောင်ဖြင့် ဖယ်ရှားရန် အကြံပေးလိုက်၏။

စိတ်ခံစားမှု တစ်နည်းအားဖြင့် စိတ်နှီးကြွမှုဆိုင်ရာ နံပါတ် – ၇ ဟောကွက်နေရာ၌ ဖလားကိုင်ဘုရင်ကို တွေ့ရသည့်အတွက် 'ပက်ထရစ်ရှား၏ ခင်ပွန်းအကြောင်း ပြည္ဆန်းနေရောသလား' ဟု အီဒင်ဂရေးက မေးမြန်းစောကြောသည်။

'ဖြစ်နိုင်ပါတယ်။ ကျွန်မခင်ပွန်းဟာ နယူးယောက်မှာအခြေစိုက်ထားတဲ့ ကြော်ငြာလုပ်ငန်းဌာနကြီးရဲ့ အနုပညာဆိုင်ရာ ညွှန်ကြားရေးမှူးတစ်ယောက်ပါ ' ဟု ပက်ထရစ်ရှားကပြန်ကြား၏။

ဤတွင် အီဒင်ဂရေးက 'ဆရာမအနေနဲ့တော့ သူဟာ ကရုဏာတရားနဲ့ပြည့်စုံတဲ့ ပညာရှင်တစ်ဦးရယ်လို့ ထင်မိတာပဲ' ဟု ကောက်ချက်ချပြောပြလိုက်၏။

နံပါတ် ၈ နေရာကွက်။ ။ ဒင်္ဂါး ၃ ကားချပ်သည် ပြောင်းပြန်အနေအထား ဖြစ်ပေါ်နေသဖြင့် အီဒင်ဂရေး၏ ကောက်ချက်ချဟောကွက်မှာ 'ပက်ထရစ်ရှား၏ခင်ပွန်းသည် ၄င်းလုပ်ငန်းတာဝန်၌ အဆင်မပြေဖြစ်နေကြောင်း၊ စောစောက အမျိုးသမီးကလည်း တစ်မှောင့်ဖြစ်နေကြောင်း' ဟူ၏။


နံပါတ် ၉ နေရာကွက်။ ။ စိတ်မနောနှင့် အသွင်သဏ္ဍာန်များ ပုံစံပြု ပေါင်းစပ်မှုနေရာကွက်ဖြစ်၍ အထူးဂရုပြု ဆန်းစစ်မှုပြုရသည်။ ဤနေရာကွက်မှနေ၍ ရုပ်ပိုင်းဆိုင်ရာ နောက်ဆုံးရလဒ်ကို လှမ်း၍ အကဲခတ်နိုင်သည်။ ဤတွင် ဖလားအဆင်အယင်ဝင် ကားချပ် ၂ – နံပါတ်ကို ပြောင်းပြန်အနေအထားမျိုးဖြင့် တွေ့လိုက်ရခြင်းကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်နေကြောင်း ပေါ်လွင်စွာပြည္ဆန်းနေသည်။ 'ပက်ထရစ်အနေဖြင့် ယခုလက်ရှိပုံစံအတိုင်းသာ ပြုမူ ပြောဆို ဆက်ဆံသွားသော် အကျိုးယုတ်ရန်သာရှိကြောင်း၊ မနောတွင်းမှ အလင်းရောင်ကို လင်းသထက်လင်းအောင် ပြုစွမ်းနိုင်သော် အခြေအနေအရပ်ရပ်သည် ကိုယ်ဘက်သို့ ယိမ်းယိုင်လာနိုင်ကြောင်း' အတိအလင်း အကြံပေးလိုက်၏။ (သင့်တင့်ရာ စရဏ Meditation ) လုပ်ဆောင်ရန် အကြံပေးလိုက်ခြင်းလည်းဖြစ်၏။ စာရေးသူ)

နောက်ဆုံး သီးခြားလွတ်လပ်စွာ တည်ရှိနေသော နံပါတ် ၁၀ ဟောကွက်နေရာ။ ။ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ကိုယ်စိတ်နှစ်ပါးသာမက အိုးအိမ်နှင့်ပါသက်ဆိုင်သော နေရာကွက်ဖြစ်၍ အဓိက အလေးထား ဆန်းစစ်ရမည့် ဟောကွက်ဖြစ်သည်။ ဤတွင် ငွေကြယ် (အဓိက) ကားချပ်သည် ကံအားလျော်စွာ ကျရောက်နေသောကြောင့် ပက်ထရစ်ရှားဘက်မှ အားတက်ဖွယ် အလင်းရောင်သမ်းလာပြီဖြစ်ကြောင်း၊ ၄င်း တရို (အဓိက) ကားချပ်ငွေကြယ်ကို ကသိုဏ်းရှုရန်လည်း ဆရာမအီဒင်ဂရေးက ပက်ထရစ်ရှားကို အသေအချာ မှာကြားလိုက်လေတော့၏။

## တရိဝေဒ ပရိသတ်အတွက် အကြံပေးတိုက်တွန်းချက်

**တရိဝေဒဖြင့် ဗေဒင်ကြည့်ရာတွင်** တရိကားချပ်များကို **မိမိကိုယ်တိုင် တွေ့ထိရသည်။** လူစားထိုး၍မရ။ အထူးသဖြင့် **တစ်ခုံတစ်ယောက်က** တရိကားချပ်ကိုဖြန့်ခင်း၍ **ခုနစ်ရက်သားသမီး ဗေဒင်ဟောချက်များကို** လုံးဝ (လုံးဝ) ယုံကြည်လက်ခံခြင်းမပြုရန် တိုက်တွန်းအပ်ပါသည်။ **လတ်တလော ပေါ်ပင်လိုက်၍ ကားချပ်တစ်ချပ်ပြ၍** တနင်္လာ သားသမီးအားလုံး ဘာဖြစ် ညာဖြစ်ဟောသော ၄င်းတို့အခေါ် **တားရော့ဟောကိန်းကို တားကြပေရော့ဟု** တိုက်တွန်းအကြံပြုအပ်ပါသည်။

ကမ္ဘာ့ ရသေ့ရှစ်သောင်း ဆရာအပေါင်း၏ ဂမ္ဘီရဖော်ဆောင်ချက်ဖြစ်သော တရိဗေဒ (The Tarot) သည် ကိုယ်တိုင်ကိုယ်ကြပ်တွေ့ထိရသော ပညာရပ်အဖြစ် အကန့်အသတ်ရှိသော်လည်း သက်ဆိုင်ရာပဂ္ဂိုလ်၏ အနန္တမဟာ ပုံရိပ်သင်္ကေတ ကံအကျိုးပေးကို အနည်းဆုံး ၆ လ အတိုင်းအတာအထိ ဆက်သွယ်ဖော်ဆောင်နိုင်ကြောင်း တရိဝေဒကျမ်းအစောင်စောင်က ဖော်ညွှန်းထားကြသည်။ ထို့ကြောင့် အပေးမှ ခုနစ်ရက်သားသမီးအတွက် တရိဝေဒဟောကိန်းကို ခုနစ်ရက်ဗေဒင် သို့မဟုတ် တစ်လဗေဒင် ဟောကိန်းထုတ်ခြင်းသည် တရိဝေဒ၏စွမ်းရည်ကို ချိုးနှိမ်ရာကျပြန်သည်။ တစ်နည်းအားဖြင့် တရိဝေဒကို နှစ်ထပ်ကွမ်း အလွဲသုံးစားပြုနေကြောင်း သတိချပ်ကြပါကုန်။






# အခန်း (၄)

## ဂျူလီယက်ဘာ့ဂ်ကိုယ်တွေ့

### ဘဝသစ်ပင်ဟောကိန်း

ဒိုင်ယာနာအမည်ရှိသော မိန်းမရွယ်တစ်ဦး ဂျူလီယက်ဘာ့ဂ်ထံ တရိဗေဒင်ကြည့်ရန် ရောက်ရှိလာသည်။ အသက်အားဖြင့် ၃၀ ပြည့်ဟန် မတူသေးပါ။ အိမ်ထောင်ပြု၍ နေအိမ်အပြောင်းအရွှေ့ သင့်မသင့်ကိစ္စ သို့မဟုတ် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အပြောင်းအလဲပြုမှုအလားအလာနှင့် ပတ်သက်၍ မေးမြန်း အကြံဉာဏ် တောင်းခံရန် ရောက်ရှိလာခြင်းဖြစ်ပါသည်။ သူမသည် ၄င်းပြဿနာများကြောင့် ခေါင်းခဲနေဟန်တူသည်။ အဆိုပါပြဿနာအားလုံးသည် အမျိုးသမီးတိုင်းအဖို့ အဓိကပြဿနာများဖြစ်ခြင်းကြောင့် စိုးရိမ်သောကဖြစ်မည်ဆိုလျှင်လည်း ဖြစ်ထိုက်သည်ဟု ခံယူထားလိုက်၏။

ဂျူးလီယက်ဘာ့ဂ်၏ ဘဝသစ်ပင် တရိကားချပ်များ ဖြန့်ကြက်နည်းပုံစံနှင့် ဟောကွက်တစ်ခုခြင်းအလိုက် ဟောကိန်းထုတ်ပုံကို အောက်ပါအတိုင်း ပြန်လည်၍ ဖော်ဆောင်ရေးသား တင်ပြပေးလိုက်ပါ၏။

ဟောကွက် ၁ မှ ကားချပ်။ ။ ဒင်္ဂါး ၁ နံပါတ်ကားချပ်။

**ပေါ်လွင်စိတ်ဓါတ်ဖော်ညွှန်းချက်**


ပေါ်လွင်စိတ်ဓါတ်နှင့် သက်ဆိုင်သောနေရာကွက်တွင် ဒင်္ဂါးအဆင်အယင်ဝင် ၁ နံပါတ်ကားချပ် ပေါ်ထွက်လာသည်။ ကားချပ်ပါ ပန်းချီပုံအရ နိုင်မာသော အခြေခံဘဝ လုပ်ငန်းစတင်မှုတွက် ပေါ်လွင်စိတ်ဓါတ် (ဝါ) ထွက်ပေါ်လာသောအကြံအစည်ကို ပြတ်ပြတ်သားသား ချမှတ် စေစားရန်လိုအပ်ကြောင်း ပြဆိုနေသည်။ စိတ်ပိုင်းနေရာကွက်၌ ရုပ်ဝတ္ထု ငွေကြေးဆိုင်ရာကားချပ်မျိုး တွေ့ရသဖြင့် ပေးလာသောအခွင့်အရေးသစ်နှင့် အခြေအနေသစ်ကို အမိအရဖမ်းထားရန် ဆုံးဖြတ်ထားကြောင်း ဒိုင်ယာနာက ဖွင့်ဟဝန်ခံ၏။

ဟောကွက် ၂ မှ ကားချပ်။ ။ ကျိုင်းတံ ၂ နံပါတ် ကားချပ်။

**တာဝန်ရှိမှုဖော်ညွှန်းချက်**

ကျိုင်းတံအဆင်အယင်ဝင် ၂ နံပါတ်ကားချပ်၏ ပန်းချီပုံတွင် ကုန်သည်တစ်ဦးသည် လက်တစ်ဘက်တွင် ကျိုင်းတံ အခြားလက်တစ်ဘက်တွင် ကမ္ဘာလုံးပုံတူကို ကိုင်ဆောင်ထားပြီး မိုးကုတ်စက်ဝိုင်းသို့ လှမ်းမျှော်ကြည့်နေဟန် တွေ့ရမည်။ ဤအချက်က တိုးချဲ့မှုနှင့် ရင်းသန်ဖွားများမှုကို မှန်းမျှော်ကြောင်းကို ဖော်ညွှန်းသည်ဟု ရှင်းလင်းပြောပြလိုက်၏။

ဒိုင်ယာနာကလည်း သူမ၏လက်ရှိ အထိုက်အလျောက် တည်ငြိမ်သောအလုပ်အကိုင်နှင့် ဘဝအခြေအနေမှ လက်ထပ်မင်္ဂလာပြုခြင်းနှင့်အတူ နေရာဌာနအသစ်သို့ ပြောင်းလဲသွားရောက်ရမည့်ကိစ္စအတွက် တာဝန် ပိုမိုဖိစီးလာမည့်အရေးကို တွေးတော ပူပန်မိကြောင်းဝန်ခံ၏။






ဟောကွက် ၃ မှကားချပ်။ ။ ဖလား ၁၀ နံပါတ် ကားချပ်။

**အခက်အခဲဖော်ညွှန်းချက်**

ဖလားအဆင်အယင်ဝင် နံပါတ် ၁၀ ကားချပ်သည် အိမ်တွင်းရေး သာယာဖြောင့်ဖြူးမှုကို ပြညွှန်းသည်။ သို့ပင်ဖြစ်ငြားသော်လည်း ၎င်းကားချပ်သည် အခက်အခဲဖော်ညွှန်းကွက်၌ ကျရောက်လာခြင်းကြောင့် ဒိုင်ယာနာ တစ်ယောက် အတားအဆီးအခက်အခဲများကို ရင်ဆိုင်ဖယ်ရှားရန် အဆင်သင့်ပြင်ဆင်ထားသင့်ကြောင်း အကြံပေးလိုက်၏။

ဒိုင်ယာနာကလည်း အိမ်ထောင်ပြုရေးနှင့် ဘဝအခြေအနေအပြောင်းအလဲအတွက် စိုးရိမ်မှု ရှိသင့်သလောက်ရှိသော်လည်း ခပ်ပေါ့ပေါ့ပင် သဘောထားမိကြောင်း ပြန်လည်ပြောပြ၏။

ဟောကွက် ၄ မှ ကားချပ်။ ။ တရားမျှတမှု (အဓိက) ကားချပ်။

**ကူညီပံ့ပိုးမှုဖော်ညွှန်းချက်**

ကူညီပံ့ပိုးမှုဆိုင်ရာ နေရာကွက်၌ တရားမျှတမှုကားချပ်ကို တွေ့ရသည်။ တရားမျှတမှုကားချပ်သည် ဆင်ခြင်တုံတရားနှင့် ကြည်လင်သောအမြင်ကို ဖော်ညွှန်းကြောင်း။ ထို့ကြောင့် ဒိုင်ယာနာ၏ ရှေ့အနာဂတ်ဘဝသည် ချိန်ခွင်ညှာမျှသည့်နှယ် မတိမ်းမစောင်းရအောင် ဆင်ခြင်တုံတရားလက်ကိုင်ထားသည့်အကြောင်း အကြံပေးလိုက်၏။

ဟောကွက် ၅ မှ ကားချပ်။ ။ စီရင်ချက် (အဓိက) ကားချပ်။

**ဆန့်ကျင်ဖီလာပြု ပြဿနာ ဖော်ညွှန်းချက်**

ဆန့်ကျင်ဖီလာပြု ပြဿနာဖော်ညွှန်းချက် နေရာကွက်၌တွေ့ရသော စီရင်ချက်ကားချပ်သည် မိမိနေသောကံအစုစုသည် အကျိုးပေးချိန်တန်ပြီဟု ဖော်ညွှန်းကြောင်း ရှင်းပြလိုက်သည်။ မည်သည့်ကိစ္စ၌မဆို အောင်ပွဲရယူရာ၌ ဖီလာဆန့်ကျင်မှုများကို ရင်ဆိုင်ကျော်လွှားရစမြဲဖြစ်ကြောင်း အားပေးလိုက်သည်။ အထက်ပါဟောကွက် ၄ မှ တရားမျှတခြင်း ကားချပ်၏ ပံ့ပိုးမှုကြောင့် ဖြစ်သင့်ဖြင့်ထိုက်သော ကောင်းကျိုးရလဒ်များ ခံစားရရှိမည်ဟုလည်း ဆက်လက်၍ ဟောကိန်းထုတ်လိုက်၏။

ဟောကွက် ၆ မှ ကားချပ်။ ။ ဒင်္ဂါး ၅ နံပါတ် ကားချပ်။

**ပေါက်မြောက်မှုဖော်ညွှန်းချက်**

ဒင်္ဂါးအဆင်အယင်ဝင် နံပါတ် ၅ ကားချပ်၏ ပန်းချီပုံ၌ လူနှစ်ဦးသည် ဘုရားရှိခိုးကျောင်း ပြတင်းပေါက်မှ ထွက်ပေါ်နေသော အလင်းရောင်ကို လစ်လျူရှုလျက်နှင်းတောထဲ ဖွတ်တိုးလျှောက်လှမ်း ဝင်ရောက်နေပုံ တွေ့ရမည်။ အဓိပ္ပာယ်မှာ အကူအညီပေးနိုင်သည့်နေရာကို မျက်ကွယ်ပြုသည့်သဘောမျိုး သက်ရောက်သည်။ စောစောပိုင်းတရိုကားချပ်များ၏ အားသာချက်များကို ဤကားချပ်က အားနည်းယုတ်လျော့စေသည်။ ဤသို့ရှင်းပြချက်ကို ဒိုင်ယာနာက သဘောပေါက်သွားသည်။ ဘုရားရှိခိုးကျောင်းမှ မီးအလင်းရောင်မှာ ဘုရားဝတ်ပြု ဆုတောင်းခြင်း အစရှိသော စရဏနှင့် သီလကို မမေ့မလျော့ရန် သတိပေးနေခြင်းဟုခံယူလိုက်၏။

ဟောကွက် ၇ မှကားချပ်။ ။ ဓားအဆင်အယင်ဝင် စစ်ကဲကားချပ်။

## ပေါင်းသင်းဆက်သွယ်ရေးဖော်ညွှန်းချက်

တရိုကားချပ်များ တစ်ခုပြီးတစ်ခု ဖြန့်ကြက်ဖြစ်တည်လာသည်နှင့်အမျှ ဂျူလီယက်ဘာ့ဂ်သည် ဒိုင်ယာနာ၏ ပုန်းလျှိုးနေသော ကြောက်ရွံ့စိတ်၏ အရင်းခံအကြောင်းတရားကို အကဲခတ်မိလာသည်။ ငွေရေးကြေးရေးနှင့်ပတ်သက်၍ အလေးထားရမည့် ဒင်္ဂါး ၅ ကားချပ်တွေ့ရသလို ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်၍ ဒိုင်ယာနာ လက်ရှိစေ့စပ် ထားသူသည် ယခု ဓားအဆင်အယင်၏ စစ်ကဲကားချပ်နှင့်ဆက်စပ်မှုရှိမရှိ **စူးစမ်းမေးမြန်းလိုက်သည်**။ ခေါင်းခါငြင်း ပယ်သော ဒိုင်ယာနာအား ယခင်အသိအကျွမ်းဟောင်းထဲမှ အမျိုးသားတစ်ဦးဦးနှင့် ဆက်စပ်မှုရှိမရှိ မေးမြန်းပြန်ရာ ၎င်းကားချပ်၏ ပြည့်ညွှန်းချက်နှင့်တူသော ပုဂ္ဂိုလ်တစ်ဦးနှင့် အဆက်အသွယ်ရှိခဲ့ဖူးကြောင်း ဖွင့်ဟဝန်ခံသည်။ ၎င်းမှာ သူမကို အလွန်အရေးပေးသော ရုံးအကြီးအကဲ တစ်ဦးဖြစ်ကြောင်း၊ အဆက်အသွယ်ပြတ်နေရာမှ လွန်ခဲ့သောလေးငါးရက် တွင် မမျှော်လင့်ဘဲ ဖုန်းဖြင့်ဆက်သွယ်လာကြောင်း၊ ယခင်ကကဲ့သို့ ညနေတိုင်းရုပ်ရှင်ကြည့် ညစာအတူစားရန် ဖိတ်ခေါ်ကြောင်း **သူမအပေါ်** ၎င်းပုဂ္ဂိုလ်သည် အတော်အတန် ဩဇာညောင်းသော ၎င်းစွက်ဖက်မှုကြောင့် သူမ၏ ရှေ့ဘဝခရီးစဉ်တွင် **အနှောင့်အယှက်ဖြစ်လာမည်ကို** စိုးရိမ်နေကြောင်း ဖော်ထုတ်သိရှိလာရ၏။

ဟောကွက် ၈ မှ **ကားချပ်။** ။ **ကျိုင်းတံ** ၁၀ **နံ**ပါတ်ကားချပ်။

## အလုပ်အကိုင်ဖော်ညွှန်းချက်

ဖြန့်ကြက်လိုက်သော တရိုကားချပ်**များသည် တစ်ခုနှင့်တစ်ခု** ဆက်စပ်မှုအမှန်ရှိနေခြင်းနှင့်အတူ ဒိုင်ယာနာ၏ အလုပ်အကိုင်ကို ဖော်ညွှန်းသောကားချပ်အပေါ် **အခြားကားချပ်များ၏** ဩဇာသက်ရောက်မှုကို နှိုင်းယှဉ်**ဆန်းစစ်**ရန် လိုအပ်လာသည်။ ကျိုင်းတံအဆင်အယင်၏ **နံပါတ်** ၁၀ ကားချပ်၏ပန်းချီတွင် ကျိုင်းတံ ၁၀ ချောင်းကို မနိုင်မနင်း ချီပိုးနေသော ပုဂ္ဂိုလ်တစ်ဦး၏ ပုံကိုတွေ့ရမည်။ ထိုနည်းတူစွာ ဒိုင်ယာနာသည်လည်း အလုပ်အကိုင်နှင့် ရှေ့ခရီးလမ်းကို ကိုင်တွယ်လျှောက်လှမ်းရာ၌ အတော်အတန် ရုန်းကန်ရမည်ကို ဖော်ညွှန်းနေ၏။

**ဂျူလီယက်ဘာ့ဂ်၏** နှိုင်းယှဉ်အကြံပေးချက်ကို ဒိုင်ယာနာက သဘောပေါက်သွားသည်။ ပြဿနာပေါင်းစုံ**ကို တစ်ပြိုင်တည်း** စုရုံးဖြေရှင်းခြင်းမပြု၊ အစိတ်အစိတ်ပိုင်းခြား၍လည်းကောင်း အမိက သာမညခွဲခြား၍လည်း **ကောင်း။ တစ်ပိုင်တစ်နိုင်** လုပ်ကိုင်ဖြေရှင်းသွားသင့်ကြောင်း အသိပေးပြန်ကြားချက်ကို လိုက်နာရန် အနေအထား ကားမိုး**နေလေ၏**။

ဟောကွက် ၉ မှ **ကားချပ်။** ။ ဖလား ၈ နံပါတ်ကားချပ်။

## ဖုံးကွယ်စိတ်မနောမှ အုတ်မြစ်အခြေခံ ဖော်ညွှန်းချက်


ဒိုင်ယာနာ၏ ဖုံးကွယ်**စိတ်မနော**အတွင်း ဖြစ်တည်သော မနောတွန်းအားကို သူမ ကြည်လင်စွာ မခံယူနိုင် **သေးသည်မှာမဆန်း**ပါ။ ထွက်ပေါ်**လာသော** ဖလားအဆင်အယင်၏ နံပါတ် ၈ ကားချပ်၏ ပန်းချီ၌ ပုဂ္ဂိုလ်တစ်ဦး သည် **ဘဝဟောင်းကို**ကျောခိုင်း၍ **ဘဝသစ်သို့** ဦးတည်သွားနေဟန် တွေ့ရသည်။ ဤဖော်ညွှန်းချက်အရ ဒိုင်ယာနာ သည် **အရှို့ လူလွတ်**ဘဝကိုစွန့်၍ **အိမ်ထောင်**ပြုရန် အတွင်းစိတ်က တွန်းအားပေးနေကြောင်း ထင်ရှားသည်။ **ဂျူလီယက်ဘော့ဂ်က ရှိပြီး**တွန်းအားအရှိ**န်ဖြင့် ဒိုင်**ယာနာသည် စိုးရိမ်ကြောင့်ကြစိတ်အားလုံးကို တွန်းလှန်ဖယ်ရှား သွားနိုင်မည်ဖြစ်ကြောင်း ဟောကိန်းထုတ်လိုက်**၏**။



ဟောကွက် ၁၀ မှ ကားချပ်။ ။ ဖလား ၁ နံပါတ်ကားချပ်

## အိုးအိမ်မိသားစုဘဝဖော်ဆောင်ချက်

ဒင်္ဂါး ၁ နံပါတ်ကားချပ်မှ စတင်သော ဖြန့်ကြက်မှုသည် ထူးထူးခြားခြားပင် ၁ နံပါတ်ကားချပ်ဖြင့် အဆုံးသတ်ထားသည်။ တစ်ဟူသည် အရာအားလုံး၏ အစပိုင်းဖြစ်ခြင်းကြောင့် ဒိုင်ယာနာသည် အတည်တကျ အိမ်ထောင်သည် **ဘဝကိုထူ**ထောင်နိုင်မည်ဟု ပြည့်ညွှန်းနေလေပြီ။ **အရေး**ပါလှသော ဟောကွက်နေရာတွင်ကျရောက်သော နောက်ဆုံးဖော်ညွှ**န်းချက်**ကားချပ် (သူမ၏ကောင်းကျိုးကို ဖော်ဆောင်နေခြင်းကြောင့်) အတိုင်း မဖြစ်မနေ အကောင် အထည်ဖော်ရ**န်သာ ဒိုင်ယာ**နာတစ်ယောက် တာစူရမည်ဖြစ်ပေ၏။



# အခန်း (၅)

## ဘာဝ ၁၂ ပါးဖြန့်ကြက်နည်းဟောကိန်း

တရိဝေဒနှင့်ပတ်သက်၍ ကျွန်ုပ်တို့ အမှန်ကန်ဆုံးဖွင့်ဆိုနိုင်ချက်မှာ တရိကားချပ်များကို လူသားတို့၏ ဘဝ လက်တွေ့ဖြစ်စဉ်များ၏ နိမိတ်ပုံပြ မှတ်တမ်းမှတ်ရာပြယုဂ်များအဖြစ် လက်ခံနိုင်ခြင်းပင် ဖြစ်၏။ ဂမ္ဘီရစွမ်းအင် နက်ရှိုင်းစွာ စိမ့်ဝင်နေခြင်းနှင့်အတူ တရိကားချပ်များသည် ထိုးထွင်းသိမြင်နိုင်သော ဉာဏ်စွမ်းရည်ကို ဖော်ဆောင်ပေးလိုက်ခြင်းဖြင့် ပညာဉာဏ် **အမြော်အမြင်နှင့်ယှဉ်သော** အကြံဉာဏ်သာမက တိကျမှန်ကန်သော ဗေဒင်ဟောကိန်းများကို ထုတ်ဖော်ပေးနိုင်စွမ်း**ရှိ၏**။

တရိဝေဒနှင့်**ပတ်သက်၍ အထက်ပါအတိုင်း** သဘောထား ခံယူကျင့်သုံးသော ပညာရှင်အီဒင်ဂရေး၏ လက်တွေ့ဟောကြားချက် **ဥဒါဟရဏ် တစ်ခုအနေဖြင့်** တရိကားချပ်များကို ဓာတာခွင်ဘာဝစက် ဖြန့်ကြက်နည်းပုံစံကို 'လိုအပ်သမျှ ဖော်ညွှန်း**ပေးလိုက်ပါ၏**။

ဤတွင် **အီဒင်ဂရေး၏ သရုပ်ပြမှု**ရင်းလာ ဘာဝ ၁၂ ပါး ပရိယာယ်ကို ဦးစွာဘာသာပြန် ဖော်ပြပေးလိုက်ပါ၏။

တစ်တန့်ဘာဝ။ ။ မိဿရာသီ၊ ပုဂ္ဂလိကအရည်အသွေး၊ အလားအ**လာရှိသော ဖွံ့စည်း**ဖြစ်ထွန်းမှုများ။

နှစ်တန့်ဘာဝ။ ။ ပြိဿရာသီ၊ ငွေရေးကြေးရေးကိစ္စများ၊ ရုပ်သတ္တုပစ္စ**ည်း ပိုင်ဆိုင်ရရှိ**မှုများ။

သုံးတန့်ဘာဝ။ ။ မေထုန်ရာသီ၊ စိတ် စေတသိက်လှုပ်ရှားမှုများ၊ ‌ေ**ဆွမျိုးသားချင်းများ**။ စာပေရေးသားခြင်း အစရှိသော လူထုဆက်သွယ်ရေးကိစ္စများ။

လေးတန့်ဘာဝ။ ။ ကရကဋ်ရာသီ၊ အိုးအိမ်နှင့် မိသားစုကိစ္စများ၊ ဘဝနိဂုံးပိုင်းအလားအလာများ။

ငါးတန့်ဘာဝ။ ။ သိဟ်ရာသီ၊ သားသမီး၊ ချစ်မှုရေးရာ၊ သုခချမ်းသာ၊ အလောင်းအစားဆန်စွာ လုပ်ဆောင်ခြင်း။

ခြောက်တန့်ဘာဝ။ ။ ကန်ရာသီ၊ ကျန်းမာရေးကိစ္စ၊ လုပ်ခစားအလုပ်အကိုင်များ၊ စားသောက်ဖွယ်ရာကိစ္စများ။

**ခုနစ်တန့်**ဘာဝ။ ။ တူရာသီ၊ ထိမ်းမြားလက်ထပ်ခြင်း၊ အပေါင်းအဖော် ရန်သူများ။

**ရှစ်တန့်ဘာဝ**။ ။ ဗြိစ္ဆာရာသီ၊ အမွေအနှစ်၊ **အခွန်အကောက်**၊ ဇမ္ဗိရကိစ္စများ။

**ကိုးတန့်ဘာဝ**။ ။ ဓနုရာသီ၊ ဒဿန၊ ဘာသာရေး၊ **အိပ်မက်**နှင့် တပ်မက်မှုစံများ။

ဆယ်တန့်**ဘာဝ**။ ။ မကာရရာသီ၊ **သက်မွေးဝမ်းကြောင်းမှု**၊ ပြည်သူ့ဝန်ထမ်းဘဝ၊ အစိုးရ၊ ဂုဏ်သိက္ခာ၊ မိခင်။

ဆယ်တစ်တန့်။ ။ ကုံရာသီ၊ မျှော်လင့်**ချက်**နှင့်ဆုတောင်းများ၊ အသင်းအစုနှင့် အဖွဲ့အစည်းများ၊

ဆယ်နှစ်တန့်။ ။ မိန်ရာသီ၊ အထီးကျန်နေခြင်း၊ ပုဂ္ဂလိကပယောဂ၊ ကာလ ကြာမြင့်စွာကပင် ဖြစ်ပေါ်ခဲ့ပြီးသော ထုံးဓလေ့ **အစရှိသော** လူမှုအဆောက်အဦးများ။

အီဒင်ဂရေးက ဤဘာဝ ၁၂ ပါးဟောနည်းကားသည် **ရိုးစင်းလွယ်ကူ**သဖြင့် တရိဝေဒကို စတင်လိုက်စားလေ့ကျင့်သူများအနေဖြင့် ကနဦးကျင့်သုံးသင့်သော နည်းနာနိဿယဟု အကြံပေးထားသည်။

ဘာဝပရိယာယ် တစ်ခုချင်းအလိုက် ဗေဒင်ဟောကိန်းမထုတ်မီ တရိဗေဒင်မေးမြန်းသူအား တရိကားချပ်ထုပ်ကို ကိုယ်တိုင်ကိုယ်ကျ ကုလားဖန်ထိုးခြင်း။ ချိုးခြင်းပြုစေရမည်။ ဤသို့ပြုစေပြီးနောက် တရိပညာရှင်သည် တရိကားချပ်ထုပ် အပေါ်ဆုံးကားချပ်မှစ၍ ဘာဝ ၁၂ ပါးပုံစံ အစီအစဉ်အတိုင်း ကားချပ်များကိုဖြန့်ခင်းရန် ဖြစ်ကြောင်း ညွှန်ကြားထားလေ၏။



## ပဏ္ဏာမဥဒါဟရဏ်နှစ်ခု

(က) ဖလားအဆင်အယင်ဝင် နံပါတ် ၂ ကားချပ်သည် ၅ တန့်ဘာဝ သိဟ်ရာသီအပေါ် ဖြန့်ခင်းမိသည် ဆိုပါစို့။ ၎င်းအိမ်နှင့် ရာသီပရိယာယ်တွင် အဓိကအားဖြင့် နှလုံးသားနှင့် ချစ်မှုရေးရာကို ပြညွှန်းသည်။ ဖလားအဆင်အယင်ဝင် နံပါတ် ၂ ကားချပ်၏ ဖော်ညွှန်းချက်မှာ မိတ်ဆွေသစ် သို့မဟုတ် သမီးရည်းစား အရေးကိစ္စဖြစ်နေသည်။ သိဟ်ရာသီ ၅ တန့်ဘာဝအပေါ် ကျရောက်နေခြင်းကြောင့် သမီးရည်းစားအရေးကို ဦးစားပေးဟောဆိုရမည်။ အကယ်၍ ၎င်းကားချပ်သည် ဘုံရာသီ (ဝါ) ဆယ့်တစ်တန့်ဘာဝအပေါ်၌ ကျရောက်သော် မိတ်သစ်ဆွေသစ်များနှင့် **တွေ့ကြုံမည့်**အကြောင်း၊ အထူးသဖြင့် **အသင်းအဖွဲ့များ**တွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ရင်း တွေ့ကြုံရင်း**နှီး**မည်ဟု **ဟောဆိုနိုင်၏**။

(ခ) ဓားအဆင်အယင်ဝင် နံပါတ် ၉ ကားချပ်သည် ပြောင်းပြန်အနေအထားဖြင့် ၁၂ တန့်ဘာဝ၌ ကျရောက်နေသည်ဆိုပါစို့. ဓားအဆင်အယင်ဝင်နံပါတ် ၉ ကားချပ်သည် ထောင်တန်းကျခြင်း၊ ဂုဏ်သိက္ခာထိခိုက်ခြင်းဟု ပြဆိုလေရာ ပြောင်းပြန်အနေအထားပင်ဖြစ်သော်လည်း ၁၂ တန့်၌ကျရောက်ခြင်းကြောင့် ထောင်ကျပြီးစ သို့မဟုတ် ထောင်ကျကိန်းရှိကြောင်း ပြညွှန်း၏။ ။

## အီဒင်ဂရေး၏ လက်တွေ့ဟောကိန်းထုတ်ပုံ

အာသာအမည်ရှိသော ပါမောက္ခတစ်ဦးသည် အီဒင်ဂရေးထံမှောက်သို့ ရောက်ရှိလာသည်။ တရိဝေဒဆိုင်ရာ စာအုပ်အသစ် တစ်အုပ် ထပ်မံရေးသားနေကြောင်း သိရှိသွားရာ ၎င်း**အား** တရိဝေဒဖြင့် ဗေဒင်ဟောကြားခြင်း ပြုနိုင်မပြုနိုင် မေးမြန်းပါသည်။ သူ၏လက်ရှိပြဿနာမှာ **အမေရိကန်တောင်ပိုင်း** ပြည်နယ်တစ်ခုရှိ ကောလိပ်တစ်ခုမှ အနောက်ပိုင်းကမ်းခြေရှိ ကောလိပ်တစ်ခုသို့ ပြောင်းရွှေ့ **တာဝန်ထမ်းဆောင်**ရမည့်**ကိစ္စအတွက်** ရတက်မအေးဖြစ်မိနေခြင်း ဖြစ်လေ၏။

အီဒင်ဂရေးသည် ပ**ထမဦး**ဆုံး ၎င်းပုဂ္ဂိုလ် ကိုယ်**စားပြု**ကားချပ်အဖြစ် ဖလားကိုင်ဘုရင်ကားချပ်ကိုရွေးချယ်ပြီး စားပွဲအလယ်၌ ဖြန့်ခင်း**ထားလိုက်**ပြီးသည့်နောက် တရိကားချပ်ထုပ်ကို ပါမောက္ခအား ကုလားဖန်ထိုးခြင်း၊ ချိုးခြင်း ပြုလုပ်စေသည်။ ဟောကိ**န်း**ထုတ်ရန် အသင့်ဖြစ်သော ကားချပ်ထုပ် အပေါ်ဆုံးကားချပ်မှ အစပြု၍ အစဉ်လိုက် ကားချပ် ၁၂ ချပ်ကို အစီအစဉ်အတိုင်း (၁) မိဿ၊ (၂) ပြိဿ စသည်ဖြင့်**ဖြန့်**ခင်းခြင်းပြုလေ၏။

ကားချပ်ဖြန့်ကြက်ပုံ**အနေအထား**

(၁) မိဿ။ ။ **ဓားကိုင်ဘုရင်ကားချပ်**။

(၂) ပြိဿ။ ။ ဓားအဆင်အယင်ဝင် **နံ**ပါတ် ၈ ကားချပ်။

(၃) မေထုန်။ ။ ဓောက်ထိုး ကျွမ်းပြန်ပုဂ္ဂိုလ်ကားချပ်။

(၄) ကရကဋ်။ ။ စွမ်းအား (ပြောင်းပြန်) ကားချပ်။

(၅) သိဟ်။ ။ ဓားကိုင်စစ်ကဲကားချပ်။

(၆) ကန်။ ။ ဓားအဆင်အယင်ဝင်နံပါတ် ၇ ကားချပ် (ပြောင်းပြန်)။

(၇) တူ။ ။ ဖလားကိုင် နန်းတွင်းသားကားချပ်။

(၈) ဗြိစ္ဆာ။ ။ ကျိုင်းတံအဆင်အယင်ဝင် နံပါတ် ၅ ကားချပ်။


(၉) ဓနု။ ။ ဖလားအဆင်အယင်**ဝင်** **နံ**ပါတ် ၃ ကားချပ် (ပြောင်းပြန်)။

(၁၀) မကာရ။ ။ ဖလားကိုင်စစ်ကဲ**ကားချပ်**။

(၁၁) ကုံ။ ။ ဒင်္ဂါးအဆင်**အယင်ဝင်** **နံ**ပါတ် ၅ **ကားချပ်** (ပြောင်းပြန်)။

(၁၂) မိန်။ ။ ဒင်္ဂါးအဆင်အယင်ဝင် **နံ**ပါတ် ၇ **ကားချပ်** (ပြောင်းပြန်)။







၁ တန့်တွင်ကျရောက်သော ဓားကိုင်ဘုရင်ကားချပ်၏ ဖော်ညွှန်းချက်မှာ ပါမောက္ခအာသာသည် မူလစိတ်သဘောထားကို အေးဖယ်ပြီး ရေ့ခရီးကို လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းမည့်စိတ်ဓာတ် မွေးမြူမည်။ ၂ တန့်၌တွေ့ရသော ဓားအဆင်အယင်ဝင် နံပါတ် ၈ ကားချပ်၏ နိမိတ်ပုံမှာ မစ္စတာအာသာတစ်ယောက် ငွေရေးကြေးရေးနှင့် လခဝင်ငွေ ပိုကောင်းမည်။ သို့သော် အကွင်းစိတ်သွန္တာန်၌ စိုးရိမ်သောကများ ဖြစ်နေမည်ကို ပြညွှန်း၏။

၃ တန့်၌တွေ့ရသော ဓောက်ထိုးကျွမ်းပြန်ပုဂ္ဂိုလ်၏ ဖော်ညွှန်းချက်အရ အနစ်နာခံခြင်းဖြစ်ရာ ပညာရေးနှင့်တိုက်ရိုက်မဆိုင်သော အခြားလုပ်ငန်းတာဝန်များကြောင့် မိမိအဓိကလုပ်ကိုင်လိုသော ပညာရေးသုတေသနလုပ်ငန်းများ လစ်ဟင်းတော့မည်ကို ဟောကိန်းထုတ်လိုက်သည်။ ၄ တန့်၌တွေ့ရသော စွမ်းအားကားချပ်၏ ပြောင်းပြန်ရပ်တည်မှုအနေအထားကြောင့်လူပျိုကြီးဖြစ်သော ပါမောက္ခအာသာမြော အိမ်ထောင်နှင့် အချစ်ရေးရာကိစ္စထက် ငွေရေးကြေးရေးကို ဦးစားပေး စဉ်းစားနေဦးမည်ဖြစ်ကြောင်း ကောက်ချက်ချခဲ့၏။

၅ တန့်၌ ဓားကိုင်စစ်ကဲကားချပ် တွေ့ရသည်။ ၎င်းကားချပ်၏ပန်းချီပုံမှာ သန်စွမ်းကြံ့ခိုင်ပြီး လုပ်ပိုင်ခွင့်အာဏာပြလိုသော အသားမည်းလူရွယ်တစ်ဦး၏ ပုံဟန်ဖြစ်သည်။ ဤသို့ဖြင့် မစ္စတာအာသာသည် ဘဝနှင့်နီးစပ်လာပြီး လက်ငတွေ့အကျိုးရှိမည့် ကြီးပွားရေး ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ရပ်ကို ဆောင်ရွက်တော့မည်ကို ပြညွှန်းကြောင်း ဟောကြားလိုက်သည်။ တကယ့်ဖြစ်စဉ်မှာ ၎င်းရှယ်ယာဝင်ထားသော စီးပွားရေးလုပ်ငန်းမှ အသီးအပွင့်များကို လောလောဆယ်ပင် ခံစားနေပြီဖြစ်ကြောင်း ဝန်ခံချက်ကိုရရှိလိုက်၏။

၆ တန့်၌ ဓားအဆင်အယင်ဝင် နံပါတ် ၇ ကားချပ် (ပြောင်းပြန်) အနေအထား တွေ့ရသည်။ ဤနေရာအထိ ဓားအဆင်အယင်ဝင်ကားချပ် ၄ ချပ်တိတိ တွေ့ရပြီးဖြစ်သည်။ ဓားအဆင်အယင်ဝင် ကားချပ်များသည် ဆန့်ကျင် ရန်းကန်တိုက်ခိုက်မှုကို ပြညွှန်းသည်။ သို့သော် ယခုကားချပ်မှာ ပြောင်းပြန်အနေအထားဖြစ်နေခြင်းကြောင့် သူ၏လုပ်ဖော်ကိုင်ဖက်များကို အဆင်ပြေမည့်အကြောင်း ဟောကြားခဲ့သည်။

၇ တန့်နှင့်ပတ်သက်၍ ဟောကြားခဲ့ပုံကို အီဒင်ဂရေး၏ တရိုစာအုပ် (The Tarot) ၌ ဖော်ညွှန်းရေးသားထားခြင်း မတွေ့ရချေ။

၈ တန့်တွင် ကျိုင်းတံအဆင်အယင်ဝင် နံပါတ် ၅ ကားချပ် ကျရောက်သည်။ ဘာဝပရိယာယ်အရ သေဆုံးမှုနှင့် အမွေအနှစ်သဘောပြညွှန်းသည်နှင့်အညီ ဆွေမျိုးနီးစပ်သူတစ်ဦးဦး၏ သေတမ်းစာအရ အမွေအနှစ်အချို့ ရရှိနိုင်ကြောင်း၊ သို့သော် ဥပဒေအရ အရှုပ်အရှင်း တွေ့နိုင်ကြောင်းဟောကြားခဲ့၏။

၉ တန့်တွင်တွေ့ရသော ဖလားအဆင်အယင်ဝင် နံပါတ် ၃ ကားချပ်မှာ ပြောင်းပြန်အနေအထားကြောင့် ဖိမ်ယစ်မှု ပြင်းထန်လာမည်ကို ပြဆိုသည်။

ထို့ကြောင့် မစ္စတာအာသာသည် ပင်ကိုယ် မြိုးမြစ်စွာနေတတ်သောအကျင့်ကို ပြောင်းပြန်ပြုတော့မည်ဟု ဟောကိန်းထုတ်လိုက်၏။

အသက်မွေးဝမ်းကြောင်းကို ပြဆိုသော ၁၀ တန့်၌ ဖလားကိုင်စစ်ကဲကားချပ်တွေ့ရသည်။ ဤသို့ဖြင့် ပါမောက္ခအာသာသည် လုပ်ဖော်ကိုင်ဖက်များ၏ ပံ့ပိုးကူညီမှုကြောင့် အောင်မြင်မှုများရရှိမည်ဟု ဟောကိန်းထုတ်လိုက်၏။

၁၁ တန့်ဘာဝ၌ ဒင်္ဂါးအဆင်အယင်ဝင် နံပါတ် ၅ကားချပ်သည် ပြောင်းပြန်အနေအထားဖြင့် ကျရောက်သည်။ ၎င်းကားချပ်သည် မူမှန်ဆိုသော် အနိဋ္ဌာရုံကိုပြညွှန်းသော ကားချပ်ဖြစ်သော်လည်း ယခု ပြောင်းပြန်အနေအထားကြောင့် ဣဋ္ဌာရုံကိုပြညွှန်းသောကြောင့် မစ္စတာအာသာအဖို့ နေရာဌာနအသစ်တွင် အခြေအနေကောင်းကြောင်း ဟောကိန်းထုတ်လိုက်၏။

နောက်ဆုံး ၁၂ တန့်ကားချပ်၌ ဒင်္ဂါးအဆင်အယင်ဝင် နံပါတ် ၇ ကားချပ်ကို ပြောင်းပြန်အနေအထားဖြန့်ကြက်မှုကိုမူတည်၍ မစ္စတာအာသာသည် ဝင်ငွေတိုးသော်လည်း မိမိလက်ဝယ်ရှိ ငွေကြေးများကို မဆင်မခြင်သုံးဖြုံးပစ်မည်ဖြစ်ကြောင်း ဟောကိန်းထုတ်မည်။ ဤသို့မပြုရန် စေတနာကောင်းဖြင့် အီဒင်ဂရေးက သတိပေးအကြံပြုခဲ့၏။

ချုပ်လိုက်သော် တရိုဗေဒင်မေးသူ ပါမောက္ခအာသာသည် အလုပ်အကိုင် ဌာနသစ်၌ မိတ်ကောင်းဆွေသစ်များနှင့် တွေ့ဆုံရပြီး လာမည့်တစ်နှစ်အတွင်း ငယဘုယျအားဖြင့် အောင်မြင်တိုးတက်မှုရမည်ဟူ၍ ဟောကိန်းထုတ်လိုက်လေတော့၏။

# အခန်း (၆)

## ကိုယ်တွေ့အရပွားများဖော်ဆောင်သင့်သော တရိုဝေဒ

တရိုဝေဒကို ခံယူကျင့်သုံးရာ၌ ကျမ်းညွှန်းအယူအဆနှင့် စာညွှန်းများ ဖတ်ရှုသိရှိရုံဖြင့် မလုံလောက်ပါ။ တရိုဝေဒ၏ **လျှို့ဝှက်သော** အာနိသင်စွမ်းအင်များကို ကိုယ်တွေ့လက်တွေ့ ဖော်ဆောင်ကြည့်မှသာ သဘောပေါက်ပါမည်။ **စင်စစ်အားဖြင့်** တရိုဝေဒ၏ ဖော်ညွှန်းဟောကွက်များကား ကမ္ဘာ့စစ်တုရင်ကဲ့သို့ ရွှေ့ကွက်ကုန်နိုင်ဖွယ် မရှိကြောင်း သိသာပါလိမ့်မည်။

တရိုကားချပ်အသီးသီး၏ ပန်းချီပုံ၌ နက်နဲသောအဓိပ္ပာယ်နှင့် ပရိယာယ်အသွယ်သွယ် ပြည့်လျှမ်းနေသည်။ ဖြန့်ကြက်မှုအနေအထားနှင့် ဖော်ညွှန်းကွက်အလိုက် အဓိပ္ပာယ်နှင့် ပြည့်ညွှန်းချက်ကို တိုးပွားကွဲပြားစွာ ဖော်ဆောင်မှုပြုနိုင်ကြောင်း တွေ့ရမည်ဖြစ်၏။

ကိုယ်တွေ့ဥပမာအဖြစ် ဒင်္ဂါးအဆင်အယင်ဝင် နံပါတ် (၅) ကားချပ်ကို ပြဆိုရေးသားပေးပါမည်။

ဒင်္ဂါးအဆင်အယင်သည် ငွေရေးကြေးရေးနှင့် အထူးစပ်ဆိုင်ကြောင်း ယေဘုယျ နားလည်ထားပါသည်။ ၎င်းကားချပ်ပန်းချီတွင် ဆင်းရဲမွဲတေသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသည် ပြတင်းပေါက်တစ်ခုမှ အလင်းရောင်ကို မျက်ကွယ်ပြု၍ နှင်းတောအမှောင်ထုအတွင်းသို့ တိုးဝင်နေပုံတွေ့ရမည်။ စာရေးသူ တရိုဝေဒကို စတင်လေ့ကျင့်ဆည်းပူးခဲ့စဉ် တောင်ကြီးမြို့မှ လူကုံထံအမျိုးသမီးကြီးတစ်ဦးအား ထရိုကားချပ် ဖြန့်ကြက်ဖေဒင် ဟောကြည့်ရာတွင် ခင်ပွန်းဖြစ်သူဟောကွက်၌ ၎င်းကားချပ်ကို တွေ့လိုက်ရသည်။ စာရေးသူက ထို တရိုဖေဒင်ကြည့်သူ အမျိုးသမီးအား ခင်ပွန်းဖြစ်သူ အိမ်၌နေမနေမေးလိုက်ရာ မျက်ရည်ဝဲလာပါသည်။

အိမ်ကို လတ်တလောစွန့်ခွာသွားကြောင်း ပြန်ကြားပြောပြသည်။ နောင်သောအခါ သိလာရသည့်အချက်မှာ အသက်အရွယ်ကြီးပြီဖြစ်သော ခင်ပွန်းသည်က မိမိသမီးအရွယ် မိန်းကလေးကိုယူပြီး တောနယ်တစ်နေရာ၌ ဆင်းဆင်းရဲရဲ လယ်ယာလုပ်ကိုင် စားသောက်နေကြောင်းပင်ဖြစ်သည်။ ဤတွင် ဒင်္ဂါးအဆင်အယင်ဝင် ဖြစ်သော်လည်း ဖလားအဆင်အယင်ကဲ့သို့ အိမ်ထောင်ရေးနှင့် လူမှုဆက်ဆံရေးကိစ္စ အထူးသဖြင့် အငယ်အနှောင်းကိစ္စကို ဖော်ညွှန်းတတ်ကြောင်း သိလာရသည်။ ဆိုလိုရင်းသဘောမှာ တရိုဝေဒတွင် တရားသေသဘောမရှိဘဲ ဉာဏ်ကွန့်မြူးနိုင်သလောက် ဟောကွက်နယ်ပယ် ကျယ်ပြန့်ကြောင်း ခံယူသိရှိလေတော့၏။



ယခု ဆက်လက်ပြီး တရိုဝေဒ၏ အဓိကတာဝန်နယ်ပယ်**ဖြစ်သော** သုဘာသုဘဟောကိန်း ထုတ်ပုံကို **ဘဝသစ်ပင်ဖြန့်ကြက်နည်း** ဖြင့်ပင် ရေးသားပြဆိုသွားပါမည်။

**တရိုဝေဒလာ** ဘဝသစ်ပင်ဖြန့်ကြက်နည်းနှင့် စပ်လျဉ်း၍ ပညာရှင်တစ်ဦးနှင့်တစ်ဦး ဟောကွက်အယူအဆနှင့် **ဖော်ဆောင်ချက်၌** ကွဲပြားမှုရှိနေကြောင်း စာရှုသူများ သတိပြုပြီးဖြစ်ပေမည်။ ယခု ထပ်မံ၍ သရုပ်ပြပုံဖြင့် ပြည့်ညွှန်း**ထားသော ဘဝသစ်ပင်ဟောကိန်းမှာ** ရီးဒါးစ်ဒိုင်ဂျက် အယ်ဒီတာအဖွဲ့မှ ဖော်ညွှန်းချက်ဖြစ်ပါသည်။ ဖြန့်ကြက်မှုပုံစံသည် **ဂျူလီယက်ဘာ့ဂ်၏** ပြည့်ညွှန်းချက်ပုံစံနှင့် တူညီသော်လည်း ဟောကွက်ဆိုင်ရာ ဖော်ညွှန်းချက်၌မူ ကွဲပြားနေကြောင်း **တွေ့ရမည်။** အယ်ဒီတာအဖွဲ့၏ မှတ်ချက်၌လည်း တရိုဝေဒပညာရှင်၏ လက်တွေ့အားထုတ်မှုနှင့် အတွေ့အကြုံအရ မူကွဲများဖြင့် တိုးချဲ့ဖော်ညွှန်းချက်ရှိကြောင်း အတိအလင်းရေးသားထားသည်။ ဆိုလိုရင်းမှာ တရိုဝေဒပညာရှင်များသည် "လေ့နံ့ဓါးထစ်" တရားသေသဘောမဆုပ်ကိုင်ဘဲ မိမိ၏ ကိုယ်တွေ့လက်တွေ့ ဆည်းပူးတွေ့ရှိချက်အရ တိုးချဲ့တီထွင်နိုင်ကြောင်း သဘောပေါက်မိ၏။


### စာရေးသူကိုယ်တွေ့တရိုဟောကွက်●

၂၇-၃-၁၉၉၁ တပ်မတော်နေ့မှာ ဘဝသစ်ပင်တရိုဖြန့်ကြက်နည်းကို အသုံးပြု၍ဟောနည်းကား ဂျူးလီယက်ဘာ့ဂ်နှင့် ရီးဒါးစ်ဒိုင်ဂျက် အယ်ဒီတာအဖွဲ့တို့၏ ဖော်ဆောင်ချက်ဖြစ်သော ဟောကွက်ပရိယာယ်တို့ကို ပေါင်းစပ်ယူလိုက်သည်။ ဟောကိန်းထုတ် အဖြေရရှိချက်များကို အောက်တွင် ရေးသားဖော်ပြပေးလိုက်ပါ၏။

ပထမဦးစွာ ဖေဒင်မေးသူကိုယ်စားပြု ကားချပ်ကို ဆွဲကြည့်ရာ ကျိုင်းတုံကိုင်စစ်ကဲ **ကားချပ်ဖြစ်နေသည်။** (ပူးတွဲပါ တရိုကားချပ် သရုပ်ပြ ညာဘက်အပေါ်ထောင့်၌ ထိုကားချပ်ပုံကိုဖော်ပြပေးထားပါသည်။) **၎င်းကားချပ်၏** ပန်းချီပုံတွင် ခေါမဒဏ္ဍာရီလာ မီးပင်လယ်ကိုဖြတ်သန်းနိုင်သော ဆလာမင်ဒါ **(SALAMANDER) သတ္တဝါရုပ်ပုံ**များဖြင့် ပြည့်လျှမ်းနေသော ချပ်ဝတ်တန်ဆာဝတ်ထားသော စစ်ကဲလူရွယ်တစ်ဦးကို **တွေ့နိုင်သည်။ ကြင်နာတတ်**သလောက် ခက်တန်ကြမ်းကြုတ်သော လူရွယ်တစ်ဦးသည် ရေ့ခရီး နေရာဒေသအပြောင်း**အလဲအတွက် ချီတက်နေ**ဟန် တွေ့ရမည်။ ကားချပ်၏ အဓိကဖော်ညွှန်းချက်ဖြစ်သော နှစ်ရှည်လများ မတင်မကျ**ဖြစ်နေသော ပြဿနာ** ရှင်းပြတ်သွားမည်ဟူသော ဟောညွှန်းချက်ကို မှတ်သားထားလိုက်၏။

**ဟောကွက် ၁ မှ ကားချပ်။**
**လူကြမ်းဓာတ်ဆောင် ပေါ်လွင်စိတ်ဓါတ်နှင့် အသိဉာဏ်ဖော်ညွှန်းချက်**

အဓိကကားချပ်မှ လူကြမ်းဓာတ်ဆောင်ကားချပ် ထွက်ပေါ်လာသည်။ ဂုဏ်နှင့်သိက္ခာကို ချိုးနှိမ်လာလျှင် မည်သို့သောတန်ဖိုးကို ပေးရသည်ဖြစ်စေ ထိုယုတ်မာသောလက်ကို ယောကျာ်းဆန်ဆန် (ပုန်းလျှိုးကွယ်လျှိုးမဟုတ်) ပရိယာယ်မသုံးဘဲ ရိုက်ချိုးမည့်စိတ်ဓါတ် ပေါ်လွင်လွှမ်းခြုံနေကြောင်း ပြည့်ညွှန်းသည်။ ပတ်ဝန်းကျင်အမြင် မည်သို့ပင်ရှိစေ "ဘာမထီ" စိတ်ဓာတ်ဖြင့် "တုံးတိုက်တိုက် ကျားကိုက်ကိုက်" ပြုမူဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ပြဆိုသည်။ အသိဉာဏ်ဟူသော ပြည့်ညွှန်းချက်နှင့်အညီပင် သူယုတ်ကို ကိုယ်ထိလက်ရောက် ပြုမူကိုင်တွယ်ရန် စိတ်ရှိင်းကိုမူ ချိုးနှိမ်ထားလိုက်ရ၏။






## ဟောကွက် ၂ မှ ကားချပ်။ သခင်္ချိုင်းတရား (အဓိက) ကားချပ်။
## တာဝန်ရှိမှုနှင့် တီထွင်နိုင်စွမ်းရှိမှု ဖော်ညွှန်းချက်။

သင်္ချိုင်းတရား တရိုကားချပ်၌ အနောက်တိုင်းပန်းချီဆရာအမြင်ဖြင့် မရဏမင်းပုံကိုတွေ့နိုင်သည်။ လက်ရှိတာဝန်နှင့် တီထွင်နိုင်စွမ်းအား ပျက်ပြားခြင်းနှင့် အနိစ္စတရားကို ဖော်ညွှန်းသည်။ တကယ့်ဘဝတွင်လည်း လက်ရှိရာထူးနှင့် အလုပ်အကိုင်ကို တန်ဖိုးမထားတော့ကြောင်း တွေ့ရှိရ၏။

## ဟောကွက် ၃ မှကားချပ်။ စီရင်ချက် (အဓိက) ကားချပ်။
## အခက်အခဲနှင့်သုတဖော်ညွှန်းချက်

တရိုသော့တွဲ စီရင်ချက်ကားချပ်၏ ဖော်ညွှန်းချက်သည် ၃၈-ဖြာ မင်္ဂလာတရားတော်လာ ပုဗ္ဗေစ ကတပုညတာနှင့် အခြေခံသဘောတွင် ကိုက်ညီသည်။ မည်သည့်ပယောဂကြောင့်ပင်ဖြစ်စေ လက်ရှိပြဿနာ ဖြစ်ပေါ်လာခြင်းသည် ရေးကပြုဖူးသော ကံစေတနာ၏ ထင်ရှားလာသေအကျိုးပေးဟု နားလည်လိုက်သည်။ "သွေးအလိမ်းလိမ်းဖြစ်နေပါစေ ခေါင်းမော်ဆဲ" ဟူသော သိုးဆောင်းစကားပုံအတိုင်း ကျင့်ကြံအားထုတ်မည်။ ကိုယ့်အဓိဋ္ဌာန်နှင့် လုပ်ဆောင်ချက်သည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ "အဟောသိကံ" မဖြစ်ဟု နားလည်ထားလိုက်သည်။ ယခုဘဝအတွက်သာမကဘဲ သံသရာအတွက်ပါ မျှော်မြင်မှုပြုသည်။ ကိုယ့်ဘက်မှယုတ်မာပြီး အောက်တန်းကျသောကံကို မပြုမိဖို့သာ သတိထားနေလိုက်၏။

## ဟောကွက် ၄ကားချပ်။ ဖလားအဆင်အယင်ဝင် နံပါတ် ၄ ကားချပ်။
## ကျေညီပုံပိုးမှုနှင့် မြတ်သောဂုဏ်

ဖလား ၄-နံပါတ် (သာမန်) ကားချပ်၏ပန်းချီ၌ လူရွယ်တစ်ဦးသည် မိမိရှေ့မှောက်၌ ရောက်ရှိနေသော ဖလားသုံးခုကိုကြည့်၍ စက်ဆုပ်ရွံရှာ စိတ်ပျက်နေပြီး ကောင်းကင်မှ လက်တစ်ချောင်းဖြင့် ကမ်းလှမ်းလာသော ရွှေဖလားကို သတိမထားမိဟန်တွေ့ရမည်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ စောင့်ရှောက်ကယ်မမှုကြောင့် မြင့်မြတ်သောဂုဏ်ကို ရှိတော့အံ့ဟူသော ဟောကိန်းကို အသေအချာပင် ခံယူလိုက်၏။

## ဟောကွက် ၅ မှ-ကားချပ်။ ဓားအဆင်အယင်ဝင် နံပါတ် ၅ ကားချပ်။
## ဆန့်ကျင်ဖီလာပြုပြဿနာနှင့်အားမာန်

ဆန့်ကျင်ဖီလာပြုပြယုဂ်ကို ဖော်ညွှန်းလေ့ရှိသော ဓားအဆင်အယင်ဝင် နံပါတ် (၅) ကားချပ်၏ ပန်းချီပုံသည် ဒွိဟအဓိပ္ပာယ်ဖော်ညွှန်းသည်။ ထွက်ပြေးသွားသော ရန်သူ၏ဓားများကို သိမ်းယူထားနိုင်ပြီး စစ်ပွဲကြောင့် ပင်ပန်းနွမ်းနယ်နေသော ပုဂ္ဂိုလ်ကို တွေ့ရသည်။ ပြဿနာရှင် ကိုယ်ပဲလား၊ ရန်သူပဲလား၊ ဆုံးဖြတ်ရ ခက်သည်။ ငှင်းကားချပ်နှင့် အနီးကပ်ပေါ်ထွက်လာသောကားချပ်ဖြင့် နှိုင်းယှဉ်ကြည့်ရန် လိုအပ်နေသည်။ ဂျူလိယက်ရှားမန်း ဘာ့ဂ်ထုတ်ဝေသော တရိုကားချပ်ထုပ်တွင်မူ ဓား ၅-နံပါတ်ပန်းချီ၌ ပင်ပန်းနွမ်းနယ်မှုမှ အနားယူပြီးသူ ပုဂ္ဂိုလ်အား သမ္မာဒေဝနတ်တစ်ပါးက ဓားတစ်လက်ကမ်းလှမ်းနေပုံ တွေ့နိုင်သည်။ ဤဖော်ညွှန်းချက်အရ ဘဝတိုက်ပွဲအပြီးသတ် အခြေအနေသစ်တွင် ကိုယ့်ဓားနှင့်ကိုယ် ကြိုက်သလိုကနိုင်ကြောင်း နားလည်သဘောပေါက်မိ၏။

## ဟောကွက် ၆ မှ ကားချပ်။ ကြမ္မာရဟတ် (အဓိက) ကားချပ်။ ပေါက်မြောက်မှုနှင့် စိတ်သဏ္ဌာန်ကိန်းအောင်းမှု ဖော်ညွှန်းချက်

ကြမ္မာရဟတ်ဟူသည် တစ်ချိန်မဟုတ် တစ်ချိန်တွင် တစ်ပတ်လည်စမြဲ။ ပေါက်မြောက်မှုနှင့် စိတ်ကိန်းအောင်းမှုဟောကွက်၌ ကြမ္မာရဟတ်ပေါ်ထွက်ခြင်းနှင့်အတူ စောစောပိုင်းမှ စီရင်ချက်ကားချပ် ပူးတွဲထွက်ပေါ်ပြီးဖြစ်၍ ကံကြမ္မာအပြောင်းအလဲဖြစ်ရမည်ဟု တစ်ထစ်ချမှတ်ယူထားနိုင်သည်။ အနာဂတ်ခရီး ဖြောင့်ဖြူးခြင်းနှင့် ကံကောင်းခြင်းကိုပြညွှန်းသော ကြမ္မာရဟတ်အရ သမားရိုးကျမဟုတ်သော အဖြစ်အပျက်များကို မျှော်လင့်ထားနိုင်ကြောင်း၊ မည်သည့် ယုတ်မာပက်စက်သော လုပ်ကြံချက်မျိုးကိုမဆို ကျော်လွှားနိုင်ကြောင်း၊ မိမိဘက်မှ ယောကျ်ားကောင်းပီသရန်သာလိုအပ်ကြောင်း သဘောပေါက် ခံယူထားနိုင်၏။

## ဟောကွက် ၇ မှ ကားချပ်။ ဖလားအဆင်အယင်ဝင် နံပါတ် ၃-ကားချပ်။ ပေါင်းသင်းဆက်ဆံရေးနှင့် မြတ်နိုးတွယ်တာမှုဖော်ညွှန်းချက်

ဖလား ၃- နံပါတ်ကားချပ်ပန်းချီ၌ ဖြစ်ပြီးသောကိစ္စအတွက် အောင်ပွဲခံဂုဏ်ယူနေပုံ တွေ့မြင်ခံစားနိုင်သည်။ ပေါင်းသင်းဆက်ဆံရေးနှင့် မြတ်နိုးတွယ်တာမှုဟောကွက်၌ တွေ့ရခြင်းကြောင့် ကိုယ့်အသိုင်းအဝန်းတွင် ဝင့်ကြွားဂုဏ်ယူစရာဖြစ်စဉ်ကို မျှော်လင့်ထားနိုင်၏။

## ဟောကွက် ၈ မှ-ကားချပ်။ ဖလားအဆင်အယင်ဝင် နံပါတ် ၇-ကားချပ်။ အလုပ်အကိုင်နှင့် အနုပညာဖော်ညွှန်းချက်

ဖလားနံပါတ်-၇ ကားချပ်ပန်းချီ၌ မျက်လှည့်ဆရာယောင်ယောင် ပုဂ္ဂိုလ်တစ်ဦးနှင့် ၎င်း၏ရှေ့ရှိ ဖလား ၇-ခုတွင် ပစ္စည်းအမျိုးမျိုးထည့်ထားပြီး တစ်ခုကိုမူ ပိတ်စဖြင့်ဖုံးအုပ်ထားသည်။ ဝှက်ဖဲဟုဆိုနိုင်သည်။ အလုပ်အကိုင်နှင့် အနုပညာကိစ္စနှင့် ပတ်သက်၍ သူ့ဘက်ကိုယ့်ဘက်မဟူ ဝှက်ဖဲများရှိနေကြောင်း ပြညွှန်း၏။

## ဟောကွက် ၉ မှ-ကားချပ်။ ဒင်္ဂါးအဆင်အယင်ဝင် နံပါတ် ၃-ကားချပ်။ ဖုံးကွယ်စိတ်အခြေအနေနှင့် ကျန်းမာရေးဖော်ညွှန်းချက်

ဒင်္ဂါး ၃-ကားချပ်ပန်းချီ၌ အဆောက်အဦးတစ်ခုအတွင်း မတ်တပ်ရပ်နေသူကို သက်ဆိုင်သူများက အသိအမှတ်ပြုပြီး ငွေကြေးများဖြင့် ပေးကမ်းပံ့ပိုးနေပုံ တွေ့ရသည်။ ဤဖော်ညွှန်းချက်အရ ကိုယ့်အတတ်ပညာကြောင့် ကိုယ့်ကိုအသိအမှတ်ပြုပြီး ပံ့ပိုးချီးမြှင့်ခံရမည်။ ကိုယ့်ကျန်းမာရေးသည်လည်း ဂရုစိုက်သလောက် ကောင်းမွန်မည်ဟု ဟောကိန်းထုတ်နိုင်၏။

## ဟောကွက် ၁၀-ကားချပ်။ ကျိုင်းတံအဆင်အယင်ဝင် နံပါတ်-၆ ကားချပ် အိုးအိမ်မိသားစုဘဝဖော်ပြချက်

ကျိုင်းတံ ၆-ကားချပ်ပန်းချီ၌ လူရွယ်တစ်ဦးသည် အောင်ပွဲခံ ပန်းကုံးစွပ်ထားသော ကျိုင်းတံကိုကိုင်၍ မြင်းစီးလျက် ရှေ့ခရီးဆက်နေဟန် တွေ့နိုင်သည်။ ကိုယ်သာမက ကိုယ့်ဇနီးသားမယားလည်း ဤပုံစံအတိုင်းဟုလည်း



မှတ်ယူနိုင်သည်။ ဤသို့ဖြင့် အိုးအိမ်မိသားစုအတွက် ပြည်တော်ပြန်လုပမည်ဟု တရိုဝေဒဟောကွက်ကို ခံယူထားလိုက်၏။

### မှတ်ချက်

တရိုဝေဒကျမ်းများ၌ ဟောကိန်းသည် ၆-လအတွင်း အကျိုးပေးတတ်သည်ဟု ဆိုသော်လည်း ယခုဟောကိန်းသည် ၂၄-၁၀-၁၉၉၁ တွင် သမားရိုးကျပုံစံမဟုတ်သော အပြောင်းအလဲမျိုးဖြင့် အကောင်အထည်ဖော်ခဲ့သည်။ လောကကို ခါးစောင်းတင်နိုင်ဟန် "ကမ္ဘာလောက" တရိုအဓိကကားချပ် ထွက်ပေါ်မလာသေးဘဲ ပုန်းလျှိုးနေသဖြင့် ကံအကောင်းချည်းဟု မှတ်ယူရန် မဖြစ်နိုင်သေးချေ။


## တရိုဝေဒဆိုင်ရာအထူးပြုမှတ်ချက်

တရိုဝေဒဟောကိန်းများသည် သင်္ကေတရုပ်ပုံလွှာများဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အနန္တမနော (Universal Mind) ကို သိရခက်ခဲ လျှို့ဝှက်သောစွမ်းအင်ဖြင့် ဖော်ဆောင်ခြင်းသာဖြစ်သည်။

လူသားအားလုံးနှင့် တိုက်ရိုက်ဆက်သွယ်သော ဂြိုဟ်နက္ခတ်တို့ကို အမှီပြု၍ဟောသော ပညာရပ်မဟုတ်သောကြောင့် တနင်္ဂနွေသားအားလုံး၊ တနင်္လာသားအားလုံး စသဖြင့် လူပုဂ္ဂိုလ်စုအားလုံးအတွက် ခြုံငုံ၍ ဗေဒင်ဟောကိန်းထုတ်ခြင်းမျိုး မဟုတ်ပါ။ ဤသို့လည်း တရိုဝေဒကို အသုံးချရန်မသင့်ပါ။ တရိုဝေဒဖြင့် ဘယ်တိုင်းပြည်၊ ဘယ်ကာလ၊ အဘယ်မှန်းတိုင်းကျမည် အစရှိသော နိုင်ငံရေးဗေဒင် ဟောကိန်းထုတ်၍မရကြောင်း သတိချပ်ကြရန် ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း။

SECRETS OF THE TAROT

*The future revealed at the turn of a card*






KEY TO THE TAROT *In the Tree of Life pattern, the ten piles refer to: 1. Intelligence, 2. Creativity, 3. Knowledge, 4. Virtue, 5. Physical and mental strength, 6. Imagination, 7. Love, 8. The arts, 9. Health, 10. Home life.*

*These are, however, general categories and other interpretations are applied by tarot users.*


## အခန်း (၇)

## မြင်းခွာပုံဖြန့်ကြက်နည်းဟောကိန်း

တရိုဝေဒဆိုင်ရာဗေဒင် ဟောကြားရာတွင် ရှုပ်ထွေးနက်နဲလွန်းခြင်းနှင့် တရိုကားချပ်တစ်ချပ်သာသုံးသော လွယ်ကူလွန်းသောပုံစံဖြစ်ခြင်းတည်းဟူသော အစွန်းနှစ်ဘက်မှ လွတ်ကင်းသော ဟောနည်းကားတစ်မျိုးကို ပညာရှင် ဆရာမကြီး ဂျူလီယက်ရှားမန်ဘာ့ဂ်က ကိုယ်တွေ့နည်းအဖြစ် တရိုဝေဒရေးဦးသင် ပုဂ္ဂိုလ်များအတွက် ဖော်ဆောင်ခဲ့သည်။ ယင်းမှာ တရိုကားချပ် ၅ ချပ် အသုံးပြုနေသော မြင်းခွာပုံ ဖြန့်ကြက်နည်းပင်ဖြစ်၏။


သရုပ်ပြပုံဖြင့် ဖော်ညွှန်းထားသော အဆိုပါမြင်းခွာပုံ ဖြန့်ကြက်နည်းတွင် ပထမကားချပ်မှာ ဗေဒင်မေးသူ၏ လက်ရှိအခြေအနေ ဒုတိယကားချပ်သည် လတ်တလောမျှော်လင့်ထားချက်များကို ဖော်ညွှန်းသည်။ တတိယဟောကွက်သည် မျှော်လင့်မထားသောကိစ္စ ဖြစ်ပွားပေါ်ပေါက်မှုကို ပြညွှန်းသော ကားချပ်ဖြစ်၍ အရေးပါသည်။ စတုတ္ထကားချပ်သည် ဗေဒင်မေးသူ၏ အနီးကပ်ဆုံး အနာဂတ်အခြေအနေကိုပြဋ္ဌာန်းပြီး ပဥ္စမကားချပ်သည် ၎င်း၏ရေရှည်ကံကြမ္မာကို ဖော်ညွှန်းခြင်းပြု၏။ မစ္စစ်ရှားမန်ဘာ့ဂ်သည် ဆယ်လီအန်းအမည်ရှိ အသက် ၂၇ နှစ်အရွယ် လူလွတ်အမျိုးသမီးတစ်ဦးကို ၎င်းဖြန့်ကြက်နည်းဖြင့် တရိုဝေဒဟောကိန်း ထုတ်ကြည့်ခဲ့ဖူး၏။ ဆယ်လီအန်းသည် အခြားအမျိုးသမီးတစ်ဦးနှင့် စပ်တူအိမ်ခန်းငယ်တစ်ခန်း ငှားရမ်းနေထိုင်ခဲ့သည်။ သူမ လက်ရှိလုပ်ကိုင်နေသော အရောင်းအဝယ်လုပ်ငန်းမှာ ဟန်ကျပန်ကျမဟုတ်သော်လည်း သံယောဇဉ်တွယ်နေမိသည်။ မကြာသေးသောကာလတွင် သူမသည် အမျိုးသားတစ်ဦးနှင့် မိတ်ဆွေဖြစ်သွားပြီး လက်ရှိဘဝကို ပြောင်းလဲရမည့်အရေးကို စဉ်းစားလာရသည်။ ဤတွင် လမ်းဟောင်းနှင့် လမ်းသစ်တစ်ခုခုကို ရွေးချယ်လျှောက်လှမ်းရမည့်အရေးတွင် ဝေခွဲမရဖြစ်နေသဖြင့် မစ္စစ်ရှားမန်ဘာ့ဂ်ထံ တရိုဗေဒင် သွားရောက်မေးမြန်း၍ အကြံဉာဏ်တောင်းခံခဲ့ခြင်းဖြစ်၏။ ဆရာမကြီး ရှားမန်ဘာ့ဂ်သည် တရိုဝေဒ၏ အခြေခံကျင့်ထုံးအရ ဗေဒင်မေးလာသူ ဆယ်လီအန်းကိုယ်တိုင် တရိုကားချပ်ထုပ်အား ကိုယ်တိုင်ကိုယ်ကြပ် ကုလားဖန်ထိုးခြင်း ချိုးခြင်းပြုစေသည်။ ၎င်းကားချပ်ထုပ်မှ ကားချပ် ၅ ချပ်ကို အစီအစဉ်တကျ ဖြန့်ခင်းသမှု ပြုလိုက်၏။

**ပထမကားချပ်။** ။ ဖလားအဆင်အယင် ၄ နံပါတ်ကားချပ်ဖြစ်နေကြောင်း တွေ့ရသည်။ ဤကားချပ်၏ ပန်းချီသရုပ်ဖော်ချက်၌ လူငယ်တစ်ဦးသည် မိမိရှေ့မှောက်မှ ဖလားသုံးခုကို ကိုင်တွယ်ရကောင်းနိုးနိုးနှင့် ကောင်းကင်မှ လက်ဆင့်ကမ်းကျလာသော ရေအပြည့်နှင့်ဖလားကို လက်ခံရကောင်းနိုးနိုး ဝေခွဲမရဖြစ်နေပုံ တွေ့ရမည်။ ဆယ်လီအန်း၏ လက်ရှိဘဝနှင့် တိတိပပ တိုက်ဆိုင်နေ၏။




အဓိကမှီငြမ်းကိုးကားသော ကမ္ဘာသိစာအုပ်

The 5-Card Horseshoe






**ဒုတိယကားချပ်။** ။ ဓားအဆင်အယင် ၂ နံပါတ်ဖြစ်၏။ ဓား ၂ ကားချပ်၏ ပန်းချီ သရုပ်ဖော်ချက်၌ မျက်စိ အဝတ်စည်းခံထားရသော မိန်းမပျိုတစ်ဦးသည် ဓားနှစ်လက်ကို မိမိဦးခေါင်းထက်၌ မြှောက်ကိုင်ထားပြီး ချိန်ဆနေဟန်တွေ့ရသည်။ နောက်ကျောမှ ရေဖြစ်သည်။ သူမ၏စိတ်သဏ္ဍာန်ကို ရေပေါ်ကျောက်ဆောင်များသည် ဖက်တွယ်ရမည့် စိတ်ဆုံးဖြတ်ချက် (ဝါ) ပြဿနာချက်များကို ဖော်ညွှန်းပြီး သို့သော် နောက်ကျောတွင် ရေရောက်နေခြင်းကြောင့် သူမ၏ လတ်တလောမျှော်လင့်ချက်များကို ရဲရဲတင်းတင်း ရင်မဆိုင်ရဲသေးသည့် သဘောကို ပြညွှန်း၏။

**တတိယနေရာကွက်။** ။ ဒင်္ဂါးအဆင်အယင် ၄ နံပါတ်ကားချပ်ကိုတွေ့ရသည်။ မျှော်လင့်မထားသော ဖြစ်ရပ်များကို ဖော်ညွှန်းသော ထိုနေရာကွက်တွင် ပေါ်ပေါက်လာသော ဒင်္ဂါး၄ ကားချပ်၏ ပန်းချီသရုပ်ဖော်ချက်မှာ မိမိပိုင်ဆိုင်ထားသော ပစ္စည်းဥစ္စာများနှင့် အဆောင်အယောင်များကို ကျစ်ကျစ်ပါအောင် ဖက်တွယ်နေခြင်းနှင့် စွန့်လွှတ်ရန်တွန့်တိုနေခြင်း သဘောကို တွေ့ရ၏။ ဆရာမကြီးရှားမန်းဘာ့ဂ်၏ ကောက်ချက်မှာ 'အဟောင်းကို မစွန့်ရဲသော် အသစ်မရနိုင်၊ သို့သော် ကောင်း မကောင်း သင့် မသင့်ကို နောက်ထပ်ကားချပ်များကို **ဆန်းစစ်ကုန်**' ဟူ၏။

**စတုတ္ထကားချပ်။** ။ ဓား ၅ ကားချပ်ဖြစ်၏။ အနီးကပ်ဆုံး အနာဂါတ်အခြေအနေကို ပြညွှန်းသော နေရာကွက်၌တွေ့ရသော ဓားအဆင်အယင် နံပါတ် ၅-ကားချပ်၏ ပန်းချီသရုပ်ဖော်ချက်မှာ လူတစ်ဦးသည် မနိုင်မနင်း ဖရိုဖရဲဖြစ်နေသော အခြေအနေတွင် ကျရောက်နေပုံဖြစ်သည်။ ဆယ်လီအန်းကလည်း 'သူမအနေဖြင့် ရှိရင်းစွဲ အခြေအနေအတိုင်း ဆက်လျှောက်ပါမူ ကားချပ်ကပြဆိုသည့်အတိုင်း ရှုံ့ညွှတ်တွင်း နစ်သည်ထက်နစ်ရန်သာ ရှိကြောင်း' ဝန်ခံပြောကြား၏။

**ပဉ္စမကားချပ်။** ။ ဖလား ၁-ကားချပ် ရေရှည်ကာလအခြေအနေကို ပြညွှန်းသောနေရာကွက်၌ ဖလား အဆင်အယင် ၁ နံပါတ်ကားချပ် ပေါ်ပေါက်လာသည်။ ဖလားကားချပ်၏ ပန်းချီသရုပ်ဖော်ချက်အရ စီးပွါးရေးထက် လူမှုရေးကိစ္စကို ၁ မှစ၍ အစပျိုးတိုးတက်အောင် ကြိုးဆောင်ရေးကို ဖော်ညွှန်းသည်။ ဤသို့ဖြင့် ချစ်ခြင်းမေတ္တာနှင့် အိမ်ထောင်ရေးကိစ္စဘက်သို့ ဦးတည်စဉ်းစားသင့်ကြောင်း ရှားမန်းဘာ့ဂ်က အကြံပြုပြောကြားခဲ့၏။

ဤသို့ တရိုဗေဒင်ကြည့်ပြီး ၈-လအကြာတွင် ဆယ်လီအန်းက ရှားမန်းဘာ့ဂ်ထံ ထပ်မံသွားရောက် တွေ့ဆုံသည်။ သူမသည် ခင်ပွန်းလောင်းမိတ်ဆွေအမျိုးသား ဝယ်ထားသော အိမ်ခန်းသို့ **ပြောင်းရွှေ့နေထိုင်ကြောင်း**၊ ၎င်းခင်ပွန်းလောင်း ဆက်သွယ်ပေးသော ကုမ္ပဏီတစ်ခု၌ တာဝန်ထမ်းဆောင်ရာ **အဆင်ပြေကြောင်း**နှင့် တရားဝင် လက်ထပ်ရန် စီစဉ်ထားကြောင်း ကျေးဇူးတင်ကြောင်း ပြောပြခဲ့သည်ဆို၏။

တရိုဝေဒပညာရှင်များ၏ အာဘော်ကို စနစ်တကျဆန်းစစ်သော် (က) တရိုကားချပ် ရုပ ချပ်ပြည့်စုံသည် နှင့် ဂမ္ဘီရဆွမ်းရည် အလိုလိုဖြစ်တည်ခြင်းနှင့် (ခ) အစောင့်အရှောက် (**Guardian**) ဖြစ်ပေါ်လာခြင်းတည်းဟူသော သဘောမျိုးကို ခံယူထားတတ်ကြောင်း တွေ့ရှိရသည်။ တရိုကားချပ်များသည် သက်ဆိုင်**ရာပုဂ္ဂိုလ်၏** အတိတ် ပစ္စုပ္ပန်နှင့် အနာဂတ်အခြေအနေကို ဗီဒီယိုပြကွက်ပမာ ဆန်းပြားစွာဖော်**ညွှန်းနိုင်ကြောင်း တကယ်စမ်းကြည့်** တကယ် တွေ့မည် ဆိုရမည်ဖြစ်ပေသတည်း။

# အခန်း (၈)

## ကိုယ်တွေ့တရိုဗေဒင်ဟောကွက်နှင့်အကြံပြုချက်

ထရိုဗေဒင်ဟောကွက် ( THE TAROT CLAIRVOYANCY) အတွက် တရိုကားချပ်များကို ဖြန့်ကြက်အသုံးပြုရာတွင် 'ကားချပ်ပြောင်းပြန်ဖြစ်နေသော် ကားချပ်၏ မူလအဓိပ္ပာယ်ဖော်ညွှန်းချက်ကို ပြောင်းပြန်သဘောဟောကြားရမည်။' ဟူသော ခံယူချက်သည် ရွှေအာရုံဦးအဖွဲ့ (THE GOLDEN DAWN) ထင်ရှားလာခြင်းနှင့်အတူ ခံယူပြန့်ပွားလာခြင်းဟု အကျွန်ုပ် (ဆရာဗေဒ) တစ်ဦးတည်းအနေဖြင့် ဆန်းစစ်ဖော်ကျူးအပ်ပါသည်။ ပုရောဟိတ်ကိုင်ရိုအပါအဝင် ဂမ္ဘီရ သျှတ္တရပညာရှင် (OCCULTISTS) များသည် ရှေးနှစ်ပေါင်းထောင်ချီ၍ ဂမ္ဘီရသိပ္ပံ၏ အမွေအနှစ်ဖြစ်သော တရိုကားချပ်များ၏ မူရင်းဖော်ညွှန်းချက် အဓိပ္ပာယ်ခံယူရာ၌ တစ်သမတ်တည်း တိတိပပ ခံယူလိုက်နာကြသည်။ တရိုကားချပ် မည်သို့အနေအထားပင် တည်ရှိစေ၊ မူလရိုးရင်းစွဲ အတည့်သဘောကိုပင် လုံးဝဥဿုံ အခါခပ်သိမ်း ခံယူပွားများ ဖွင့်ဆိုကြကုန်သည်။ ၂၁-ရာစုအကြို ၂၀-ရာစု ခေတ်နှောင်းပိုင်း ခေတ်မီ ဝေဒပညာရှင်များအနက် စာရေးသူလက်လှမ်းမီသမျှ ဖော်ဆောင်ရလျှင် ဂျူလီယက်ရှားမန်းဘာ့ဂ်နှင့် ဒီဘီလောရင့်စ်တို့က တရိုကားချပ်များ၏ ပါရိုးရင်းစွဲ မူလဖော်ညွှန်းချက် အဓိပ္ပာယ်များကို ပြောင်းပြန်မယူဘဲ အတည့်သဘော ခံယူဟောကြားရန် ကားချပ်များကို အတည့်ပုံစံတကျ ခင်းကျင်းရန် ရေးသားဖော်ညွှန်းခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်၏။


အလျဉ်းသင့်သဖြင့် စာရေးသူကိုယ်တွေ့ တရိုဗေဒင်ဟောကွက်တွင် တရိုကားချပ်များကို မူရင်းအဓိပ္ပာယ်ဖော်ညွှန်းချက်အတိုင်း အတည့်ထား၍ ဆန်းစစ်ဟောကြားသော ဂျူလီယက်ရှားမန်းဘာ့ဂ် ကိုယ်ပိုင်မူ မြင်းခွာဖြန့်ကျက်နည်းကို တင်ဆက်ရေးသားဖော်ပြပေးလိုက်ပါသည်။

အမှန်အတိုင်းပြောရလျှင် စာရေးသူ တရိုဝေဒကို စတင်လေ့လာရသောစာအုပ်မှာ (EDENGRAY'S A COMPLETE GUIDE TO THE TAROT) ဖြစ်သည်။ ဤစာအုပ်နှင့်အတူ တရိုကားချပ်မှာ (THE RIDER TAROT DECK) ဖြစ်သည်။ အီဒင်ဂရေး၏ လက်တွေ့ဟောကြားကျင့်သုံးမှု၌ ကားချပ်ပြောင်းပြန်ဆိုသော် မူရင်းအဓိပ္ပာယ်၏ ပြောင်းပြန်ကို ဖော်ညွှန်းရမည်ဟု အတိအကျခံယူထားသည်။ ပို၍အခက်ကြုံရမည့်အချက်မှာ ကားချပ်များကို ဦးနှင့်ပဲ့ ခွဲ၍မရအောင် စီမံထားခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် အကျွန်ုပ်တို့နှင့် စိမ်းလှသော တရိုဝေဒကို လေ့လာလိုက်စားခြင်းကို စွန့်လွှတ်ရန်ပင် ကြံစည်ဖူး၏။ ကံအားလျော်စွာ အမေရိကန်ရောက် မယားညီအစ်ကိုတော်သူတစ်ဦးက ဂျူလီယက်ရှားမန်းဘာ့ဂ်၏ (THE COMPLETE BOOK OF TAROT နှင့် THE MYTHIC TAROT DECK) ကိုပေးပို့လာသည်။ အဆိုပါ တရိုပညာရှင်ဆရာမကြီး၏ စာအုပ်ထဲ၌ ကားချပ်များ၏ မူရင်းအဓိပ္ပာယ်ကိုရေးရသော့များ ဖော်ညွှန်းချက်အတိုင်း မပြောင်းမလဲ အတည့်သဘော လက်ခံကျင့်သုံးနိုင်ကြောင်း ပါရှိလာသည်။ ဦးနှင့်ပဲ့ခွဲ၍ရအောင် စီစဉ်ထားခြင်းဖြစ်၏။

ဤကားချပ်ထုပ်ဖြင့် အကျွန်ုပ် လက်တွေ့ လေ့လာစမ်းသပ်ခြင်းကို ကျေနပ်စွာ ပြုလုပ်နိုင်ခဲ့လေပြီ။

သရုပ်ပြပုံဖြင့် ဖော်ပြပေးထားသော ကားချပ် ၅-ချပ်ပါ မြင်းခွာပုံဖြန့်ကျက်နည်း ဖြန့်ခင်းကြည့်ရှုချိန် (၂၄-၁၀-၁၉၉၁) နံနက်ပိုင်းတွင် အကျွန်ုပ်သည် လက်ရှိဝန်ထမ်းဘဝ အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်အခြေအနေကို လွှမ်းစွာစိတ်ပျက်နေချိန်ဖြစ်သည်။ ဦးစွာပထမ ကျမ်းညွှန်မှုအတိုင်း အကျွန်ုပ်ကိုယ်စားပြု တော်ဝင်ကားချပ်ကို ဆွဲယူကြည့်ရာ ဓားအဆင်အယင်ဝင် စစ်ကဲကားချပ်ဖြစ်နေကြောင်း တွေ့ရသည်။ ကမူးရှူးထိုး ပြုတတ်ခြင်းအဖြစ်နှင့်အတူ ကံခေမှုသည် တဖြည်းဖြည်း လျော့ပါးတတ်ခြင်းအကျိုးကို ဖော်ညွှန်းနေလေ၏။ အကျွန်ုပ်၏ လက်ရှိအခြေအနေကို ဖော်ညွှန်းသော (၁)နံပါတ်နေရာကွက်၌ ကျိုင်းတံအဆင်အယင်ဝင် နံပါတ် (၅) ကားချပ်ကို တွေ့ရသည်။ တုတ်များဖြင့် ရန်းကန်တွန်းထိုး လှုပ်ရှားနေပုံမှာ သရုပ်ပါလှသည်။ လောလောဆယ် တွေးတောမျှော်လင့်ထားချက်ကို ပြညွှန်းသော (၂) နံပါတ်နေရာကွက်၌ ဓားအဆင်အယင်ဝင် ၃-နံပါတ်ကားချပ်ကို တွေ့ရသည်။ ကားချပ်သရုပ်ဖော်






အဓိကမှီငြမ်းကိုးကားသော ကမ္ဘာ့သိစာအုပ်

# အခန်း (၈)

## ကိုယ်တွေ့တရိုဗေဒင်ဟောကွက်နှင့် အကြံပြုချက်

ထရိုဗေဒင်ဟောကွက် ( THE TAROT CLAIRVOYANCY) အတွက် တရိုကားချပ်များကို ဖြန့်ကြက်အသုံးပြုရာတွင် 'ကားချပ်ပြောင်းပြန်ဖြစ်နေသော် ကားချပ်၏ မူလအဓိပ္ပာယ်ဖော်ညွှန်းချက်ကို ပြောင်းပြန်သဘောဟောကြားရမည်။' ဟူသော ခံယူချက်သည် ရွှေအာရုံဦးအဖွဲ့ (THE GOLDEN DAWN) ထင်ရှားလာခြင်းနှင့်အတူ ခံယူပြန့်ပွားလာခြင်းဟု အကျွန်ုပ် (ဆရာဗေဒ) တစ်ဦးတည်းအနေဖြင့် ဆန်းစစ်ဖော်ကျူးအပ်ပါသည်။ ပုရောဟိတ်ကိုင်ရိုအပါအဝင် ဂမ္ဘီရ သျှတ္တရပညာရှင် (OCCULTISTS) များသည် ရှေးနှစ်ပေါင်းထောင်ချီ၍ ဂမ္ဘီရသိပ္ပံ၏ အနှစ်အနှစ်ဖြစ်သော တရိုကားချပ်များ၏ မူရင်းဖော်ညွှန်းချက် အဓိပ္ပာယ်ခံယူရာ၌ တစ်သမတ်တည်း တိတိပပ ခံယူလိုက်နာကြသည်။ တရိုကားချပ် မည်သို့အနေအထားပင် တည်ရှိစေ၊ မူလရှိရင်းစွဲ အတည့်သဘောကိုပင် လုံးဝဥဿုံ အခါခပ်သိမ်း ခံယူပွားများ ဖွင့်ဆိုကြကုန်သည်။ ၂၁-ရာစုအကြို ၂၀-ရာစု ခေတ်နှောင်းပိုင်း ခေတ်မီ ဝေဒပညာရှင်များအနက် စာရေးသူလက်လှမ်းမီသမျှ ဖော်ဆောင်ရလျှင် ဂျူလီယက်ရှားမန်းဘာ့ဂ်နှင့် ဒီဘီလောရင့်စ်တို့က တရိုကားချပ်များ၏ ပါရှိရင်းစွဲ မူလဖော်ညွှန်းချက် အဓိပ္ပာယ်များကို ပြောင်းပြန်မယူဘဲ အတည့်သဘော ခံယူဟောကြားရန် ကားချပ်များကို အတည့်ပုံစံတကျ ခင်းကျင်းရန် ရေးသားဖော်ညွှန်းခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်၏။


အလျဉ်းသင့်သဖြင့် စာရေးသူကိုယ်တွေ့ တရိုဗေဒင်ဟောကွက်တွင် တရိုကားချပ်များကို မူရင်းအဓိပ္ပာယ်ဖော်ညွှန်းချက်အတိုင်း အတည့်ထား၍ ဆန်းစစ်ဟောကြားသော ဂျူလီယက်ရှားမန်းဘာ့ဂ် ကိုယ်ပိုင်မူ မြင်းခွာဖြန့်ကျက်နည်းကို တင်ဆက်ရေးသားဖော်ပြပေးလိုက်ပါသည်။

အမှန်အတိုင်းပြောရလျှင် စာရေးသူ တရိုဝေဒကို စတင်လေ့လာရသောစာအုပ်မှာ (EDENGRAY'S A COMPLETE GUIDE TO THE TAROT) ဖြစ်သည်။ ဤစာအုပ်နှင့်အတူ တရိုကားချပ်မှာ (THE RIDER TAROT DECK) ဖြစ်သည်။ အီဒင်ဂရေး၏ လက်တွေ့ဟောကြားကျင့်သုံးမှု၌ ကားချပ်ပြောင်းပြန်ဆိုသော် မူရင်းအဓိပ္ပာယ်၏ ပြောင်းပြန်ကို ဖော်ညွှန်းရမည်ဟု အတိအကျခံယူထားသည်။ ပို၍အခက်ကြုံရမည့်အချက်မှာ ကားချပ်များကို ဦးနှင့်ပဲ့ ရွေး၍မရအောင် စီမံထားခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် အကျွန်ုပ်တို့နှင့် စိမ်းလှသော တရိုဝေဒကို လေ့လာလိုက်စားခြင်းကို စွန့်လွှတ်ရန်ပင် ကြံစည်ဖူး၏။ ကံအားလျော်စွာ အမေရိကန်ရောက် မယားညီအစ်ကိုတော်သူ တစ်ဦးက ဂျူလီယက်ရှားမန်းဘာ့ဂ်၏ (THE COMPLETE BOOK OF TAROT နှင့် THE MYTHIC TAROT DECK) ကိုပေးပို့လာသည်။ အဆိုပါ တရိုပညာရှင်ဆရာမကြီး၏ စာအုပ်ထဲ၌ ကားချပ်များ၏ မူရင်းအဓိပ္ပာယ်ကို ရေးရသော့များ ဖော်ညွှန်းချက်အတိုင်း မပြောင်းမလဲ အတည့်သဘော လက်ခံကျင့်သုံးနိုင်ကြောင်း ပါရှိလာသည်။ ဦးနှင့်ပဲ့ ရွေး၍ရအောင် စီစဉ်ထားခြင်းဖြစ်၏။

ဤကားချပ်ထုပ်ဖြင့် အကျွန်ုပ် လက်တွေ့ လေ့လာစမ်းသပ်ခြင်းကို ကျေနပ်စွာ ပြုလုပ်နိုင်ခဲ့လေပြီ။

သရုပ်ပြပုံဖြင့် ဖော်ပြပေးထားသော ကားချပ် ၅-ချပ်ပါ မြင်းခွာပုံဖြန့်ကျက်နည်း ဖြန့်ခင်းကြည့်ရှုချိန် (၂၄-၁၀-၁၉၉၁) နံနက်ပိုင်းတွင် အကျွန်ုပ်သည် လက်ရှိဝန်ထမ်းဘဝ အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်အခြေအနေကို ငြီးငွေ့စွာ စိတ်ပျက်နေချိန်ဖြစ်သည်။ ဦးစွာပထမ ကျမ်းညွှန်မှုအတိုင်း အကျွန်ုပ်ကိုယ်စားပြု တော်ဝင်ကားချပ်ကို ဆွဲယူကြည့်ရာ ဓားအဆင်အယင်ဝင် စစ်ကဲကားချပ်ဖြစ်နေကြောင်း တွေ့ရသည်။ ကမူးရှူးထိုး ပြုတတ်ခြင်းအဖြစ်နှင့်အတူ ကံခေမှုသည် တဖြည်းဖြည်း လျော့ပါးတတ်ခြင်းအကျိုးကို ဖော်ညွှန်းနေလေ၏။ အကျွန်ုပ်၏ လက်ရှိအခြေအနေကို ဖော်ညွှန်းသော (၁) နံပါတ်နေရာကွက်၌ ကျိုင်းတံအဆင်အယင်ဝင် နံပါတ် (၅) ကားချပ်ကို တွေ့ရသည်။ တုတ်များဖြင့် ရန်းကန်တွန်းထိုး လှုပ်ရှားနေပုံမှာ သရုပ်ပါလှသည်။ လောလောဆယ် တွေးတောမျှော်လင့်ထားချက်ကို ပြညွှန်းသော (၂) နံပါတ်နေရာကွက်၌ ဓားအဆင်အယင်ဝင် ၃-နံပါတ်ကားချပ်ကို တွေ့ရသည်။ ကားချပ်သရုပ်ဖော်







အဓိကမှီငြမ်းကိုးကားသော ကမ္ဘာသိစာအုပ်




အဓိကမိုငြမ်းကိုးကားသော နောက်ဆုံးပေါ်ကမ္ဘာသိစာအုပ်





ပန်းချီပုံတွင် အသည်းနှလုံးတစ်ခုကို မိုးထဲလေထဲမှထွက်ပေါ်လာသော ဓားသုံးစင်းက ထိုးစိုက်ထားပုံဖြစ်သည်။ အကြံ ပက်စက်သော ယုတ်မာမှု၊ နောက်ကျောဓားဖြင့်ထိုးမှု ခံရခြင်း၊ နှလုံးစိတ်ဝမ်း မချမ်းမသာဖြစ်စေရန် ကြံစည်ခံရမှုကို ဖော်ညွှန်းနေလေသည်။ မျှော်လင့်မထားသောဖြစ်ပျက်မှုကို ဖော်ညွှန်းသော (၃) နံပါတ်နေရာကွက်၌ မိုးကြိုးထိမျှော်စင်ပုံ ကားချပ်ကိုတွေ့ရသည်။ မျှော်စင်ထဲ၌ အကျဉ်းအကြပ်ဖြစ်နေစဉ် မိုးကြိုးပါထပ်မံ အပစ်ခံရပုံဖြစ်သည်။ ကျမ်းလာ ဖော်ညွှန်းချက်အချုပ်မှာ "ဖိစီးထားသော အခြေအနေအရပ်ရပ်မှ ရုတ်တရက်လွတ်မြောက်ပြီး ဘဝတန်ဖိုးသစ်နှင့် အခြေ အနေသစ် ခံယူကျင့်သုံးမှု ရရှိမည်" ဟူ၏။ (၄) အနီးကပ် ကံကြမ္မာအခြေအနေပြညွှန်းသော နေရာကွက်၌ ကြမ္မာ ရဟတ်တည်းဟူသော အဓိကကားချပ်ကို တွေ့ရသဖြင့် အားတက်သွားသည် ကျမ်းလာဖော်ညွှန်းချက်အချုပ်မှာ "ပို၍ ပိုပြင်ထင်ရှားသော ဘဝအခြေအနေသို့ ရောက်ရှိခြင်းနှင့် ကံကောင်းခြင်း" ဟူ၍ဖြစ်သည်။ တရိုကားချပ်သရုပ်ဖော် ပန်းချီပုံတွင် ရပ်နေသောကြမ္မာရဟတ်ကြီးသည် အဆိုးထဲမှ အကောင်းထွက်စေသော ရဲတိုက်မိုးကြိုး ထိမှန်ခြင်းခံရခြင်း အရှိန်ကြောင့် လှုပ်ရှားလည်ပတ်သွားမည်ဟု တစ်ထစ်ချခံယူမိလေသည်။ ရေရှည်၌ ဖြစ်တည်လာမည့် အခြေအနေကို ဖော်ညွှန်းသော (၅) နံပါတ်နေရာကွက်၌ ဒင်္ဂါးအဆင်အယင်ဝင် ၈-နံပါတ်ကားချပ်ကို တွေ့ရသည်။ ဝင်ငွေကောင်း သော ကိုယ့်စိတ်ကြိုက် ကိုယ်ပုံဖော်ချင်သလိုဖော်နိုင်သော အလုပ်အကိုင်ကို ဖော်ဆောင် လုပ်ကိုင်နိုင်မည်ကို ပြညွှန်း သည်။ ယင်းတရိုကားချပ်များ၏ ဖော်ညွှန်းပြဆိုချက်များသည် အမှန်တကယ်ပင် တိုက်ဆိုင်လွန်းလှသည်။ ၄င်းနေ့ လည်ပိုင်း၌ ပင်စင်ခွင့်ပြုကြောင်း ရန်ကုန်ဌာနချုပ်မှ တယ်လီဖုန်းအကြောင်းကြားချက် လက်ခံရရှိ၏။

ရည်ညွှန်းပါ မြင်းခွာပုံသင်္ကေတန်ဖြန့်ကျက်မှု တရိုဟောကိန်းကို ဆရာမကြီးဂျူလီယက်က သာမန်ကားချပ် ချည်းသက်သက်ဖြင့် ဖော်ဆောင်ထားပုံကို သီးသန့်စာမူဖြင့် ပြဆိုပြီးဖြစ်သည်။ စာရေးသူအကျွန်ုပ်က ပဋ္ဌမကွတွင် တိုးချဲ့တီထွင်သည့်သဘောဖြင့် တရိုအဓိက ကားချပ် ၂၂ ချပ်၊ သာမန်ကားချပ် ၄၀ နှင့် ဇော်ဝင်ကားချပ် ၁-ချပ် စုစုပေါင်း ၆၃-ချပ်ဖြင့် ဟောကိန်းထုတ်ကြည့်ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ တရိုဝေဒပညာရှင်ကြီးများ၏ သြဝါဒနှင့်အညီ တရိုဝေဒဟူသည် ကိုယ့်အတွေ့အကြုံအရ ကိုယ်တီထွင်တိုးချဲ့ဟောကြားနိုင်သော ပညာရပ်ဖြစ်ကြောင်း ခံယူနိုင်ရန်ဖြစ်သည်။ သို့သော် သတိထားရမည့်အချက်မှာ လူတတ် ဆရာကြီးလုပ်၍ ကားချပ်တစ်ချပ်ဆွဲပြီး ရ-ရက် သားသမီးအကြောင်း ဝါးလုံးဖြင့် ရမ်းသလို မရမ်းမိရန် ဖြစ်ပေ၏။

နိဂုံးချုပ်အနေဖြင့် အကြံပြုလိုသည်မှာ တရိုဝေဒသုတေသီများသည် အကျွန်ုပ် ရေးသားဖော်ညွှန်းပြီးဖြစ်သော တရိုအဓိက ကားချပ်ချည်းသက်သက်ကိုသာ အသုံးပြုသော ကိန်းထုတ်ရသော ဂျူလီယက်၊ လောရင့်(စ်) ဖြန့်ကျက်မှု ပုံစံနှင့် သာမန်ကားချပ်ချည်းသက်သက်ဖြင့် အသုံးပြုနိုင်သော ဖြန့်ကျက်မှုပုံစံတစ်မျိုးမျိုးဖြင့် တွဲဖက်ဆက်စပ်လျက် ဟောကိန်းထုတ်ကြည့်ပါ။ သင်တို့အဖို့ အလွန်စိတ်ဝင်စားဖွယ် အတွေ့အကြုံများနှင့် တိုက်ဆိုင်မှုများ တွေ့နိုင်မည် ဖြစ်ကြောင်း ကိုယ်တွေ့အခြေခံဖြင့် တိုက်တွန်းဖော်ညွှန်းလိုက်ရပေသတည်း။



# အခန်း (၉)

## အကျွန်ုပ်အသုံးပြုလေ့ရှိသော တရိုဝေဒ ဖြန့်ကြက်နည်းပုံစံ

အကျွန်ုပ်အသုံးပြုလေ့ရှိသော တရိုဝေဒဖြန့်ကြက်နည်းပုံစံကို တိတိပပဖော်ညွှန်းရလျှင် (က) အဓိက ဂမ္ဘီရ ကားချပ်ချည်းဖြင့် ဂျူလီယက်ဘာ့က်/ လောရင့်စ် ဖြန့်ကျက်နည်းနှင့် (ခ) သာမန်ကားချပ်ချည်းဖြင့် မြင်းခွာပုံစံ ဖြန့်ကြက်နည်းတို့ကို ဆန်းစစ်ပေါင်းစပ်ဟောကိန်းထုတ်ခြင်း ပင်ဖြစ်၏။

၁၉၉၃ ခု၊ နိုဝင်ဘာလ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရစာမေးပွဲ အောင်စာရင်းများ ထွက်ပြီးချိန်တွင် လောလော လတ်လတ် သိပ္ပံဘွဲ့ရပြီးသူတစ်ဦးအား လက်တွေ့ဟောကြားခဲ့ပုံကို အောက်တွင် ပြန်လည်ဖော်ဆောင် ရေးသားဖော်ပြ သွားပါအံ့။

ဘွဲ့ရခါစဖြစ်သော်လည်း သမီး၏အသက်မှာ ၂၄ နှစ်ရှိပြီဖြစ်၍ သမ္မာအာဇီဝအလုပ်ဆိုသော် လခနည်းများ မဟူ အလုပ်မရွေးဘဲ ဝင်ရောက်လုပ်ကိုင်ရန် အာသီသပြင်းပြနေသူဖြစ်သည်။ အလုပ်ရ မရ မျက်မှောက်အခြေအနေ ကိုသာ သိလိုသဖြင့် လက္ခဏာပညာကို အသုံးမပြုဘဲ တရိုဝေဒကို အသုံးချလိုက်တော့၏။

### အဓိကကားချပ်များ

တရိုဝေဒဟောကြားမှု စည်းကမ်းအတိုင်း ဗေဒင်မေးသူသမီးအား အဓိက ကားချပ် ၂၂ ချပ်ကို ကိုယ်တိုင် ဝဲဘက်လက်ဖြင့် ချိုးစေလိုက်သည်။ ဂျူလီယက်ဘာ့က်/ လောရင့်စ် ဖြန့်ကျက်နည်းအရ ထွက်ပေါ်လာသော အစဉ်လိုက် ကားချပ် ၄ ချပ်မှာ အောက်ပါ (သရုပ်ပြပုံ ၂/က/၁) အတိုင်းဖြစ်လေ၏။

ဖြစ်ရပ်ညွှန်း ရပ်တည်ကွက် (၁) တွင် မြင်းနှစ်ကောင်က စစ်ရထား ကားချပ်ကိုတွေ့ရသည်။ ဤပထမဆုံး ထွက်ပေါ်သော ကားချပ်သည် သက်ဆိုင် (ဗေဒင်မေး) သူ၏ လက်ရှိ ကိုယ်စိတ်နှစ်ပါးအခြေအနေကို ဖော်ညွှန်းသည်။ အဓိကကားချပ် နံပါတ် ၇-စစ်ရထားကားချပ်၏ ပြညွှန်းချက်မှာ ကိုယ့်အားကိုယ်ကိုးရပ်တည်ပြီး ရှေ့ဘဝခရီးလျှောက် လှမ်းရန် အာသီသပြင်းပြခြင်းနှင့် အောင်ပန်းဆွတ်ခူးရန် ကြိုးပမ်းမည့်နိမိတ်ပင်ဖြစ်၏။

ဖြစ်ရပ်ညွှန်း ရပ်တည်ချက် (၂) တွင် စီရင်ချက် (ဝါ) ပဗ္ဗေစ ကတပုညတာ ကားချပ်ထွက်ပေါ်လာသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်အပေါ် ကျရောက်မည့် မမျှော်သင့်သော ဖြစ်ရပ်စဉ်အတွက် ပြညွှန်းကွက်နေရာ ဖြစ်ခြင်းကြောင့် ကံကုသိုလ်အလျောက် ထိုက်တန်သော ဘဝအခြေအနေ (ဝါ) အလုပ်အကိုင်ရရှိရေး ကံကုသိုလ် အကျိုးထူးကို ၆ လ အတွင်း ကေန် ရင်ဝယ်ပိုက်ရမည်ဟု ဟောကိန်းထုတ်လိုက်၏။

ဖြစ်ရပ်ညွှန်း ရပ်တည်ချက် (၃) နေရာကွက်သည် **သက်ဆိုင်ရာပုဂ္ဂိုလ်၏ မျှော်လင့်တောင့်တချက်**ကို ပြညွှန်းသည်။ ထွက်ပေါ်လာသော သူရိယနေမင်း၏ ဖော်ညွှန်းချက်မှာ အကောင်းမြင်ဝါဒရှိခြင်း၊ ကူညီထောက်ပံ့မည့် ပဌာန်းဆက်ဟောင်းနှင့်တွေ့ခြင်း၊ ပျော်ရွှင်မှုရှိခြင်း စသည်တို့ဖြစ်ကြောင်း ပြောပြလိုက်၏။

ဖြစ်ရပ်ညွှန်းရပ်တည်ချက် (၄) နေရာကွက်တွင် ကမ္ဘာလောကကားချပ် ထွက်ပေါ်လာသည်။ နံပါတ် ၂၁ ဖြစ် ပြီး နောက်ဆုံး ၂၂-ခုမြောက်ဖြစ်သော ဤကားချပ်မှာ အလွန်ကံကောင်းသော အကျိုးပေးခြင်း၊ မိမိပဝတ္တိရည်မှန်း ချက်ကို ထူးကဲစွာ ဖြည့်ဆည်းခြင်းတည်းဟူသော နိမိတ်ကိုပြညွှန်းကြောင်း ရှင်းပြလိုက်သည်။ ဗေဒင်မေးသူ သမီး၏ လိုအင်ဆန္ဒသည် တစ်နည်းနည်းဖြင့် လောကကြီးခါးစောင်းတင်သည့်သဖွယ် ပြည့်ဝမည်ဟု ဟောကိန်း ယုံကြည်စွာ ထုတ်ဖော်ပြောကြားလိုက်သည်။ **အမေးပြုသနာ၏ အဖြေချုပ် ရလဒ်နေရာ**ဖြစ်၍ 'ဖုတ်သွင်းရထားဆိုက်ကိန်း' ဟု အတိအကျ ဟောကိန်းထုတ်လိုက်၏။

သမီးဖြစ်သူမျက်နှာကို ကြည့်ရသည်မှာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေပုံရ၏။

## တရိုသာမန်ကားချပ်များ

အထက်ဖော်ပြပါ အဓိကကားချပ်ဖြင့် ဟောကိန်းထုတ်ခြင်းမှာ မဟာဗြူဟာ သဘောဆောင်ယူပြီး သာမန်ကားချပ်များဖြင့် ဟောကိန်းထုတ်ခြင်းမှာ နည်းဗြူဟာသဘော ဆောင်ယူ၏။

သာမန်ကားချပ် ၅-ချပ်ဖြင့် မြင်းခွာပုံဖြန့်ကျက်နည်းပုံစံ မခင်းကျင်းမီ တရိုဝေဒ၏ထုံး၊ စည်းကမ်းချက်အတိုင်း တရိုဗေဒင်မေးသူကိုယ်စားပြု တော်ဝင်ကားချပ်တစ်ချပ်ကို ဆွဲနိုင်းကြည့်ရာ ကျိုင်းတံအဆင်အယင်ဝင် နန်းတွင်းသားကားချပ် ထွက်ပေါ်လာသည်။ ၄င်းကားချပ်အပေါ် ကုလားဖန်ထိုး ချိုးထားစေသော သာမန်ကားချပ်အပုံမှ သာမန်ကားချပ် ၅-ချပ်ကို မြင်းခွာပုံ အစဉ်အတိုင်းဖြန့်ခင်းလိုက်၏။

(၁) နေရာကွက်တွင် ဖလားအဆင်အယင် နံပါတ် ၄-ကားချပ်။ (၂) နေရာတွင် ဓားအဆင်အယင် နံပါတ် ၁-ကားချပ်။ (၃) နေရာကွက်တွင် ဒင်္ဂါးအဆင်အယင် နံပါတ် ၁-ကားချပ်။ (၄) နေရာကွက်တွင် ဒင်္ဂါးအဆင်အယင် နံပါတ် ၆- ကားချပ်နှင့် (၅) နေရာကွက်တွင် ကျိုင်းအဆင်အယင် နံပါတ် ၄-ကားချပ်တို့ ထွက်ပေါ်လာသည်။ ၄င်းတို့ကို သရုပ်ပြပုံ ၂/က/၂ ဖြင့် ဖော်ပြပေးလိုက်ပါ၏။

ဤနေရာ၌ နံပါတ် ၁-ကားချပ်နှစ်ချပ်၊ နံပါတ ၄-ကားချပ်နှစ်ချပ်၊ နံပါတ် ၆-ကားချပ်တစ်ချပ် တွေ့ရသည့်အတွက် ၁-၄-၆ လွှမ်းမိုးနေကြောင်း သတိပြုမိသည်။ သမီး၏မွေးရက်သည် အောက်တိုဘာလ ၁-ရက်ဖြစ်ခြင်းကြောင့် ၁-၄-၆ ဂဏန်းစိုးမိုးမှုနှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေသည်။ ထို့ကြောင့် ကံအကျိုးပေးမယ်ဟု စိတ်ချလက်ချ ဟောကိန်းထုတ်လိုက်၏။

### ဟောကိန်းထုတ်ပုံ

ကျိုင်းကိုင်နန်းတွင်းသား တော်ဝင်ကားချပ်သည် သိဟ်ရာသီသခင် ခြင်္သေ့နှင့်ဆက်စပ်မှုရှိပြီး ကြီးမွားချင်စိတ်ပြင်းပြခြင်းနှင့် စွမ်းဆောင်နိုင်မည့် အလားအလာရှိခြင်းကို ပြညွှန်းကြောင်း သိဟ်ရာသီသခင်ဂြိုဟ်သည် ၁-မွေဖြစ်ပြီး ဥစ်အားအပြည့်ရှိခြင်းကြောင့် မွေးရက် ၁-ဂဏန်းဖြစ်သူ သမီးနှင့် တိုက်ဆိုင်နေပြန်ကြောင်း၊ ထို့ကြောင့် ထူးခြားမှုတစ်ခုခုတော့ မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင် ဖြစ်တည်နေကြောင်း ထပ်မံ၍ အားပေးစကားပြောကြားလိုက်၏။


(၁) **ပစ္စုပ္ပန်အခြေအနေကို** ဖော်ညွှန်းသောနေရာကွက်၌ ထွက်ပေါ်သော ဖလားအဆင်အယင် နံပါတ် ၄-ကားချပ် ပန်းချီပုံ၌ တင်ပြင်ခွေထိုင်နေသော လူငယ်တစ်ဦးသည် ရှေ့မှဖလား ၃-ခုကို တွေ့မြင်သော်လည်း နောက်ကွယ်တွင် ကောင်းကင်မှကျလာသော ဖလားတစ်ခုကို မျက်ကွယ်ပြုထားဟန် တွေ့မြင်နိုင်သည်။ ရှေးဘဝအတိတ်ကံကုသိုလ်အကျိုးပေးကို သတိမမူကြောင်း ဖော်ညွှန်းသည်။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်မှု ချွင်းချက်မရှိ လက်ခံတတ်ရန် သမီးကို သတိပေးလိုက်၏။


(၂) **လောလောဆယ် တွေးတောမျှော်လင့်ချက်နေရာကွက်၌** ဓားအဆင်အယင် ၁-နံပါတ်ကားချပ်အရ သမီးသည် 'နဂါးမှန်းသိအောင်အမောက်ထောင်ပြချင်သည့်' မာန်ဟုန်ရှိနေသည်မှာ ထင်ရှားကြောင်း ပြောပြလိုက်၏။

(၃) **မျှော်လင့်မထားသောဖြစ်ပျက်မှုနေရာကွက်၌** ဒင်္ဂါးအဆင်အယင် နံပါတ် ၁-ကားချပ် ထွက်ပေါ်လာသည်။

ဒင်္ဂါးသည် ငွေရေးကြေးရေးနှင့် အလုပ်အကိုင်အကြောင်းအရာကို ဖော်ညွှန်းခြင်းကြောင့် ကိုယ်မထင်မှတ်သော တစ်မှစရသောလုပ်ငန်းနှင့် ဘွားကနဲတွေ့ကြုံမည်ဟု ဟောကြားလိုက်၏။





(၄) **အနီးကပ်ကကြုံမှာအခြေအနေကို** ဖော်ညွှန်းသောနေရာကွက်၌ ဒင်္ဂါးအဆင်အယင် ၆–နံပါတ်ကားချပ်၏ပန်းချီပုံ၌ ရက်ရောပြီး တရားမျှတသောပုဂ္ဂိုလ်တစ်ဦးက အလှူခံပုဂ္ဂိုလ်များအား ငွေကြေးများထောက်ပံ့နေပုံ တွေ့ရသည်။ ထိုဖော်ညွှန်းချက်မှာ တရားမျှတပြီး ကျင်နာစိတ်အပြည့်အဝရှိသော ပုဂ္ဂိုလ်တစ်ဦး၏ပံ့ပိုးမှု သို့မဟုတ် ဦးဆောင်သည့်လုပ်ငန်း၌ အလုပ်အကိုင်ရရှိမည့် နိမိတ်ဖြစ်ကြောင်း ဖော်ဆောင် ဟောကြားလိုက်၏။


(၅) **ရေရှည်၌ ဖြစ်ပေါ်လာမည့်အခြေအနေ**ကို ဖော်ညွှန်းသော နေရာကွက်၌ ကျိုင်းအဆင်အယင် ၄–နံပါတ်ကားချပ် ထွက်ပေါ်လာသည်။ ကုန်တိုက်လိုလို ဟိုတယ်လိုလို အဆောက်အဦးတစ်ခုကို ကျောထောက်နောက်ခံပြုလျက် အောင်ပွဲခံပန်းစည်းကို ကိုင်မြှောက်ပြသနေသော လူရွယ်တစ်ဦးသည် ကျိုင်းတံ ၄–ခုကို ဆက်သွယ်ထားသော အောင်ပွဲခံပန်းကုံးကိုကြည့်လျက် ဂုဏ်ယူနေပုံ ပန်းချီပုံကို တွေ့မြင်နိုင်သည်။ ဤအချက်အရ မျှော်လင့်မထားသောမိုးပေါ်မှကျလာသော အလုပ်အကိုင်ကိုရရှိပြီး နောင် ၄–လ၊ သို့မဟုတ် ၄–နှစ်အကြာ စုလစ်မွန်းချွန်များနှင့် ပြည့်နှက်စည်ကားသောအရပ်၌ အောင်ပွဲခံမည်ဟုဟောကိန်းထုတ်လိုက်၏။

## အဖြေမှန်ထွက်ပေါ်လာပြီ

ဟောကိန်းထုတ်ပြီး များမကြာမီကာလတွင် မြန်မာနှင့် ဖက်စပ်ဟိုတယ်လုပ်ငန်းတစ်ခုမှ သင်တန်းဖွင့်လှစ်ရာတွင် သမီးသည် သင်တန်းတက်ခွင့်ရသွားသည်။ တစ်လခွဲကြာသင်တန်း၌ သမီးတစ်ယောက် ထူးချွန်စွာအောင်မြင်သည်။ ကံသိလ်ကံ အကျိုးပေး အချိန်တန်၍လားမသိ၊ သင်တန်းဆင်းပြီးမကြာမီ ၄င်းသင်တန်း၌ အကူသင်တန်းပြဆရာအဖြစ် ကနဦး လစာနစ်ထောင့်နှစ်ရာကျပ်တိတိဖြင့် ခန့်အပ်ခြင်းခံလိုက်ရသည်။ တရိုဟောကိန်းကား ၄–လအတွင်း ကွက်တိ မှန်ကန်တိုက်ဆိုင်မှု ရှိသွားသည်။ ၄င်းလုပ်ငန်းသည် ရေရှည်တွင် နိုင်ငံခြားတိုင်းပြည်၌ အလုပ်လုပ်ကိုင်ခွင့်ရှိနေသည်။ ကောင်းသော မင်္ဂလာရှိသော ဟောကိန်းဖြစ်၍ ရေရှည်အလားအလာသည် တရိုကားချပ်က ပြညွှန်းသည့်အတိုင်း ဖြစ်မြောက်ပါစေဟုသာ ဆုတောင်းရမည်ဖြစ်ပေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ









II
B
J
THE HIGH PRIESTESS


III
THE EMPRESS.


IV
THE EMPEROR.



V
THE HIEROPHANT


VI
THE LOVERS.


VII
THE CHARIOT.



VIII
STRENGTH.


IX
THE HERMIT.


X
WHEEL of FORTUNE.


XI
JUSTICE .



XII
THE HANGED MAN.



XIII
DEATH.



XIV
TEMPERANCE.


XV
THE DEVIL .


XVI
THE TOWER.


XVII
THE STAR.


XVIII
THE MOON.



XIX
THE SUN .



XX
JUDGEMENT.



XXI
THE WORLD.



ACE of WANDS.


II



IV



III



IV



III



V


VI


VIII


VII








PAGE of WANDS.




KNIGHT of WANDS.


QUEEN of WANDS.



KING of WANDS



ACE of CUPS.



II



IV



III



V


VI


VIII


VII







PAGE of CUPS.




KNIGHT of CUPS.




QUEEN of CUPS.





KING of CUPS.



ACE of SWORDS.



II









IX


VI


VIII


VII


X


IX


PAGE of SWORDS.



KNIGHT of SWORDS.



QUEEN of SWORDS.



KING of SWORDS.



ACE of PENTACLES



II













X


IX



IX





PAGE of PENTACLES.



KNIGHT of PENTACLES.



QUEEN of PENTACLES



KING of PENTACLES.

# တင်ရွှေစာအုပ်တိုက်တွင် ရရှိနိုင်သော စာအုပ်များ

**မှာကြားလိုသောစာအုပ်များ**

(၁) အသက်လေးဆယ်ကျော်လျှင် (ဒုတိယအကြိမ်)
ရဟန်းသံဃာတော်များ လူကြီးမိဘများအား ကန်တော့ရန်
အကြံပြုလိုသောစာအုပ် — ၁၅၀ ကျပ် (     )

(၂) အထွေထွေဗဟုသုတ လေ့လာနည်းပညာ
ပထမတွဲ အထက်တန်းကျောင်းသူကျောင်းသားများအတွက် — ၁၀၀ ကျပ် (     )
ဒုတိယတွဲ တက္ကသိုလ်ကျောင်းသားများအတွက် — ၁၅၀ ကျပ် (     )

(၃) နိုင်ငံတကာ အင်္ဂလိပ်စာ TOFEL
စာမေးပွဲအတွက် အဓိက
ပထမတွဲ — ၅၀ ကျပ် (     )
ဒုတိယတွဲ လေ့ကျင့်ခန်းများ — ၃၀ ကျပ် (     )

(၄) အခြေခံကုထုံးကုနည်းများ
TEXT BOOK OF INTERNAL MEDICINEအဆီအနှစ်
ပထမတွဲ — ၁၀၀ ကျပ် (     )
ဒုတိယတွဲ — ၁၀၀ ကျပ် (     )

(၅) လက်တွေ့အသုံးချ အဆင့်မြင့်ဖိုမပညာ
ဒုတိယအကြိမ် ဖြည့်စွက်ချက်များနှင့်အတူ
ဆရာစားမကျန်အောင် နိုင်ငံတကာစာပေမှ ပြည့်ပြည့်စုံစုံ
ကောက်နုတ်ချက် ဖော်ပြထားပါသည်။
ပထမတွဲ — ၁၀၀ ကျပ် (     )
ဒုတိယတွဲ — ၁၂၀ ကျပ် (     )

(၆) သင့်ရင်သွေး မွေးစမှ အရွယ်ရောက်ချိန်အထိ တွေ့ရတတ်သော
ပြဿနာအဖုံဖုံနှင့် အဖြေလွှာပေါင်းချုပ်
ပထမတွဲ တစ်နှစ်အောက် ကလေးများအတွက် ┐ ပြန်လည်ပုံနှိပ်ဆဲ — ၁၀၀ ကျပ် (     )
ဒုတိယတွဲ တစ်နှစ်အထက် ကလေးများအတွက် ┘ — ၁၀၀ ကျပ် (     )

(၇) လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ
ပထမတွဲ ဆစ်ဖလစ် ဂနိုရီးယား စသည် — ၇၅ ကျပ် (     )
ဒုတိယတွဲ အေအိုင်ဒီအက်စ်၊ အသားဝါအသည်းရောင် B ၊ လိင်တံဆာမှ
ကြွက်နို့ စသည့်ခေတ်ပေါ်ရောဂါများ — ၈၀ ကျပ် (     )
စတုတ္ထအကြိမ် စာတစ်အုပ်လုံးကို အသစ်ပြန်ရေးထားပါသည်။

(၈) နိုင်ငံတကာအဆင့် ဉာဏ်စမ်းပဟေဠိ — ၆၅ ကျပ် (     )

(၉) ကမ္ဘာ့အမြင့်ဆုံး မင်ဆာအဆင့် ဉာဏ်စမ်းပညာ
၁၁ + ၁၂ ကွန်ပျူတာသင်တန်း ဝင်ခွင့်စာမေးပွဲအတွက်
ကြိုတင်လေ့ကျင့်ရန် အကြံပြုလိုသော မေးခွန်းများနှင့်အဖြေ
ပေါင်းချုပ် ၆၅ ကျပ် ( )

(၁၀) ဉာဏ်စမ်းပဟေဠိပေါင်းချုပ် I.Q
အထူးကြော်ငြာစရာမလိုသော အလုပ်ခွင်နှင့်ဝင်ခွင့်
စာမေးပွဲများအတွက်အထူး ၁၂၀ ကျပ် ( )

(၁၁) ကိုယ်ဝန်ဆောင်လက်စွဲ
ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်အနေနှင့် သိသင့်သိထိုက်သော
ဆောင်စရာ ရှောင်စရာ ပြည့်ပြည့်စုံစုံ ကျပ် ( )

(၁၂) ငှက်ဖျားရောဂါ (တတိယအကြိမ်) ကျေးလက်ကျန်းမာရေး
လုပ်သားမှ ဆေးကျောင်းသား များအဆင့်အထိ မှီငြမ်းကိုးကားစရာ
လက်တွေ့အသုံးချ WHO 1991 Guide စာတမ်းအပါအဝင် ၁၀၀ ကျပ် ( )

(၁၃) အရေပြားရောဂါများ (တတိယအကြိမ်) ရုပ်ပုံတစ်ရာကျော်ဖြင့်
ကျန်းမာရေးလုပ်သားများ + ဝေဒနာရှင်များ မှီငြမ်းစရာ ၉၀ ကျပ် ( )

(၁၄) လက်တွေ့အသုံးချ ဆေးဝါးဗေဒ
ESSENTIAL DRUGS များအကြောင်း ပြည့်ပြည့်စုံစုံ ကျပ် ( )

(၁၅) မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း
ဆရာတော်များ မိဘဆရာသမားတို့အား ကန်တော့ရန်
အကြံပြုလိုသော စာတွဲ အမှတ် ၁ မှ ၇ တွဲအထိ

| | | |
|---|---|---|
| ပထမတွဲ | ဗုဒ္ဓဝင် | ၄၈ ကျပ် ( ) |
| ဒုတိယတွဲ | ဘုရား + တရား + သံဃာ<br>ဗုဒ္ဓသာသနာ အရေးတော်ပုံ | |
| တတိယတွဲ | အိန္ဒိယနိုင်ငံမှ စေတီပုထိုးများ | |
| စတုတ္ထတွဲ | တရုတ်နိုင်ငံ + မဟာယာန ဗုဒ္ဓဘာသာ | |
| ပဥ္စမတွဲ | တောင်နှင့် မြောက်ကိုရီးယားနိုင်ငံများ | |
| ဆဋ္ဌမတွဲ | ဂျပန်နိုင်ငံ | |
| သတ္တမတွဲ | တိဗက်နှင့် တန္တရဗုဒ္ဓဘာသာ | |
| အဋ္ဌမတွဲ | နီပေါနိုင်ငံ | အမှတ် ၈ မှ ၁၅ တွဲအထိ |
| နဝမတွဲ | ဘူတန်နှင့် အခြား တန္တရ ဗုဒ္ဓဘာသာ<br>ထွန်းကားရာနိုင်ငံများ | ၆၅ ကျပ် ( ) |
| ဒသမတွဲ | အိန္ဒိနိုင်ငံတောင်ပိုင်းဗေဒ | |
| အတွဲ ၁၁ | အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူနိုင်ငံများ | |
| အတွဲ ၁၂ | သီရိလင်္ကာနိုင်ငံ | |
| အတွဲ ၁၃ | မြန်မာ၊ ထိုင်း ထေရဝါဒဗုဒ္ဓသာသနာ ပြည့်ပြည့်ဝဝ<br>မထွန်းလင်းမီကာလ၊ မြန်မာနိုင်ငံ ပျူလူမျိုးတို့၏ခေတ်<br>AD ၁ – ၈ ရာစုထိ ဟန်လင်း၊ ပုဂံ၊ ရခိုင် (ဝေသာလီ)၊<br>သုဝဏ္ဏဘူမိ၊ ဗိဿနိုး၊ သရေခေတ္တရာ<br>စသည့်ဒေသများမှ စေတီပုထိုးများ | |
| အတွဲ ၁၄ | ပထမမြန်မာနိုင်ငံ တည်ထောင်စဉ်ကာလ<br>ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ထွန်းကားစဉ်ကာလ<br>ပုဂံရွှေမြို့တော်အကြောင်း ပြည့်ပြည့်စုံစုံ | |
| အတွဲ ၁၅ | ထိုင်းနိုင်ငံ ထေရဝါဒစတင်ထွန်းကားစဉ်ကာလ<br>ဇုခိုထိုင်းမြို့တော်ဟောင်း (ဇုက္ကတေး) | |
| အတွဲ ၁၆ | ကမ္ဘောဒီးယားနိုင်ငံ | ၇၅ ကျပ် ( ) |
| အတွဲ ၁၇ | မြန်မာနိုင်ငံ – ရှမ်း၊ ရခိုင်၊ စစ်ကိုင်း၊<br>အင်းဝ၊ ပင်းယ | ၉၀ ကျပ် ( ) |

(၁၆) ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ
သံဝေဂရဖွယ်ရာ သံဝေဇနိယဌာနအားလုံးက ဆေးရောင်စုံ
ပုံတော် ၅၀ ကျော်ဖြင့် တန်ဆာဆင်လျက် ဘုရားဖူးအလည်ခရီး ၄၈ ကျပ် ( )

(၁၇) ဆီးချိုရောဂါ ဝေဒနာရှင်တစ်ယောက်အနေဖြင့် သိကောင်းစရာ
ပြည့်ပြည့်စုံစုံ (ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း) ၁၀၀ ကျပ် ( )

(၁၈) တစ်သက်မခွဲ ရွှေလက်တွဲလိုလျှင် ဒုတိယအကြိမ် ပုံနှိပ်ချဲ့ထွင်
ပုံနှိပ်ခြင်း။ ချစ်မိပြီးသူတိုင်းနှင့် ဤတစ်သက်ပြန်မကွဲရအောင်
လိုက်နာသင့်သော စဉ်းစားသင့်သော အချက်အလက်များ
မင်္ဂလာဆောင်လက်ဖွဲ့ရန် အကြံပြုလိုသော စာအုပ်

| | | |
|---|---|---|
| ပထမတွဲ | အမျိုးသမီးများအတွက် | ကျပ် ( ) |
| ဒုတိယတွဲ | အမျိုးသားများအတွက် | ၁၀၀ ကျပ် ( ) |

(၁၉) မျက်နှာ၏ လျှို့ဝှက်ချက်များ
ဘာသာ ၁၂ မျိုးသို့ ပြန်ဆိုပြီးသော တရုတ်ရေးကျမ်းမြန်မာပြန်
ဒုတိယအကြိမ် ပြန်လည်ဖြည့်စွက်ချက်များနှင့်အတူ ၆၀ ကျပ် ( )

(၂၀) အင်္ဂလိပ် – မြန်မာ ဆေးပညာအဘိဓာန် (ဦးကောင်းညွန့်)
ရှားပါးဖြစ်နေသောစာအုပ် ဆေးပညာလေ့လာသူများအတွက်
အထူး ၂၀၀ ကျပ် ( )

(၂၁) သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းအမျိုးမျိုး
သွေးတိုးဝေဒနာရှင်များ လေဖြတ်ခံရပြီးသူများနှင့်
အလွှာအသီးသီးမှ ကျန်းမာရေးလုပ်သားများအတွက်အထူး ၁၂၀ ကျပ် ( )

(၂၂) နှလုံးသွေးကြောကျဉ်းရောဂါစု
ယနေ့ လူသားတို့ကို အများဆုံး ဒုက္ခပေးလာသော
ရောဂါအကြောင်း ပြည့်ပြည့်စုံစုံ ၁၂၀ ကျပ် ( )

(၂၃) အဆစ်အမြစ်ကိုက်ရောဂါများ
တတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း ၁၂၀ ကျပ် ( )

(၂၄) မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း ၁၁ တွဲ လူကြီးမိဘ၊
ဆရာသမား၊ ဆရာတော်တို့အား ကန်တော့ရန် အထူးပြုလုပ်ထားသော
ဆေးရောင်စုံစက္ကူဖူးကြီးထဲ၌ ၄၈ ကျပ်တန် မဇ္ဈိမဒေသစာအုပ်
မေတ္တာလက်ဆောင်နှင့်အတူ ၅၉၅ ကျပ် ( )

(၂၅) အမျိုးသမီးတို့ ဓမ္မတာ NORMAL MENSURATION
ဗြိတိန်နိုင်ငံ သားဖွားမီးယပ်ပါမောက္ခ ရေးသားပြုစုသော
အမျိုးသမီးများ လက်စွဲစာအုပ် ဘာသာပြန် ၆၀ ကျပ် ( )

(၂၆) သားသမီးရတနာထွန်းကားလိုလျှင်
သားသမီးရတနာထွန်းကားလိုသော မိသားစုအတွက်
ရုပ်ပုံကားချပ်များနှင့် ပြည့်ပြည့်စုံစုံ ၉၀ ကျပ် ( )

(၂၇) သင်၏ ဉာဏ်ရည်စွမ်းပကားကို တိုင်းတာကြည့်ရအောင်
TEST YOUR I . Q စာအုပ် ကျပ် ( )

(၂၈) အဆင့်မြင့် ဉာဏ်စမ်းပညာ
ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း ကျပ် ( )

(၂၉) စိတ်ပညာစမ်းသပ်နည်းများ
ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း
အလုပ်ခွင်ဝင်ခွင့်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊
ကျောင်းသားများအတွက် အထူး ကျပ် ( )

(၃၀) မှတ်တမ်းဝင် စိတ်နယ်လွန်ဖြစ်ရပ်မှန်များ
အတွဲ (၁) စိတ်နယ်လွန်ဖြစ်ရပ်ဆန်းအမျိုးမျိုး ၇၅ ကျပ် ( )
အတွဲ (၂) ကမ္ဘာ့အရပ်ရပ်မှ ဝိညာဉ်များ ၇၅ ကျပ် ( )
အတွဲ (၃) သိပ္ပံပညာရှင်များ အဖြေမပေးနိုင်သော
ရောဂါကုနည်းအမျိုးမျိုး ၇၅ ကျပ် ( )
အတွဲ (၄) ရေထဲက၊ လေထဲက အံ့သြစရာအဖုံဖုံ ၇၅ ကျပ် ( )
အတွဲ (၅) တိရစ္ဆာန်နှင့် သစ်ပင်လောကမှ
အံ့သြစရာ ဖြစ်ရပ်များ ၇၅ ကျပ် ( )

(၃၁) ဆရာဇော်ဂျီ၏ စာပေါင်းချုပ်
အမျိုးသားစာပေ သုံးကြိမ်ဆုရခဲ့သော ကွယ်လွန်ပြီး
ဆရာ၏ လက်ရာဟောင်း လက်ရာသန့်အားလုံးကို
မပျောက်မပျက်ရအောင် စီစဉ်ပေးထားသည်။
ပထမတွဲ ၁၂၅ ကျပ် ( )
ဒုတိယတွဲ ၁၃၀ ကျပ် ( )
တတိယတွဲ ၁၃၀ ကျပ် ( )

(၃၂) တီဘီရောဂါ ယနေ့မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပွားလာသော
တီဘီရောဂါအကြောင်း ပြည့်ပြည့်စုံစုံ၊ တီဘီရောဂါကို ဘာကြောင့်
ပျောက်ကင်းအောင် မကုသနိုင်ကြသလဲ၊ ပျောက်ကင်းအောင်
ရောဂါသည်များ လိုက်နာရမည့်အချက်များ ၇၅ ကျပ် ( )

(၃၃) မော်တော်ကား ပြုပြင်ထိန်းသိမ်းနည်း
ဆရာဦးကျင်စိုး စာပေဗိမာန်မှ သုံးကြိမ်သုံးခါ ပုံနှိပ်ခဲ့ရပြီး
ယခု ရှားပါးဖြစ်နေသော စာအုပ်ချဲ့ထွင်ပုံနှိပ်ခြင်း ၂၀၀ ကျပ် ( )

(၃၄) ရှေ့ဖြစ်ဟောနည်းပေါင်းချုပ် ပထမတွဲ ၈၅ ကျပ် ( )
ဒုတိယတွဲ ၉၅ ကျပ် ( )
နိုင်ငံတကာမှ ကျော်ကြားပြီး ကျမ်းစာပေါင်း ၃၀ ၏ အဆီအနှစ်။

(၃၅) လေးတွဲ့ရ ဓမ္မာစရိယ / သုံးတွဲ့ရ ပထမကျော်
ဦးစံသင်းလှိုင်၏ စနစ်သစ်အစိုးရ ပထမပြန်စာမေးပွဲများအတွက်
ပထမကြီးတန်း ၇၅ ကျပ် ( )
ပထမလတ်တန်း အမေးအဖြေပေါင်းချုပ် ၈၀ ကျပ် ( )
ပထမငယ်တန်း ၆၅ ကျပ် ( )

(၃၆) ပင်္ဂိသန္တေတားနည်းပေါင်းချုပ် ၉၀ ကျပ် ( )
အထူးကြေငြာစရာမလိုသော
မင်္ဂလာလက်ဖွဲ့ရန် အကောင်းဆုံးစာအုပ်

(၃၇) ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးခြင်းများ ၁၀၀ ကျပ် ( )
(ဇေယျာ D.P.M.S )

(၃၈) ကုန်သွယ်မှု စာရေးဆက်သွယ်ခြင်းများ
BUSINESS LETTER WRITTER ၆၀ ကျပ် ( )

(၃၉) အရေးပေါ် ဆေးပညာ
EMERGENCY MEDICINE ၁၁၀ ကျပ် ( )

(၄၀) ဆရာကြီး ဦးဘကြည်၏ ဓာတ်တော်ကြီးဆယ်ဘွဲ့
မရှိးနိုင်သော ဆရာ၏
လက်ရာကောင်းများကို ပထမတွဲ ၆၀ ကျပ် ( )
ပြန်လည်ပြုစုပေးထားသည်။ ဒုတိယတွဲ ၆၀ ကျပ် ( )

(၄၁) မြန်မာ့လျှို့ဝှက်ဆေးဝါးနှင့် အသုံးဝင်နွယ်မြက်သစ်ပင်
(မောင်ယဉ်နွယ်) ၁၆၀ ကျပ် ( )
ဒုတိယအကြိမ် ရှားပါးဖြစ်နေသော စာအုပ်ကောင်းကို ပြန်လည်ပုံနှိပ်ခြင်း။

(၄၂) ဆရာဝန်တင်ရွှေ ရင်ကျပ်ပန်းနာ ၉၀ ကျပ် ( )
ကျန်းမာရေးဝန်ထမ်းများနှင့် ဝေဒနာရှင်များအတွက် အထူး

(၄၃) ကင်ဆာရောဂါ ကြောက်စရာ မဟုတ်တော့ပါ။ သို့သော် .... ၉၀ ကျပ် ()
မျိုးရိုး၌ ကင်ဆာရောဂါဖြစ်ဖူးသူများအတွက် အထူး

(၄၄) အဆင့်မြင့် အမျိုးသမီး ကျန်းမာရေးလက်စွဲ ၁၀၀ ကျပ် ( )
What a Woman Shoult Know - M R C O G အသင်းကြီးမှ
ထုတ်ဝေသော စာတစ်အုပ် (မြန်မာပြည် - ဒေါက်တာ ကျော်သက်ခိုင်)

(၄၅) အစာအိမ်တစ်ဝိုက်ဖြစ်တတ်သောရောဂါများ
လန့်ချိုပြီး အစာမကြေ လေအောင့်ဝေဒနာ ခံစားရ ၁၀၀ ကျပ် ( )
သူများအတွက် အထူး

(၄၆) အောင်မြင်ပြီးသော သစ်ခွစိုက်ပျိုးရေး
နိုင်ငံတကာဈေးကွက်၌ယှဉ်ပြီး ထုတ်လုပ်ရောင်းချနိုင်ရန်
လက်တွေ့ကျ စိုက်ပျိုးနည်းပေါင်းချုပ်
(ဒုတိယအကြိမ် ပုံနှိပ်ခြင်း) ၆၀ ကျပ် ( )

(၄၇) တေဇတို့ ရွှင်မြူးစရာ ဉာဏ်စမ်းပညာ
အတွဲ (၁)၊ အတွဲ (၂)
မူလတန်းကျောင်းသူ / ကျောင်းသားများ၊ မိဘများနှင့်အတူ
ဉာဏ်ရည်သွေးရန် လေ့ကျင့်ခန်းများနှင့် အဖြေများ ၆၀ ကျပ်စီ ( )

(၄၈) အရေးကြီးသော ရောဂါအချို့အတွက်
အကောင်းဆုံးကုထုံးကုနည်းများ၊
ပင်လယ်ကဲ့သို့ ကျယ်ဝန်းသော ဆေးပညာမှ
လက်တွေ့အသုံးချနိုင်မည့်ဆေးဝါးများနှင့် အသုံးပြုနည်းများ ၁၂၀ ကျပ် ( )

(၄၉) ကလေးရောဂါ ကုထုံးကုနည်းများ
ဒုတိယအကြိမ် ကွန်ပျူတာဖြင့် စာစီပုံနှိပ်ခြင်း
ပထမတွဲ၊ ဒုတိယတွဲ ၁၀၀ ကျပ်စီ ( )

(၅၀) ဆရာဇဝန၏ ဂန္ထဝင်ဝတ္ထု
ကောလိပ်ကျောင်းသား ပထမတွဲ ၁၀၀ ကျပ် ( )
ဒုတိယတွဲ ၁၀၀ ကျပ် ( )

ရှေးခေတ်တက္ကသိုလ်မြင်ကွင်းများ၊
တစ်ချိန်က ကျောင်းသားတို့၏
ဘဝစာတမ်းတို့နှင့်အတူ ပုံတွဲချဲ့ထွင် ပုံနှိပ်ထားသည်။

(၅၁) ဝိညာဉ် ရှိမရှိ သုတေသနမှတ်တမ်း ရုပ်ပုံပန်းချီ ဓာတ်ပုံများဖြင့်
တန်ဆာဆင်ထားသော ဘာသာပြန်သုတေသနမှတ်တမ်း ၁၀၀ ကျပ် ( )

(၅၂) ဝေါဟာရစာလုံးများ
အထက်တန်း၊ အလယ်တန်းကျောင်းသားကျောင်းသူများ စာအုပ်ဖတ်ရင်း
ဝေါဟာရစာလုံး တိုးပွားစေရန် မိနီအဘိဓာန် ၆၀ ကျပ် ( )

- စာတစ်အုပ်ပင် ဖြစ်ပါစေ။
စာအုပ်မှာကြားသူများထံ စာတိုက်မှတစ်ဆင့် VPP ဖြင့် အိမ်ကိုင်ရာရောက်ပို့ပေး ပါသည်။
- ဝယ်ယူပြီး စာအုပ်အပေါ် ကျေနပ်မှုမရှိပါက တိုက်တွင် လဲလှယ်နိုင်ပါသည်။ ငွေအပြည့် ပြန်အမ်းပါမည်။
စာတိုက်ပို့စရိတ်ကြီးမြင့်ပါ၍ ယာယီကာလ၌ DISCOUNT မပေးပါ။

တင်ရွှေစာပေ
၃၉၊ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင်၊ရန်ကုန်။

**တင်ရွှေစာပေ,** ၃၉, ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်။ ဖုံး– ၃၁၈၅၁
၁၉၉၅ နှစ်ဦးအချိန်မှာ ထွက်ပေါ်လာသည့် စာအုပ်သစ်များ

(၁) ဗုဒ္ဓ၏စွယ်တော်များ
စွယ်တော်သမိုင်း + သီရိလင်္ကာမှစွယ်တော် ပထမတွဲ ၁၀၀ ကျပ်
တရုတ်နိုင်ငံမှစွယ်တော်မှတ်တမ်းပြည့်ပြည့်စုံစုံ ဒုတိယတွဲ ၁၀၀ ကျပ်

(၂) ဆရာဝန်များလက်ခံသုံးစွဲသော ကမ္ဘာနှင့်မြန်မာ့ပရဆေး ဆေးပင်များ ၁၀၀ ကျပ်

(၃) အနာကြီးရောဂါဝေဒနာရှင်များ + ကျန်းမာရေးလုပ်သားများ
လက်စွဲကုသရေး + ခြေလက်မသန်မစွမ်းမဖြစ်ရအောင်
ကာကွယ်ရန်နည်းလမ်းများ ၁၂၀ ကျပ်

(၄) မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း
အထူးကြော်ငြာနေစရာမလိုသော စာအုပ်တွဲ
အတွဲ(၁၈) – ထိုင်းနိုင်ငံ ဇင်းမယ်ဒေသ
အတွဲ(၁၉) – လောနိုင်ငံ၌ ဗုဒ္ဓရုပ်ပွားကိုးကွယ်မှုသမိုင်း
အတွဲ(၂၀) – ဗီယက်နမ်နိုင်ငံနှင့် တိုင်ဝမ်နိုင်ငံ ၁၀၀ စီ

(၅) အရေးကြီးသောရောဂါအချို့အတွက် အကောင်းဆုံးကုထုံးကုနည်းများ
စာရေးသူ၏ မဂ္ဂဇင်းများ၌ ဖော်ပြပြီးဆောင်းပါးများ စုပေါင်းဖော်ပြချက်
ဖြည့်စွက်ချက်များနှင့်အတူ ၁၂၀ ကျပ်

(၆) ကူးစက်မြန်ရောဂါများ
ကာလဝမ်း, ပလိပ်, သွေးလွန်တုတ်ကွေး, AIDS တို့အကြောင်း ၁၂၀ ကျပ်

(၇) ဆရာ ဦးစံသင်းလှိုင်၏
အစိုးရ ပထမပြန်, အခြေပြုမူလတန်း ပုစ္ဆာနှင့်အဖြေများ

(၈) ဆရာသော်တာဆွေ၏ စာပေဆုရ ဝတ္ထုတိုပေါင်းချုပ်
ဝတ္ထုတိုရေးဆရာဖြစ်လိုသူများ အားထားစရာ လမ်းညွှန်ချက်တို့နှင့်အတူ

(၉) ဘုရားမြတ်ရွှေတိဂုံ ပထမတွဲ– ဘုရားဖူးများအတွက်
ဒုတိယတွဲ– အသေးစိတ်လေ့လာကြည်ညိုလိုသူများအတွက်

(၁၀) တေဇတို့အတွက် ဉာဏ်စမ်းပညာ
တတိယအကြိမ် ပြန်လည်ပုံနှိပ်ခြင်း
မူလတန်း ကျောင်းသူကျောင်းသားများ ဉာဏ်ရည်သွေးစရာ ပထမတွဲ ၇၀ ကျပ်
ဒုတိယတွဲ ၇၀ ကျပ်

(၁၁) သွေးအားနည်းရောဂါနှင့် အခြားသွေးနှင့်ပတ်သက်သော ပြဿနာအဖုံဖုံ ၁၀၀ ကျပ်

(၁၂) မြန်မာ့ဆေးလောကကို တည်ဆောက်ပေးခဲ့ကြသော ပညာရှင်များ
တက္ကသိုလ်စိန်ရတုကို ဂုဏ်ပြုကြို့ဆိုလျက်
မျိုးဆက်သစ်များ ထောက်ပံ့ရန်ပုံငွေအတွက်အထူးထုတ်ခြင်း ပထမတွဲ ၁၂၀ ကျပ်
ဒုတိယတွဲ ၁၂၀ ကျပ်

## မြန်မာ့အသံ စာပေမိတ်ဆက်ကဏ္ဍ
## မြန်မာနှင့် ကမ္ဘာ့ဆေးပင်များ

(အသံလွှင့်ရက် - ၂၀-၉-၉၅ ရက် / ပြန်လွှင့်ရက် - ၂၁-၉-၉၅ ရက်)

အခုနောက်ဆုံး မိတ်ဆက်တင်ပြမယ့်.... စာအုပ်တစ်အုပ်ကတော့ စာရေးဆရာ၊ ဆေးပညာရှင် ဆရာဝန်တင်ရွှေ စုဆောင်းပြုစုရေးသားတဲ့ ဆရာဝန်များ လက်ခံသုံးစွဲသော "မြန်မာနှင့် ကမ္ဘာ့ဆေးပင်များ" စာအုပ်ဖြစ်ပါတယ်။ ဆရာဝန်တင်ရွှေဟာ မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်းစာအုပ်များအပါအဝင်.. ထေရဝါဒ ဗုဒ္ဓဘာသာစာပေများကို ရေးသားထုတ်ဝေဖြန့်ချိခဲ့သလို၊ တစ်ဖက်ကလည်း သုတရသစာအုပ်များ၊ ခေတ်မီ တိုးတက်တဲ့ဆေးပညာပေးစာအုပ်များကို ကြိုးပမ်းရေးသားပြုစုနေသူ စာပေပညာရှင် စာရေးဆရာ ဖြစ်ပါတယ်။

အခုလည်း ဒီကနေ့ခေတ်ကာလမှာ.... ကမ္ဘာ့ဆေးပညာနဲ့ မြန်မာ့ဆေးပညာလောကမှာ ဘယဆေးပင် များဘက်ကို ပိုပြီးနေရာပေးဦးလှည့်သင့်တဲ့အတွက်၊ အခြေအနေနဲ့ အချိန်အခါက.... တောင်းဆိုလိုက်တဲ့.... "ဆရာဝန်များ လက်ခံသုံးစွဲသော မြန်မာနှင့် ကမ္ဘာ့ဆေးပင်များ" စာအုပ်ကို ရေးသားထုတ်ဝေလိုက်ပါတယ်။

ဒီစာအုပ်ထဲမှာ အခန်း (၁) ကမ္ဘာပေါ်မှအကျော်ကြားဆုံး ဘယဆေးပင်အချို့.... အခန်း (၄)၊ စောင် ရေ ၄ သန်းထုတ်ဝေပြီး ဥရောပမှာ ဘယဆေးစာအုပ်မှ ကောက်နှုတ်ချက်နဲ့ အခန်း (၅) မြန်မာနိုင်ငံ၌ ဝယ်ယူရရှိနိုင်သော အနောက်တိုင်းမှ ဘယဆေးနမူနာအချို့ အစရှိသဖြင့် အခန်းကဏ္ဍ (၅) ခုကို ဖော်ပြ ရေးသားထားပါတယ်။

ဒီစာအုပ်ကို ၁၉၉၅ ခု၊ ဇွန်လမှာ.... အုပ်ရေ (၁) ထောင် ပုံနှိပ်ပြီး၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်း၊ အမှတ် (၃၉) တင်ရွှေအော့ဖ်ဆက် စာပေတိုက်က ပြည်လုံးကျွတ်ဖြန့်ချိပါတယ်။ စာ အုပ်တစ်အုပ်ရဲ့ တန်ဖိုးက ကျပ်ငွေ ၉၀ိ/ ဖြစ်ပါတယ်။ အခု ဆယ်စုနှစ်အတွင်းမှာ ဆေးသိပ္ပံပညာရှင်များဟာ- .... သူတို့ဖော်စပ်ထုတ်လုပ်ပြီးဖြစ်တဲ့ ပဋိဇီဝဆေးများအပေါ်.... ရောဂါပိုးတွေက တစ်နေ့တခြား ယဉ်ပါး မှုပြုလာပြီး ရောဂါပိုးကို ထိုးဖောက်ချေမှုန်းနိုင်စွမ်းမရှိတာ တွေ့လာကြပါတယ်။ တချို့နေရာတွေမှာ ဒီ ရောဂါပိုးကို တွေ့ရပေမယ့် သူတို့ကို သတ်နိုင်စွမ်းအားရှိတဲ့ဆေး ရှာမရ ဖြစ်နေကြပါတယ်။

အခုအခါ ကမ္ဘာသူကမ္ဘာသားအားလုံးကို ခြိမ်းခြောက်နေတဲ့ အနာသာ:ရှိပြီး ၎င်းကိုကုဖို့ဆေးမရှိတဲ့ "အေအိုင်ဒီအက်(စ်)"ရောဂါကိုပင် တိုင်းရင်းဆေးအပင်နဲ့ ကုသဖို့ သုတေသနပြု ကြိုးပမ်းလျက်ရှိပါပြီ။ ဒဗလျူအိပ်ချ်အို (W.H.O) ...(ခေါ်) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပင် မားမားမတ်မတ် ရပ်တည်အားပေး နေပါပြီ။

ကျွန်တော်တို့နိုင်ငံမှာ....မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ဘယဆေးပင်များရဲ့တန်ဖိုးကြီးမားအရေးပါမှု ဟာ ရှေးမြန်မာသမိုင်းဦးအဖကတည်းက အခန်းကဏ္ဍကြီးတစ်ရပ်အဖြစ် မှတ်တိုင်ထူခဲ့ပါတယ်။

အဆိပ်ဖြေဆေးအဖြစ်သုံးတဲ့.... ကချင်ပြည်နယ်ပေါက် ဆေးပင်တစ်မျိုးဖြစ်တဲ့ "မရှော့ပင် မရှော့ရွက် ဟာ" မြန်မာ့ဘယဆေးပင်လောကမှာ နာမည်ကြီးလှပါတယ်။

အခု ဒီစာအုပ်ထဲက အခန်း (၂) "ဆရာဝန်များ လက်ခံသုံးစွဲသော....မြန်မာ့ဆေးပင်များ အကြောင်း ရေးသားချက်ထဲမှ.... "ဆူးပန်းပင်၊ ဆူးပန်းဆီ" အကြောင်းကို မိတ်ဆက်တင်ပြပါမယ်။

ဆရာဝန်များ လက်ခံသုံးစွဲသော မြန်မာနှင့်ကမ္ဘာ့ဆေးပင်များ.... စာအုပ်ဟာ ဖတ်ရှုလေ့လာရတာ စိတ်ဝင်စားဖွယ် ကောင်းလှသလို.... ဒီစာအုပ်ရဲ့ခေါင်းစဉ်ထဲမှာ.... အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေတဲ့ ကမ္ဘာ့ (ဘယ)ဆေးပင်များအကြောင်းကိုလည်း အဓိကထား လေ့လာဖတ်အပ်ပါတယ်။ အခု အခန်း (၃) "ဆရာဝန်များ လက်ခံသုံးစွဲသော ကမ္ဘာ့ဆေးပင်များအကြောင်း:" တင်ပြချက်ထဲမှ ကမ္ဘာက လက်ခံဖော်စပ် သုံးစွဲနေတဲ့ "ယူကလစ်ပင်အကြောင်းနဲ့ သူ့ရဲ့အစွမ်းအာနိသင်" ကို ဆက်လက်တင်ပြပါဦးမယ်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က

စတင်ပေါ်ပေါက်ခဲ့ပြီး ယနေ့တိုင်

အနောက်တိုင်း၌ ခေတ်စားနေသော

ဗေဒင်ပညာတစ်မျိုး




Class
Autho
Acces